# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၁၂) ရက် ၊ စနေနေ့ ၊ (31-8-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၂၃)


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များကို တွေ့ဆုံအမှာစကားပြောကြား






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များကို တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၃၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဒေသဆိုင်ရာအချက်အလက်များနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြ

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးဆိုင်ရာအချက်အလက်များ၊သီးနှံများစိုက်ပျိုးလျက်ရှိမှုနှင့် သီးထပ်သီးနှံစိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိမှု၊ စပါးထွက်ရှိမှုနှင့် ဒေသဝမ်းစာဖူလုံမှု၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံစိုက်ပျိုးဖြစ်ထွန်းလျက်ရှိမှု၊ စက်မှုကုန်ကြမ်းသီးနှံနှစ်အလိုက် စိုက်ပျိုးလျက်ရှိမှု၊

**စာမျက်နှာ ၁၆ ကော်လံ ၁**




ရတနာပုံ
၂၀၂၄ ခုနှစ် ဩဂုတ် ၃၁ ရက်
အယ်ဒီတာ့အာဘော်

# လူ့ဘောင်တစ်ခွင်အဂတိကင်းစင်ရေး ပူးပေါင်းတိုက်ဖျက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများတွင် နိုင်ငံ့ဝန်ထမ်းများ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများ တိုးပွားလာစေရန်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးရှင်းလင်းပွဲများ ကျင်းပဖော်ဆောင်လျက်ရှိသည်။ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဟူသော ဆောင်ပုဒ်ရှိသည်နှင့်အညီ နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားကောင်းမွန်သန့်ရှင်းရေးအတွက် ဝန်ထမ်းများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်ဖြစ်ရာ ဝန်ထမ်းတိုင်း အဂတိကင်းရှင်းပါက နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပေသည်။

နိုင်ငံတွင်းရှိ အစိုးရဌာနများ၊ အဖွဲ့အစည်းများသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အသိအမြင်မှန်လာပြီး အကျင့်မှန်ကန်လာရေး၊ အဂတိတရားများကို မစင်ကဲ့သို့ ရွံရှာစက်ဆုပ်ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်မှုကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူဆောင်ရွက်ပါက နိုင်ငံအတွင်း သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖြစ်ထွန်းကာ ဖွံ့ဖြိုးတိုးတက်သာယာလာမည်ပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်နှင့်ပြည်သူကြားက ပေါင်းကူးတံတားများဖြစ်သော နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူများ၏ယုံကြည်မှုများ ရရှိစေရေးအတွက် အဂတိတရားကင်းရှင်းကြရမည်။ ဝန်ထမ်းစည်းကမ်း၊ ကျင့်ဝတ်များကို အလေးထားလိုက်နာကြရမည်ဖြစ်ပါသည်။

အဂတိလိုက်စားမှုသည် အများပြည်သူအကျိုးစီးပွားဆောင်ရွက်ရန် မိမိကိုယုံကြည်အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုအသုံးချပြီး မိမိအကျိုးစီးပွားအတွက် အလွဲသုံးစားပြုလုပ်ခြင်းဖြစ်သည်။ အဂတိလိုက်စားမှုကြောင့် ဝန်ထမ်း သို့မဟုတ် တာဝန်ရှိသူတို့၏ အကျင့်စာရိတ္တများပျက်စီးလာနိုင်ပြီး မျှတမှုရှိသည့် ယှဉ်ပြိုင်လိုစိတ်များ လျော့နည်းလာသကဲ့သို့ တစ်ဦးချင်းစီ၏ ကိုယ်ရည်ကိုယ်သွေးများပါ ကျဆင်းလာမည်ဖြစ်သည်။ ထို့ပြင် အဂတိလိုက်စားမှုသည် ကိုယ်ကျင့်တရားပျက်ယွင်းခြင်းဖြစ်ပြီး အကျိုးအမြတ်တွက်ချက်၍ ကျူးလွန်သည့်ရာဇဝတ်မှုဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရနှင့်မိမိတာဝန်ခံအဖွဲ့အစည်းအပေါ် အများပြည်သူကယုံကြည်မှုပျက်ပြားပြီး အများပြည်သူ၏အခွင့်အရေးနှင့် အကျိုးစီးပွားများကို ကြီးမားစွာထိခိုက်နစ်နာမှုဖြစ်ပေါ်စေသည်။

အဂတိလိုက်စားမှုပြဿနာများသည် ကမ္ဘာတစ်ဝန်း၌ အစိုးရပိုင်း၊ ပုဂ္ဂလိကပိုင်း၊ အမြတ်အစွန်းအတွက်မဟုတ်သော ကုသိုလ်ဖြစ်လူ့ဒါန်းရေးအဖွဲ့များ၊ နိုင်ငံရေးနယ်ပယ်များတွင် ယခင်ကာလများထက် ပိုမိုပတ်သက်ပါဝင်လာလျက်ရှိသည်။ ထို့ကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ဥပဒေ၊ မူဘောင်များနှင့်အညီ ကြပ်မတ်ထိန်းသိမ်းသည့်နည်းတူ ဝန်ထမ်းများ၏ စည်းကမ်း၊ ကျင့်ဝတ်များ လိုက်နာမှုတိုးတက်မှုရှိလာရေးကိုလည်း အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတွင်း၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တစ်ခုတည်းလုပ်ဆောင်မှုဖြင့် အောင်မြင်ပြီးမြောက်နိုင်မည်မဟုတ်ဘဲ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပြည်သူများကပါ ပူးပေါင်းလက်တွဲမှသာ အောင်မြင်မှုရရှိနိုင်ပေမည်။ အဂတိကင်းစင်သော လူ့အသိုင်းအဝိုင်းဖြစ်လာရေးအတွက် ရှိနေဆဲအဂတိလိုက်စားမှုများ လျော့ပါးစေရန် စုံစမ်းစစ်ဆေးအရေးယူမှုများ ထိရောက်မှန်ကန်စွာဆောင်ရွက်ရမည့်နည်းတူ အစိုးရ၊ အဖွဲ့အစည်း၊ ပြည်သူများ တက်ညီလက်ညီ ပူးပေါင်းတိုက်ဖျက်ကြခြင်းဖြင့် အဂတိလိုက်စားမှုကို လက်မခံသော၊ ဖြောင့်မတ်တည်ကြည်မှုရှိသော၊ အဂတိတရားကင်းစင်သော လူမှုအသိုက်အဝန်းတစ်ခုကို ဂုဏ်သိက္ခာရှိရှိဖော်ဆောင်သွားနိုင်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားအပ်ပါသည်။

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၉၇၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ရွှေဘို ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၉၇၀၀ ထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးကြိုပဲတီစိမ်း ၁၀၂၀၄ ဧကနှင့် မိုးပဲတီစိမ်း၁၆၄၆ ဧက စုစုပေါင်း ဧက ၁၁၈၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးကြိုပဲတီစိမ်း ၅၄၉၇ ဧကနှင့်မိုးပဲတီစိမ်း ၄၂၀၃ ဧက စုစုပေါင်း ဧက ၉၇၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ရွှေဘိုမြို့နယ်အတွင်း ပဲတီစိမ်း ဧက ၁၁၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၉၇၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိတယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ပညာပေးတာတွေရှိတယ်"ဟု ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မန္တလေးဈေးကွက်အတွင်း မြင်းမူဘက်မှထွက်ရှိသည့်ဂျုံများ အရောင်းအဝယ် ကောင်းမွန်လျက်ရှိ



**မန္တလေး ဩဂုတ် ၃၀**

မန္တလေးဈေးကွက်အတွင်း မြင်းမူဘက်မှထွက်ရှိသည့် ဂျုံများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

မြင်းမူဘက်မှအရည်အသွေးကောင်းမွန်သည့်ဂျုံများ မန္တလေးဈေးကွက်အတွင်း ပြန်လည်ဝင်ရောက်လာကြောင်း၊ ၎င်းဂျုံများကို မန္တလေးဈေးကွက်အတွင်း ကုန်သည်များကဝယ်ယူမှု ယခင်ကထက်ပိုမိုများပြားလာပြီး အရောင်းအဝယ်ပြန်လည်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"မြင်းမူဘက်ကနေ အရည်အသွေးကောင်းမွန်တဲ့ဂျုံတွေကို မန္တလေး၊ ရန်ကုန်၊ တောင်ကြီးမြို့အပြင် အခြားမြို့တွေကပါ မှာယူမှုပြန်ပြီးများလာတယ်။ မြင်းမူဘက်ကဂျုံတွေကို မှာယူမှုပြန်ပြီးများလာတာကြောင့် အရောင်းအဝယ် ပြန်ကောင်းလာပါတယ်"ဟု အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း မြင်းမူဘက်မှထွက်ရှိသည့်ဂျုံများ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် ယနေ့ပေါက်ဈေးအရ ပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

မြင်းမူဘက်မှထွက်ရှိသည့် အရည်အသွေးကောင်းမွန် သည့်ဂျုံများကို မြို့နယ်အသီးသီးက မှာယူမှု များပြားလာကြောင်း၊ ထို့ပြင် မုံရွာနှင့်တောင်သာဘက်မှ ထွက်ရှိသည့်ဂျုံများလည်း မန္တလေးဈေးကွက်အတွင်း ပုံမှန်အတိုင်း အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ မြင်းမူဘက်မှထွက်ရှိသည့်ဂျုံများမှာ အရောင်းအဝယ်အကောင်းဆုံးအနေအထားတွင် ရှိနေကြောင်း သိရသည်။

(၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဩဂုတ် ၃၀**

မန္တလေး အိမ်ခြံမြေဈေးကွက်တွင် တစ်နိုင်တစ်ပိုင်ရင်းနှီးမြှုပ်နှံလိုသူများက ခိုင်မာမှုရှိသည့် အိမ်ခြံမြေဈေးကွက်သို့ ဦးလှည့်လာကြသဖြင့် ကြိုက်ရောင်း ကြိုက်ဝယ် အနေအထားဖြစ်နေသော်လည်း မြို့နယ်တိုင်းရောင်းချလိုမှုများနေကာ အဝယ်နည်းနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

လက်ရှိတွင် အငှားဈေးကွက်ဖြစ်နေသေးပြီး မြို့စွန်ရပ်ကွက်များနှင့်ကျေးရွာများထိ ငှားရမ်းလိုမှု ပို၍မြင့်တက်နေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

"ဈေးကွက်က လှုပ်လာတယ်ဆိုပေမဲ့ သိသိသာသာအရောင်းအဝယ်ဖြစ်တာမျိုးတော့ နည်းသေးတယ်။ ပိုင်ဆိုင်မှုမခိုင်မာတဲ့မြေ၊ မြေကွက်အကျယ်၊ နေရာ အကွက်အကွင်းကောင်းတာလေးတွေတော့ အဝယ်လိုက်တယ်လို့ ပြောရမှာပေါ့။ နေရာကအတွင်းပိုင်းကျပြီး လမ်းမသင့်တာ၊ လူနေနည်းပြီး အဆောက်အအုံဆောက်လုပ်ဖို့ အခက်အခဲရှိတဲ့နေရာတွေကတော့ စိတ်ဝင်စားမှုနည်းတယ်။ အဲဒီလိုမြေတွေ ဝယ်ယူထားမိတဲ့ သူတွေကတော့ အရှုံးခံပြီး ပေါက်ဈေးထက်လျှော့ရောင်းတာတောင် အရောင်းအဝယ်ဖြစ်တာနည်းတယ်"ဟု ချမ်းမြသာစည်မြို့နယ်မှ အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးက ပြောပြသည်။

ငှားရမ်းရမှုများတွင် လူနေထိုင်မှုနှင့် ဆိုင်ခန်းဖွင့်လှစ်ရန် ကောင်းမွန်သည့် အဓိကလမ်းမကြီးများပေါ်ရှိ အဆောက်အအုံပါ နေရာများ၊ ဈေး၊ ကျောင်းနှင့်နီးသော ရပ်ကွက်များအပြင် မြို့စွန်ရပ်ကွက်များနှင့် ကျေးရွာများတွင် ငှားရမ်းရန်ဆောက်လုပ်ထားသည့် အခန်းတွဲများပါ ငှားရမ်းနေရကြောင်း၊ ငှားရမ်းမှုဈေးနှုန်းများ အနေဖြင့်လည်း တစ်လလျှင် ငွေကျပ် ၈၀၀၀၀ မှ ၅၀၀၀၀၀ ခန့်ထိရှိနေကြောင်း သိရသည်။

ချမ်းမြသာစည်မြို့နယ် အရှေ့ခြမ်းရှိ အကွက်ရိုက်မြေကွက်များ၊ အမရပူရမြို့နယ်မှ အကွက်ရိုက်မြေကွက်များ၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်မှ ပေ(၂၀x၄၀)၊ ပေ(၃၀x၄၀)၊ ပေ (၄၀x၄၀) အကျယ်ရှိ အကွက်ရိုက် မြေကွက်များကို အခြေခံလူတန်းစားများ ဝယ်ယူမှုအများဆုံးဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း(မြို့သစ် ၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ်သိန်း ၂၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၈၀၀ နှင့်အထက်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင် ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၇၀၀ နှင့်အထက်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ် သိန်း ၅၀၀ နှင့်အထက်ရှိကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးထံမှ သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တပ်ကုန်းမြို့နယ် ကျားသေအိုင်ကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

နေပြည်တော် ဩဂုတ် ၃၀

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျားသေအိုင်ကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေးက အမှာစကားပြောကြားသည်။

ဆက်လက်၍ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၂၉၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျားသေအိုင်ကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦး စုစုပေါင်း အသင်းသား ၁၂၃ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၂၉၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သူသူ



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၆၇လမ်းနှင့် ၁၀၂ A လမ်းထောင့်နေ ကျန်ရစ်သူမိသားစုက မိဘနှစ်ပါးဖြစ်သော ဦးချစ်စိန်-ဒေါ်ကြည်ကြည်နှင့် မောင်ဖြစ်သူ ကိုရွှေမောင် (ခ) ကိုထွန်းထွန်းတို့အား ရည်စူး၍ ဆွမ်း၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြု အဖွဲ့ခေါင်းဆောင် သုခမ္မမဏိဇောတဓရ ဦးစိုးလင်း၊ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၁၁၁၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မုံရွာ ဩဂုတ် ၃၀

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၁၁၁၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ဧက ၇၅၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၁၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းတိုင်းဒေသကြီးမှာ ထောပတ်ပဲ ဧက ၇၅၅၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၁၁၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်နေပါတယ်။ ထောပတ်ပဲသီးနှံစိုက်ပျိုးမှုကတော့ ဖြစ်ထွန်းအောင်မြင်ကြပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြသည်။

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးတွင် ခရိုင်အလိုက်ထောပတ်ပဲ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာခရိုင်တွင် ၁၄၈ ဧက၊ ကန့်ဘလူခရိုင်တွင် ၇၇၅ ဧကနှင့် စစ်ကိုင်းခရိုင်တွင် ၁၈၉ ဧက စုစုပေါင်း ၁၁၁၂ ဧကတို့ဖြစ်ကြောင်း သိရသည်။

မိုးသီးနှံ စိုက် ပျိုး ရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီးတွင် ထောပတ်ပဲစိုက်ပျိုးရန်အတွက် ခရိုင်အလိုက်လျာထားမှုအနေဖြင့် မုံရွာခရိုင်တွင် ဧက ၄၇၀၊ ယင်းမာပင်ခရိုင်တွင် ဧက ၁၇၀ ၊ရွှေဘိုခရိုင်တွင် ၃၀၂၅ ဧက၊ ရေဦးခရိုင်တွင် ဧက ၂၀၀၀၊ ကန့်ဘလူခရိုင်တွင် ဧက ၈၀၀ နှင့်စစ်ကိုင်းခရိုင်တွင် ၁၀၈၅ ဧက စုစုပေါင်း ၇၅၅၀ ဧကတို့ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများက ထောပတ်ပဲသီးနှံများကို သီးသန့်စိုက်ပျိုးကြသကဲ့သို့ အချို့တောင်သူများက အပိုဝင်ငွေရရှိစေရန်အတွက် သီးညှပ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မလှိုင်မြို့နယ် ထန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မလှိုင် ဩဂုတ် ၃၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖျောက်ဆိပ်ကျင်းကျေးရွာအုပ်စု ထန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီးလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထန်းတောကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ခုနစ်သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၂၈ ဒသမ ၆၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၁ ဒသမ ၃၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၁ ဦးကို ငွေကျပ် ၃၇ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း မင်းရောစပါးတင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

ပန်းတနော် ဩဂုတ် ၃၀

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း မင်းရောစပါးတင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်အေးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်းက မင်းရောစပါးတင်ရေ ၄၂၀၀၀ ထိသာ တင်ပို့ ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ မင်းရောစပါးတင်းရေ ၇၀၀၀၀ ထိတင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ စပါးများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှု များပြားလျက်ရှိကြောင်း သိရသည်။

''ပန်းတနော်မြို့နယ်ကနေ မင်းရောစပါးအမျိုးအစားတွေကို ရန်ကုန်ဈေးကွက်ထဲ အဓိကထားတင်ပို့ရောင်းချပါတယ်။ မင်းရောစပါးတွေကို ဇူလိုင်လပထမပတ်လောက်ကနေစတင်ပြီး အရောင်းအဝယ်ကောင်းလာပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းစပါးဝယ်လိုအားတက်ခဲ့ပါတယ်။ ဆန်ကွဲတွေကိုပွဲရုံပိုင်ရှင်တွေက အဆက်မပြတ်တင်ပို့ရောင်းချနေပါတယ်။ ပန်းတနော်မြို့နယ်ကနေ ဆန်ကွဲတွေကိုကုန်းလမ်း ကြောင်းကနေကုန်တင်ကားတွေနဲ့ အဓိက တင်ပို့ရောင်းချနေပါတယ်။ အခက်အခဲမရှိ အဆင်ပြေပြေတင်ပို့ရောင်းချနေရလို့အဆင်ပြေပါတယ်''ဟု ပန်းတနော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်အေးကပြောသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် မင်းရောစပါးတင်းရေ ၁၀၀ လျှင်ငွေကျပ် ၁၈ သိန်းထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးအမျိုးအစားများ တင်ပို့မှုများပြားလာခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေးကုန်သည်များ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိနေကြောင်း ပန်းတနော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်အေးထံမှ သိရသည်။

ကျော်ကျော်လင်း



# ဝဥအကြောင်း သိကောင်းစရာ အပိုင်း(၁)

ဒေါက်တာလပြည့်ခင်

"ဝဥ" ကိုသိတဲ့သူရှိသလို မသိတဲ့သူတွေလဲရှိနိုင်ပါတယ်။ "ဝဥ" ကိုနောက်တစ်မျိုးအနေနဲ့ "ဖျံဥ" လို့လဲခေါ်ကြတယ်။ "ဝဥ" ဆိုတာကအာဟာရပြည့်ဝတဲ့သစ်ဥသစ်ဖုတစ်ခုပါ။ "ဝဥ" ကိုအင်္ဂလိပ်လို Elephant Foot Yam သို့မဟုတ် White Yam သို့မဟုတ် Telingo လို့ခေါ်တယ်။ "ဝဥ" ရဲ့မျိုးရင်းက Araceae ဖြစ်ပြီး မျိုးစုက Amorphophallus မျိုးစိတ်က A. konjac ဖြစ်တာကြောင့် ဒွိနာမ အနေနဲ့ Amorphophallus Konjac လို့ခေါ်တယ်။ ရုက္ခဗေဒအမည်အနေနဲ့ Amorphophallus Companuatus ဖြစ်တယ်။ ဒွိနာမဆိုတာ နှစ်လုံးသုံးအမည်ပေးစနစ် (Binomial Nomenclature) လို့ခေါ်တဲ့ သက်ရှိမျိုးစုတို့ရဲ့ တရားဝင်အမည်ပေးစနစ်ဖြစ်ပြီး အမည်တစ်ခုမှာ အပိုင်းနှစ်ပိုင်းပါဝင်တယ်။ ပထမပိုင်းက မျိုးစု (Genus)ကို ရည်ညွှန်းပြီး ဒုတိယပိုင်းက မျိုးစိတ် (Species)ကို ရည်ညွှန်းတယ်။ အင်္ဂလိပ်ဘာသာမှာ Binominal Nomenclature သို့မဟုတ် Binary Nomenclature လို့လဲ ခေါ်ဝေါ်ကြပြီး လက်တင်အမည် (Latin Name) သို့မဟုတ် သိပ္ပံအမည် (Scientific Name) လို့လဲ ရည်ညွှန်းကြတယ်။ ကမ္ဘာပေါ်မှာ "ဝဥ"မျိုးစိတ်ပေါင်း ၁၃၀ ခန့်ရှိတဲ့ အနက် ၁၂ မျိုးလောက်သာ ဖော်ထုတ်သုံးစွဲနေကြောင်း လေ့လာသိရှိရတယ်။

**ဝဥပင်ရဲ့အပွင့်၊ အရွက်များပုံသဏ္ဌာန်**

ဖော်ထုတ်သုံးစွဲနေတဲ့ "ဝဥ"အပင်မျိုးစိတ်ပေါင်း ၁၂မျိုးထဲက A.conjak မျိုးနဲ့ A.campanulatus မျိုးစိတ်နှစ်မျိုးက အာနိသင်အကောင်းဆုံးဖြစ်လို့ နိုင်ငံခြားကဝယ်ယူလိုတဲ့မျိုးတွေဖြစ်တယ်။ "ဝဥ" ပင်က ဥရှိတဲ့အပင်မျိုးဖြစ်ပြီး အမြင့် နှစ်ပေမှ လေးပေလောက်ရှိတယ်။ မိုးရွာတာနဲ့တစ်ပြိုင်နက်တည်းမှာ အစို့လေးတွေထွက်လာတယ်။ အပင်ပေါက်ပြီးထွက်လာတဲ့ရွက်လွှဲကရွက်ပြားကျယ်ပြန့်ပြီး အလျား တစ်ပေမှ သုံးပေထိရှိတယ်။ ရွက်ညှာတံကချောမွတ်ပြီး စိမ်းမှိုင်းတဲ့အရောင်နဲ့ အစက်အပြောက်တွေပါရှိတယ်။ လက်ဝါးရွက်ပေါင်းဖြစ်ပြီး ရွက်ထိပ်ချွန်ကာ ရွက်မြွာ သုံးမြွာမှ ငါး မြွာထိရှိတယ်။ လေးနှစ်၊ ငါးနှစ်သားကျော်ရင် ပွင့်တံထွက်လာတယ်။ မြေပြင်ပေါ်ကို ဥကနေပြီး တစ်ပေ၊ နှစ်ပေနဲ့ထိရှိတဲ့ အစက်အပြောက်တွေရှိတဲ့ ရိုးတံထွက်လာတယ်။ အဲဒီရိုးတံပေါ်မှာ အကျယ် ၁၁/၂-၂ ပေ နီးပါးနဲ့ အလျား ၁၅ လက်မခန့်ရှည်တဲ့ အလွန်ကြီးမားပြီးကတော့ သို့မဟုတ် ခေါင်းလောင်းပုံသဏ္ဌာန်ရှိတဲ့ လှိုင်းထပြီး တွန့်နေတဲ့ ပွင့်ကာရွက်အုပ်ရှိတယ်။ ပွင့်ကာရွက်အုပ်တစ်ခုလုံးရဲ့အနားတစ်ဝိုက်က နီညိုရောင်ဖြစ်ပြီး အောက်ဘက်မှာ အဖြူစက်တွေရောနှောနေတဲ့ မီးခိုးရောင်ဖြစ်လာကာ ကတော့ပုံသဏ္ဌာန်အတွင်းထဲမှာတော့ ခရမ်းရင့်ရောင်ဖြစ်သွားတယ်။ အလွန်ပြင်းထန်တဲ့အနံ့ရှိတယ်။ အပွင့်ကလေးတွေက အလွန်သေးငယ်ပြီး ၁၀ လက်မ ကနေ ၁၂ လက်မထိ အရှည်ရှိတဲ့ ပွင့်ခိုင်ရိုးတံပေါ်မှာ စီတန်းပြီးပွင့်ကြတယ်။ ပွင့်ခိုင်ရိုးတံပေါ်မှာပြောင်းဖူးနဲ့ပုံစံတူတဲ့အသီးလေးတွေ စီတန်းပြွတ်သိပ်ပြီးသီးတယ်။ အသီးနုတုန်းမှာ အစိမ်းရောင်ဖြစ်ပြီး အသီးတွေရင့်မှည့်လာတဲ့အခါ လိမ္မော်နီရောင်ကိုပြောင်းသွားတယ်။

**Conjak ဝဥမျိုးစိတ်နဲ့ Campanulatus ဝဥမျိုးစိတ်**

ပြည်ပနိုင်ငံတွေက အကြိုက်များတဲ့ Conjak "ဝဥ" မျိုးနဲ့ Campanulatus "ဝဥ" မျိုးစိတ်တွေက အခြား "ဝဥ" မျိုးတွေနဲ့ မတူတဲ့အချက်တွေရှိတယ်။ Conjak မျိုးက ရိုးတံစိမ်းပြီး ဥရဲ့အရောင်က ပန်းရောင်အနုဖြစ်တယ်။ အစေ့အိမ်တွေပိုမိုများပြားစွာပါဝင်ပြီး အရွက်မှာ "ဝဥ" ပုံလိုမျိုးပွားဖို့ဥငယ်ကလေး(ဂလင်း)တွေရှိတယ်။ Campanulatus မျိုးရဲ့ရိုးတံကချောမွတ်ပြီး အဖြူကွက်လေးတွေ အနည်းငယ်ပါတယ်။ "ဝဥ"ရဲ့ အရောင်ကအဝါနုရောင်ဖြစ်ပြီး အစေ့အိမ်တွေပိုမိုများပြားစွာပါဝင်ပေမဲ့အရွက်မှာ Conjak လိုမျိုးပွားဖို့ ဥငယ်ကလေးတွေမပါဘူး။ သို့သော်လည်း ကြီးရင့်လာတဲ့"ဝဥ"တွေမှာ ဥကနေသားတက်တွေ ထွက်ပေါ်လေ့ရှိတယ်။ Conjak မျိုးကအေးမြတဲ့ရာသီဥတုရှိတဲ့တောင်ပေါ်ဒေသတွေမှာပေါက်ရောက်ရှင်သန်ပြီး Campanulatus မျိုးကတော့ ရာသီဥတုမျှတမှုရှိတဲ့ တောင်ပေါ်ဒေသတွေမှာပဲ ပေါက်ရောက်တယ်။ "ဝဥ"က သဘာဝအလျောက်ပေါက်ရောက်ပြီး အစေ့က မျိုးပွားနိုင်သလို ဥကဖြာထွက်တဲ့ အမြစ်တွေကနေဖြစ်ပေါ်လာတဲ့ ဥကလေးတွေကနေလဲ မျိုးပြန့်ပွားကြတယ်။



**ဝဥထွက်တဲ့အရပ်နဲ့ ဝဥအမျိုးအစားများ**

"ဝဥ" ရဲ့ မူရင်းဒေသက အရှေ့တောင်အာရှဖြစ်ပြီး အပူပိုင်းအာရှနှင့်အာဖရိကဒေသတွေမှာ "ဝဥ"အပင်တွေ သဘာဝအလျောက်ပေါက်ရောက်ဖြစ်ထွန်းမှုရှိပြီး အအေးပိုင်းဒေသတွေနဲ့ တောင်ပေါ်ဒေသတွေမှာဆိုရင် စနစ်တကျစိုက်ပျိုးဖြစ်ထွန်းမှုရှိတဲ့ အပင်တစ်မျိုးဖြစ်တယ်။ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးတို့ရဲ့ အချို့ဒေသတွေမှာ သဘာဝပေါက်ပင်အဖြစ်ပေါက်ရောက်တယ်။ စိုက်ပျိုးရလွယ်ကူပြီး ဝင်ငွေတိုးစေတဲ့ Aracac (ခေါ်) ပိန်းမျိုးရင်း တစ်မျိုးဖြစ်တဲ့ "ဝဥ"ပင်တွေကို စီးပွားဖြစ်စိုက်ပျိုးလေ့ရှိကြတယ်။ "ဝဥ" ရဲ့ အတွင်းသားက အဖြူရောင်၊ ပန်းရောင်၊ အဝါရောင်နဲ့ အနီရောင်ဆိုပြီးတော့ အရောင်လေးရောင်တွေ့ရတယ်။ မြန်မာနိုင်ငံမှာဆိုရင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်ကထွက်တဲ့ "ဝဥ"ကအဝါရောင်မျိုးဖြစ်ပြီး ချင်းပြည်နယ်က"ဝဥ" ကပန်းရောင်မျိုး၊ ပဲခူးရိုးမက "ဝဥ"အနီမျိုးနဲ့ "ဝဥ" အဖြူမျိုးတို့ထွက်ကြတယ်။ "ဝဥ" အဖြူမျိုးနဲ့ အဝါမျိုးက ချက်ချင်းချက်ပြုတ်စားနိုင်ပြီး "ဝဥ"အနီမျိုးကယားယံတတ်တယ်လို့သိရှိရပါတယ်။ မြန်မာနိုင်ငံဈေးကွက်မှာ "ဝဥ" အနီရောင်ကပထမတန်းစား၊ အဝါရောင်က ဒုတိယတန်းစားနဲ့အဖြူရောင်က တတိယတန်းစားအနေနဲ့ အရောင်အဝယ်ပြုလုပ်ကြတယ်လို့သိရတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နဲ့ချင်းပြည်နယ်တို့မှာ "ဝဥ" ကို စီးပွားဖြစ်စိုက်ပျိုးကြပြီး ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းမှာရှိတဲ့ ရွှေတောင်မြို့လေးမှာလဲ "ဝဥ"တွေ အများအပြား စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိတာတွေ့ရပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကသာ၊ အင်းတော်၊ ဗန်းမောက်၊ ပင်လည်ဘူး၊ ကောလင်း၊ ဝန်းသို၊ ကလေး၊ ဖောင်းပြင်မြို့တို့ရဲ့ တောတောင်တွေမှာ "ဝဥ" အဖြူရောင်မျိုးစိတ်တွေကို သဘာဝပေါက်ပင်အဖြစ် တွေ့ရှိရတယ်။ စိုက်ပျိုးသူအများစုက ချင်းပြည်နယ်ကထွက်တဲ့ ပန်းရောင် "ဝဥ" မျိုးကိုပိုကြိုက်ကြပါတယ်။ ချင်းပြည်နယ်မှာ စိုက်တဲ့ "ဝဥ" ရဲ့ အားသာချက်က ဥကြီးထွားနှုန်းကောင်းပြီး အရွက်ပေါ်မှာအသီးသီးတယ်။ တနင်္သာရီတိုင်းဒေသကြီးထဲက တောတောင်တွေထဲမှာလဲ "ဝဥ"ပင်တွေ သဘာဝအလျောက်ပေါက်ရောက်နေကြပါတယ်။

**ဝဥကိုအသုံးပြုပုံ**

ချင်းပြည်နယ်ကထွက်တဲ့ "ဝဥ" အမျိုးအစားက အကောင်းဆုံးဖြစ်တယ်လို့ အများက ထောက်ခံထားကြတယ်။ အကောင်းဆုံး ချင်းပြည်နယ်ထွက်"ဝဥ" တွေကို စားသောက်ကုန်ထုတ်လုပ်ငန်း (Food)၊ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း (Pharmaceutical)၊ အလှကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း (Cosmetic)၊ စက္ကူလုပ်ငန်း (Paper)၊ မျက်နှာပေါင်းတင်ဆေးများ (Face Cream)၊ ကော်အမျိုးမျိုးထုတ်လုပ်ရေးလုပ်ငန်း (Starch)၊ ချည်ထည်လုပ်ငန်း (Textile)၊ ဆေးဆိုးပန်းရိုက်လုပ်ငန်း (Dyeing)နဲ့ ကမ်းလွန်ရေနံတူးဖော်ရေးလုပ်ငန်း(Offshore Oil) စတဲ့လုပ်ငန်းတွေမှာ စက်မှုကုန်ကြမ်းသီးနှံ(Industrial Crop) အဖြစ်အသုံးပြုကြတဲ့အပြင် တိရစ္ဆာန်အစာအဖြစ်လဲ စိုက်ပျိုးထုတ်လုပ်ပြီးအသုံးပြုကြတယ်။


**ဝဥရဲ့ကျန်းမာရေးအကျိုးသက်ရောက်မှုများ**

"ဝဥ" မှာ ကစီဓာတ် (Carbohydrate)၊ ရေဓာတ် (Water)၊ အဆီဓာတ်(Fat)၊ ပရိုတင်း (Protein)၊ အမျှင်ဓာတ်(Fiber)၊ ပိုတက်ဆီယမ် (P)၊ ကယ်လ်စီယမ်(Ca)၊ သံဓာတ်(Fe)၊ မဂ္ဂနီဆီယမ်(Mg)၊ ဆိုဒီယမ်(Na)၊ ဇင့်(Zn)၊ ကော့ပါး(Cu) နဲ့ အင်တီအောက်စီဒင့် (Antioxidants) တို့ပါဝင်တယ်။"ဝဥ" စားသုံးတာကိုကျန်းမာရေးရှုထောင့်ကကြည့်မယ်ဆိုရင် အမျှင်ဓာတ်ပါဝင်မှုများတာကြောင့် အစာခြေဖျက်မှုအားကောင်းပြီး ခံတွင်းကျန်းမာရေးကို ကောင်းမွန်စေတယ်။ မျက်စိကျန်းမာရေးကို အထောက်အကူပြုကာ သွေးတွင်းသကြားဓာတ်နဲ့ အင်ဆူလင်ကိုလျှော့ချပေးလို့ ဆီးချိုရောဂါသည်တွေ ထမင်းအစားထိုးစားသုံးနိုင်ပြီး သွေးလည်ပတ်မှုကောင်းမွန်စေပါတယ်။ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးပြီး ကိုလက်စထရောပမာဏနဲ့အစာခြေကျန်းမာရေးအတွက် အကျိုးကျေးဇူးတွေရှိတယ်။ ကိုယ်တွင်းက ကိုလက်စထရောပမာဏကိုနည်းစေလို့ နှလုံးရောဂါနဲ့လေဖြတ်တာတွေကာကွယ်နိုင်တယ်။ အရေပြားချောမွတ်စေကာ လက်သည်းတွေအတွက်လဲကောင်းပြီး ကိုယ်အလေးချိန်လျှော့ကျစေတဲ့ အပြင် အမျိုးသမီးတွေ ဓမ္မတာလာစဉ် ခံစားရတတ်တဲ့ ဝေဒနာတွေကို လျှော့ကျစေတဲ့အတွက် စားသုံးဖို့သင့်တော်ပြီး ကျန်းမာရေးကောင်းကျိုးများစွာကိုရရှိစေတဲ့ ဆေးဖက်ဝင်အပင်တစ်မျိုးဖြစ်တယ်။ ဒါ့ပြင် "ဝဥ"ကို အမျိုးသမီးတွေဗိုက်ရွဲ့တာနဲ့ ဆီးအိမ်ကြီးတာကို ကာကွယ်ဖို့နဲ့ လူ့ခန္ဓာကိုယ်မှာလိုအပ်တာထက်ပိုပြီးတော့အဆီတွေအစိုင်အခဲဖြစ်တာကို ဟန့်တားဖို့အတွက်လည်း အသုံးပြုကြတယ်။

**"ဝဥကြာဆံ"ရဲ့ကောင်းကျိုးအဖြာဖြာ**

"ဝဥကြာဆံ"က အစာခြေစနစ်ကို နှေးကွေးစေတာကြောင့် အစာစားတာကိုရှောင်ရှားဖို့နဲ့ ဝိတ်ချသူတွေအတွက် ကူညီပေးတဲ့အနေနဲ့ အချိန်ကြာကြာဗိုက်ပြည့်စေတယ်။ ဒါ့ပြင် အူလမ်းကြောင်းမှာရှိတဲ့ ကျန်းမာတဲ့ဗက်တီးရီးယားပိုးတွေဟာ အူလမ်းကြောင်း ကျန်းမာရေးကိုတိုးတက်ကောင်းမွန်လာစေဖို့ကူညီပေးနိုင်တဲ့ အမျှင်ဓာတ်တွေပါတာကြောင့် အူလမ်းကြောင်းကျန်းမာရေးကိုတိုးတက်စေပါတယ်။ "ဝဥကြာဆံ" က ဗိုက်ပြည့်စေသော်လည်း သကြားဓာတ်၊ အဆီဓာတ်နဲ့ အာဟာရဓာတ်တွေမပါရှိတာကြောင့် ကိုယ်တွင်းအချိုဓာတ်ကို လျှော့ကျစေတယ်။ ဝမ်းချုပ်သူတွေ၊ သွေးတိုး၊ ဆီးချိုရှိသူတွေ၊ ကိုယ်အလေးချိန်ထိန်းလိုသူတွေအတွက် အထူးသင့်လျော်တဲ့ ကျန်းမာရေးဓာတ်စာအဖြစ် ဝယ်ယူစားသုံးကြတယ်။ ဆီးချိုရောဂါကုဆေးတွေ၊ ဝမ်းရောဂါဆေးတွေနဲ့သွေးတိုးရောဂါကုဆေးဝါးတွေ ထုတ်လုပ်တဲ့အခါမှာလဲ ပါဝင်ပစ္စည်းတွေအဖြစ်အသုံးဝင်တဲ့ အပင်မျိုးဖြစ်ကြောင်း ဖော်ပြလိုက်ပါတယ်။

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၃၆၃ ဧကစိုက်ပျိုးပြီးစီး



**မုံရွာ ဩဂုတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၃၆၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၃၆၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ငှက်ပျော ၃၆၃ ဧကစိုက်ပျိုးဖို့ လျာထားတယ်။ အခုလက်ရှိမှာတော့ ငှက်ပျောစိုက်ပျိုးမှုအနေနဲ့ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ အခုနောက်ပိုင်း လယ်ကန်သင်းတွေမှာ ငှက်ပျောစိုက်တာမျိုးတွေလဲ တွေ့လာရတယ်။ ပိုးမွှားရောဂါကျရောက်မှုလဲ များသောအားဖြင့်သက်သာတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ယခုနှစ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မြို့နယ်အလိုက် ငှက်ပျောစိုက်ပျိုးပြီးစီးမှုအနေဖြင့် လေရှီးမြို့နယ်တွင် ၁၅၆ ဧက၊ ဆွမ္မရာမြို့တွင် ကိုးဧက၊ လဟယ်မြို့နယ်တွင် ၃၈ ဧက၊ ထန်ပါခွေမြို့တွင် ၁၀ ဧက၊ နန်းယွန်းမြို့နယ် တွင် ၅၈ ဧက၊ ဒုံဟီးမြို့တွင် ၂၇ ဧကနှင့်ပန်ဆောင်မြို့တွင် ၆၅ ဧက စုစုပေါင်း ၃၆၃ ဧကတို့ဖြစ်ကြောင်း သိရသည်။

ငှက်ပျောစိုက်တောင်သူများ အနေဖြင့် မြေတစ်ဧကလျှင် ငှက်ပျောပင် ၁၀၀၀ ခန့်ထိ စိုက်ပျိုးနိုင်ပြီး တစ်ဧကလျှင် အသီးသီးသည့်ထိ စိုက်ပျိုးစရိတ်ငွေကျပ်သိန်း ၂၀ ထိ ကုန်ကျမှုရှိရာ အသီးသီးချိန်တွင် တစ်ဧကလျှင် ငွေကျပ်သိန်း ၅၀ ဝန်းကျင်ထိ ပြန်လည်ရရှိကြောင်း သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးသီးနှံ ထုတ်လုပ်နိုင်ရေးအတွက် ဓာတုဆေးဓာတ်ကြွင်းအန္တရာယ်ကို ဆွေးနွေးခြင်း၊ မှတ်ပုံတင်ထားသော ဓာတုပိုးသတ်ဆေးကို အညွှန်းစာပါသည့် နှုန်းထားအတိုင်းသုံးစွဲရန် ဆွေးနွေးခြင်းစသည့် စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများနှင့်ပတ်သက်၍ ကွင်းဆင်း အသိပညာပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မိတ္ထီလာမြို့နယ် ရွာသစ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီးမိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသစ်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေ၊ ကျေးရွာပြည်သူများထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ရွာသစ်ကျေးရွာ၌ VDP စီမံကိန်းရန်ပုံငွေ၊ ကျေးရွာပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ ရွာသစ်ကျေးရွာ ကျေးရွာတွင်းလမ်း အရှည် ပေ ၆၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာနေပြည်သူထည့်ငွေကျပ် ၅၇ သိန်း စုစုပေါင်းငွေကျပ် ၂၀၇ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများမှ အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဇူလိုင်လ တတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

## မျောက်ကျောက်ရောဂါ ကာကွယ်ပါ

\- တိရစ္ဆာန်တွေ ကိုင်တွယ်ချေက
မသေ့ကွယ်ကာ သုံးရပါမည်
ဖျားနာနေသား ထိုကောင်များကို
ရှောင်ရှားကာလေ ဝေးဝေးနေ။

\- တစ်ကိုယ်ရေလည်း သန့်ရှင်းမြဲနှင့်
သုံးစွဲဆပ်ပြာ လက်ဆေးရာ၏
ခန္ဓာကိုယ်အား ကာကွယ်ထား၍
မဖျားအောင်နေ စောင့်ရှောက်လေ။

\- ဖျားသည့်အခါ ဆစ်မျက်နာ၍
ခေါင်းပါကိုက်တတ် သတိချပ်လေ့
တုန်လတ်ရင်တွေ မောပန်းချေ၏
အရေပြားထက် ရည်ဖုထွက်လာ
လက္ခဏာရပ် တွေ့မြင်လတ်မူ
စမ်းသပ်ပါကြ ဆေးခန်းပြ
မျောက်ကျောက်ရောဂါ ဖြစ်တတ်စွ။

\- သုံးပတ်အကြာ ပြည်တည်နာသည်
သက်သာလာတတ် အနာကပ်၏
ဖြစ်ရပ်သေချာ ထိုရောဂါကို
ကာကွယ်သမှု ကြိုတင်ပြုရန်
လူထုသိလေ နှိုးဆော်ပေသည်
မာစေခပင်း ရှိစေမင်း
မျောက်ကျောက်ရောဂါ ဝေးပကင်း။ ။

**ညွှန့်ဝင်း(နတ်တလင်း)**

# လဲချားမြို့နယ် ဝမ်ဟိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လဲချား ဩဂုတ် ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ဟိုင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ဒသမအကြိမ်ထုတ်ချေးခြင်းကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ လဲချားမြို့နယ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုးအရင်းနှင့် စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများ၏ တာဝန်နှင့် ခံစားပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၅ ဒသမ ၈ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်ပြီး စီမံကန်းအဖွဲ့ဝင်များက ဝမ်ဟိုင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း ၄၉ ဦးကို ရန်ပုံငွေကျပ် ၅၅ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# နိုင်ငံတကာ သတင်းများ

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ် စင်ကာပူနိုင်ငံသို့ လာရောက်မည်

**စင်ကာပူ ဩဂုတ် ၃၀**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်သည် ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၂ ရက်ထိ စင်ကာပူနိုင်ငံသို့ လာရောက်မည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံခြားရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အဆိုပါခရီးစဉ်သည် အန်တိုနီယို ဂူတာရက်စ်အတွက် ကုလသမဂ္ဂအကြီးအကဲအဖြစ် လာရောက်မည့် ပထမဆုံး စင်ကာပူခရီးစဉ်ဖြစ်သည်။

စင်ကာပူခရီးစဉ်အတွင်း ကုလသမဂ္ဂအကြီးအကဲ အန်တိုနီယို ဂူတာရက်စ်သည် စင်ကာပူသမ္မတ သာမင်ရှန်မူဂါရက်နမ်၊ ဝန်ကြီးချုပ် လောရင့်ဝေါင်တို့နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကုလသမဂ္ဂအကြီးအကဲ အန်တိုနီယိုဂူတာရက်စ်သည် စင်ကာပူအစိုးရ ဝါရင့်ဝန်ကြီး လီရှန်လွန်းနှင့်လည်း တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း စင်ကာပူ နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ကုလသမဂ္ဂအကြီးအကဲ ဂူတာရက်စ်သည် ယခင်က စင်ကာပူနိုင်ငံသို့ ဖြတ်သွားဖြတ်လာသာဝင်ရောက်ခဲ့ဖူးပြီး တရားဝင်ခရီးစဉ်အဖြစ် သွားရောက်ခဲ့ဖူးခြင်း မရှိကြောင်း သိရသည်။

ကုလသမဂ္ဂ အကြီးအကဲဟောင်း ဘန်ကီမွန်းသည်လည်း ၂၀၁၂ ခုနှစ်က စင်ကာပူနိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ် သွားရောက်ခဲ့ဖူးကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ပြစ်ဒဏ်ကျ အာဖဂန်နစ္စတန်အကျဉ်းသားများ နှင်ထုတ်မှု ဂျာမနီနိုင်ငံပြန်လည်စတင်

**ဘာလင် ဩဂုတ် ၃၀**

အာဖဂန်နစ္စတန် နိုင်ငံသား ပြစ်ဒဏ်ကျ တရားခံများအား နေရပ်နိုင်ငံသို့နှင်ထုတ်မှု လုပ်ငန်းစဉ်ကို ပြန်လည်စတင်နေပြီဖြစ်ကြောင်း ဂျာမနီအစိုးရ တာဝန်ရှိသူများက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က ဆိုလင်ဂျန်မြို့ ပွဲတော်တစ်ခု၌ ဓားလက်နက်သုံး၍ တိုက်ခိုက်မှု တစ်ရပ် ဖြစ်ပွားခဲ့ပြီးနောက် လူဝင်မှုပြဿနာနှင့် ပတ်သက်၍ ပြတ်ပြတ်သားသားကိုင်တွယ်ရန် ဖိအားပေးမှုများကို ဂျာမနီအစိုးရ ရင်ဆိုင်နေရသည်။

ဆိုလင်ဂျန်မြို့ အကြမ်းဖက်တိုက်ခိုက်မှုကို ကျူးလွန်ခဲ့သူမှာ အစ္စလာမ္မစ်နိုင်ငံ အကြမ်းဖက်အုပ်စု(အိုင်အက်စ်)နှင့် ဆက်စပ်နေဖွယ်ရှိသော ဆီးရီးယားနိုင်ငံသား ရွှေ့ပြောင်းဝင်ရောက်သူ တစ်ဦးဖြစ်သည်။

လက်ရှိအချိန်တွင် ဂျာမနီအစိုးရသည် ပြစ်ဒဏ်ကျအကျဉ်းသားများကို ယနေ့တွင် အာဖဂန်နစ္စတန်သို့ ပြန်လည်ပို့ဆောင်နေပြီဖြစ်ကြောင်း ဂျာမနီပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဂျာမနီမီဒီယာများ၏ အဆိုအရ ပထမအသုတ် ပြစ်ဒဏ်ကျ အာဖဂန်နစ္စတန် အကျဉ်းသားများ သယ်ဆောင်ထားသည့် လေယာဉ်တစ်စင်းသည် ယနေ့တွင် လိုက်ပ်ဇစ်မြို့မှ ကဘူးမြို့သို့ ထွက်ခွာပျံသန်းသွားပြီဖြစ်သည်။

ဂျာမနီနိုင်ငံသည် အာဖဂန်နစ္စတန်ကို တာလီဘန်များ စတင်ထိန်းချုပ်ခဲ့သည့် ၂၀၂၁ ခုနှစ်နောက်ပိုင်း အာဖဂန်နစ္စတန်သို့ ပြစ်ဒဏ်ကျ အာဖဂန်နစ္စတန် အကျဉ်းသားများ နှင်ထုတ်မှုကို ရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO




## ပါကစ္စတန်တပ်မတော်က ဘလူချီစတန်ပြည်နယ်၌ စစ်ဆင်ရေးများ စတင်ပြုလုပ်



**အစ္စလာမ္မာဘတ် ဩဂုတ် ၃၀**

ယခု ရက်သတ္တပတ်အတွင်း ဖြစ်ပွားခဲ့သည့် အနည်းဆုံး လူဦးရေ ၅၀ သေဆုံးခဲ့ရသည့် အကြမ်းဖက်တိုက်ခိုက်မှုများကို တုံ့ပြန်သည့်အနေဖြင့် ဘလူချီစတန်ပြည်နယ် အနောက်တောင်ပိုင်း၌ စစ်ဆင်ရေးများ စတင်ပြုလုပ်နေကြောင်း ပါကစ္စတန်တပ်မတော်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ဘလူချီစတန် ပြည်နယ်အနောက်တောင်ပိုင်း၌ ပြုလုပ်ခဲ့သော ပါကစ္စတန်တပ်မတော်၏ စစ်ဆင်ရေးသုံးခုအတွင်း စစ်သွေးကြွ ငါးဦးသေဆုံး၍ သုံးဦး ဒဏ်ရာများရခဲ့ကြောင်း သိရသည်။

ယခု ရက်သတ္တပတ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများအား ကျူးလွန်ခဲ့သူအားလုံးကို တရားဥပဒေရှေ့မှောက်သို့ ပို့ဆောင်နိုင်ချိန်ထိ စစ်ဆင်ရေးများ ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း ပါကစ္စတန်တပ်မတော် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဘလူချီစတန် ပြည်နယ်ခွဲထွက်ရေးဝါဒီ စစ်သွေးကြွများသည် ဩဂုတ် ၂၆ ရက်တွင် ပြည်နယ်အတွင်းရှိ အဝေးပြေးလမ်းများ၊ ရဲစခန်းများနှင့် မော်တော်ယာဉ်များကို တိုက်ခိုက်ခဲ့ရာ အနည်းဆုံး လူဦးရေ ၅၀ သေဆုံးခဲ့ရသည်။

ပါကစ္စတန် တပ်မတော်ကလည်း ထိုစဉ်ကပင် တုံ့ပြန်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ စစ်သွေးကြွ ၂၁ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

ဘလူချီစတန်ပြည်နယ်သည် ပင်လယ်ရေနက် စီမံကိန်းအပါအဝင် တရုတ်နိုင်ငံဦးဆောင်သည့် ဖွံ့ဖြိုးရေးစီမံကိန်းများ တည်ရှိရာ နေရာဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

## ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်း ရထားလမ်းဥမင်ပြိုကျမှုကြောင့် သေဆုံးခဲ့သူများ၏ ရုပ်အလောင်းများ ပြန်လည်ရရှိ



**ဗန်ကောက် ဩဂုတ် ၃၀**

ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်း၌ ဆောက်လုပ်ဆဲ ရထားလမ်းဥမင် ပြိုကျမှုကြောင့် သေဆုံးခဲ့ရသည့် ပြည်ပအလုပ်သမား သုံးဦးတို့၏ ရုပ်အလောင်းများကို ထိုင်းရှာဖွေကယ်ဆယ်ရေးသမားများက ပြန်လည်ရယူနိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံ ရှာဖွေကယ်ဆယ်ရေးသမားများသည် ရထားလမ်းဥမင်ပြိုကျမှုကြောင့် သေဆုံးခဲ့ရသူများ၏ ရုပ်အလောင်းများကို ပြန်လည်ရယူရေးအတွက် ဩဂုတ် ၂၄ ရက်မှစ၍ အပြင်းအထန်ကြိုးပမ်းခဲ့ရကြောင်း ထိုင်းတာဝန်ရှိသူများက ယနေ့တွင် ထုတ်ဖော်ပြောကြားထားသည်။

အဆိုပါ ဆောက်လုပ်ဆဲ ရထားလမ်းဥမင်သည် ဩဂုတ် ၂၄ ရက် ညပိုင်းတွင် ပြိုကျခဲ့ပြီး ဥမင်ပြိုကျချိန်တွင် ပြည်ပအလုပ်သမား သုံးဦးတို့ ဥမင်အတွင်း ရှိနေခဲ့ကြောင်း သိရသည်။

အဆိုပါ ရထားလမ်းဥမင်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ကို အရှေ့မြောက်ပိုင်း နောင်ခိုင်းပြည်နယ်နှင့် ချိတ်ဆက်ပေးမည့် ထိုင်း-တရုတ်မြန်နှုန်းမြင့် ရထားလမ်း စီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်။

ယခင် ရထားလမ်းဥမင်သည် ဗန်ကောက်မြို့ အရှေ့မြောက်ဘက် ၁၁၅ မိုင်အကွာတွင် တည်ရှိသည်။

လက်ရှိအချိန်တွင် ထိုင်းတာဝန်ရှိသူများသည် ရထားလမ်းဥမင် ပြိုကျရခြင်း အကြောင်းအရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးရန် ဗီယက်နမ်နှင့် ဖိလစ်ပိုင်စီစဉ်

**ဗန်ကောက် ဩဂုတ် ၃၀**

ဖိလစ်ပိုင်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် ယနေ့တွင် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးရန် စီစဉ်ထားကြောင်း သိရသည်။

ဗီယက်နမ် ကာကွယ်ရေး ဝန်ကြီး ဖန်ဗင်ဂျီယန်၏ မနီလာမြို့ ခရီးစဉ်အတွင်း အဆိုပါ ကာကွယ်ရေးပူးပေါင်းဆောက်ရွက်မှုသဘောတူညီချက်ကို လက်မှတ်ရေးထိုး၍ ဗီယက်နမ်နှင့် ဖိလစ်ပိုင်တို့က စီစဉ်ထားခြင်းဖြစ်သည်။

ဗီယက်နမ် ကာကွယ်ရေးဝန်ကြီးသည် ယနေ့တွင် မနီလာမြို့သို့ ရောက်ရှိနေပြီး ဖိလစ်ပိုင် ကာကွယ်ရေးဝန်ကြီး ဂျီလ်ဘာတိုတီအိုဒိုရိုနှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

ဗီယက်နမ် ကာကွယ်ရေး ဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာကို သမ္မတနန်းတော်သို့ သွားရောက်တွေ့ဆုံခဲ့ပြီးဖြစ်သည်။

တောင်တရုတ် ပင်လယ်၌ တင်းမာမှုများ မြင့်တက်နေချိန်တွင် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်တစ်ရပ်ရယူရန် ဗီယက်နမ်နှင့် ဖိလစ်ပိုင်တို့က သဘောတူထားခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ် ဒေသတစ်ခုလုံးနီးပါးကို ပိုင်ဆိုင်ခွင့်တောင်းဆိုထားပြီး ဗီယက်နမ်နှင့် ဖိလစ်ပိုင်အပါအဝင် အရှေ့တောင်အာရှနိုင်ငံအချို့ကလည်း ၎င်းပင်လယ်ရေပြင်ဒေသ တစ်စိတ်တစ်ပိုင်းကို ပိုင်ဆိုင်ခွင့် အသီးသီးတောင်းဆိုထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## Galactic Energy ကုမ္ပဏီက စီးရက်စ်-၁ ဒုံးပျံကို ဩဂုတ် ၂၉ ရက်တွင် ပင်လယ်ရေပြင်မှတစ်ဆင့် လွှတ်တင်ခဲ့



**ပေကျင်း ဩဂုတ် ၃၀**

တရုတ်နိုင်ငံအခြေစိုက် အာကာသ ကုမ္ပဏီတစ်ခုဖြစ်သည့် Galactic Energy ကုမ္ပဏီသည် စီးရက်စ်-၁ ဒုံးပျံကို ဩဂုတ် ၂၉ ရက်တွင် ပင်လယ်ရေပြင်မှတစ်ဆင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

Galactic Energy ကုမ္ပဏီသည် စီးရက်စ်-၁ ဒုံးပျံကို ပင်လယ်ရေပြင်မှတစ်ဆင့် တတိယအကြိမ်အဖြစ် အောင်မြင်စွာ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ဂြိုဟ်တုငယ် ခြောက်စင်း သယ်ဆောင်ထားသည့် အဆိုပါ စီးရက်စ်-၁ ဒုံးပျံကို ရှန်တုန်းပြည်နယ် ဟိုင်ယန်းမြို့ ကမ်းလွန်ရေပြင်အတွင်းရှိ သင်္ဘောတစ်စီးပေါ်မှတစ်ဆင့် ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး တစ်နာရီခန့်အတွင်း စီးရက်စ်-၁ ဒုံးပျံသည် ဂြိုဟ်တုငယ် ခြောက်စင်းကို သတ်မှတ် ပတ်လမ်းများပေါ်သို့ ပို့ဆောင်နိုင်ခဲ့ကြောင်း Galactic Energy ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ဩဂုတ် ၂၉ ရက် မစ်ရှင်သည် စီးရက်စ်-၁ ဒုံးပျံများ၏ ၁၅ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Galactic Energy ကုမ္ပဏီသည် စီးရက်စ်-၂ ဒုံးပျံသစ်ကို တည်ဆောက်လျက်ရှိပြီး Pallas-1 အမည်ရှိ ကေရိုဆင်းနှင့် အောက်ဆီဂျင်ဓာတ်ငွေ့ရည် လောင်စာသုံး ဒုံးပျံအမျိုးအစားသစ်ကိုလည်း လွှတ်တင်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua News


Trs : KKO

## နာဆာကျွမ်းကျင်သူများက Europa Clipper အာကာသယာဉ်၌ အရွယ်အစားအလွန်ကြီးမားသော နေစွမ်းအင်ပြားများ တပ်ဆင်ခဲ့

**ဝါရှင်တန် ဩဂုတ် ၃၀**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) ကျွမ်းကျင်သူများသည် Europa Clipper အာကာသယာဉ်၌ အရွယ်အစားအလွန်ကြီးမားသော နေစွမ်းအင်ပြားများတပ်ဆင်ခဲ့ကြောင်း ဩဂုတ် ၂၉ ရက်သတင်းများအရ သိရသည်။

Europa Clipper အာကာသယာဉ်၏ နေစွမ်းအင်ပြားနှစ်ခုမှာ အရွယ်အစားလွန်စွာကြီးမားပြီး အရွယ်အစားအားဖြင့် တစ်ခုလျှင် အလျား ၁၄ ဒသမ ၃ မီတာနှင့် အနံ ၄ ဒသမ ၁ မီတာရှိကြောင်း သိရသည်။



လွှတ်တင်ပြီးချိန်တွင် အဆိုပါ နေစွမ်းအင်ပြားများကို ဖြန့်ထုတ်ခဲ့ပါက Europa Clipper အာကာသယာဉ်၏ အရွယ်အစားမှာ အချင်း ၃၀ ဒသမ ၅ မီတာထိရှိလာမည် ဖြစ်ကြောင်း သိရသည်။

Europa Clipper အာကာသယာဉ်သည် နာဆာအဖွဲ့ကတည်ဆောက်ဖူးသမျှ အရွယ်အစားအကြီးမားဆုံး အာကာသယာဉ်တစ်စင်းဖြစ်သည်။

ကြာသပတေးဂြိုဟ်၏ ယူရိုပါဂြိုဟ်ရံလကို လေ့လာရေးအတွက် Europa Clipper အာကာသယာဉ်ကို နာဆာအဖွဲ့က တည်ဆောက်နေခြင်းဖြစ်သည်။

နာဆာအဖွဲ့သည် Europa Clipper အာကာသယာဉ်ကို ယခုနှစ် အောက်တိုဘာလတွင် လွှတ်တင်ဖွယ်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ဘလူးအော်ရီဂျင်ကုမ္ပဏီက ၎င်း၏ အဌမမြောက် ပုဂ္ဂလိကအာကာသခရီးစဉ်မစ်ရှင်ကို အောင်မြင်စွာလွှတ်တင်

**ဝါရှင်တန် ဩဂုတ် ၃၀**

အမေရိကန်နိုင်ငံအခြေစိုက် ဘလူးအော်ရီဂျင်ကုမ္ပဏီသည် ၎င်း၏ အဌမမြောက် ပုဂ္ဂလိကအာကာသခရီးစဉ် မစ်ရှင်ကို ဩဂုတ် ၂၉ ရက်တွင် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

ဘလူးအော်ရီဂျင်ကုမ္ပဏီသည် NS-26 ဟူ၍အမည်ပေးထားသည့် အထက်ပါမစ်ရှင်တွင် ပုဂ္ဂလိကအာကာသခရီးသည် ခြောက်ဦးလိုက်ပါသွားသည့် New Shepard ဒုံးယာဉ်ကို အနောက်တက္ကဆက်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

New Shepard ဒုံးယာဉ်သည် အဆိုပါ အာကာသခရီးသည် ခြောက်ဦးကို ကမ္ဘာမြေပြင်အထက် အမြင့် ၆၂ မိုင်တွင်ရှိသော ကာမင်လိုင်း (Karman Line) ခေါ် အာကာသဟင်းလင်းပြင် အနားစပ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

NS-26 မစ်ရှင်လိုက်ပါသွားသည့် အာကာသခရီးသည်များအနက် ကာဆန်ကစ်ချန်အမည်ရှိ အသက် ၂၁ နှစ်အရွယ် အမျိုးသမီးမှာ ကာမင်မျဉ်းကို ဖြတ်ကျော်သွားရောက်နိုင်ခဲ့သည့် ကမ္ဘာ့အသက်အငယ်ဆုံး လူသားအဖြစ် စံချိန်တင်ခဲ့သည်။

ဘလူးအော်ရီဂျင် ကုမ္ပဏီသည် New Shepard အာကာသဒုံးယာဉ်ကို ၂၀၂၁ ခုနှစ်တွင် ပထမဆုံးအကြိမ် လွှတ်တင်ခဲ့ကြောင်း သိရသည်။

ဘလူးအော်ရီဂျင်အနေဖြင့် New Shepard ဒုံးယာဉ်များကို ၂၆ ကြိမ် လွှတ်တင်ခဲ့ရာ ရှစ်ကြိမ်မှာ အာကာသယာဉ်မှူးများ လိုက်ပါသွားသည့် မစ်ရှင်များဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## ဓမ္မတာရာသီပြီးဆုံးချိန်အမျိုးသမီးများ၏သွေးအတွင်း ကိုလက်စထရောပါဝင်မှု အပြောင်းအလဲများရှိတတ်ပြီး နှလုံးကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်နိုင်

**နယူးယောက် ဩဂုတ် ၃၀**

ဓမ္မတာရာသီပြီးဆုံးချိန်ကာလ အမျိုးသမီးများ၏ သွေးအတွင်း ကိုလက်စထရောပါဝင်မှုအပြောင်းအလဲများရှိလာတတ်ပြီး နှလုံးကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်နိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားခဲ့သည်ဟု ဩဂုတ် ၂၉ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဓမ္မတာရာသီအဆုံးသတ်မှုကာလအတွင်း အမျိုးသမီးများ၏ သွေးထဲ၌ ဆိုးကျိုးပြု ကိုလက်စထရောပါဝင်မှုနှုန်းမြင့်တက်လာပြီး အကျိုးပြု ကိုလက်စထရောပါဝင်မှုနှုန်းမှာ ကျဆင်းလာတတ်သည်။

သွေးအတွင်း ဆိုးကျိုးပြု ကိုလက်စထရော ပါဝင်မှုအဆင့်လွန်ကဲမှုသည် နှလုံးကျန်းမာရေးပြဿနာများ၏ အဓိကနောက်ခံအကြောင်းတရားဖြစ်သည်။

အမေရိကန် သုတေသနပညာရှင်များသည် အမျိုးသမီး ၁၂၄၆ ဦးနှင့် အမျိုးသား ၁၃၄၆ ဦးတို့၏ သွေးအတွင်း ကိုလက်စထရောပါဝင်မှုအဆင့်များကို လေ့လာဆန်းစစ်ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

နှလုံးရောဂါသည် အမျိုးသမီးများ အသက်ဆုံးပါးရမှု၏ အဓိကနောက်ခံအကြောင်းတရားဖြစ်ပြီး အမျိုးသမီးများ အသက်ဆုံးပါးရမှုစုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းမှာ နှလုံးရောဂါများနှင့် ဆက်စပ်နေကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ဆီးချိုရောဂါများကြောင့် ဦးနှောက်၏ ဇီဝသက်တမ်း ပုံမှန်ထက်ပို၍အိုမင်းနိုင်

**စတော့ဟုမ်း ဩဂုတ် ၃၀**

ဆီးချိုရောဂါများကြောင့် လူနာ၏ ဦးနှောက်ဇီဝသက်တမ်းမှာ ပုံမှန်ထက် ပို၍အိုမင်းသွားနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားခဲ့သည်ဟု ဩဂုတ် ၂၉ ရက်သတင်းများအရ သိရသည်။

ဆွီဒင်နိုင်ငံ ကာရိုလင်စကာအင်စတီကျုမှ သုတေသနပညာရှင်များသည် အသက် ၄၀ နှင့် ၇၀ ကြားရှိ ဆီးချိုရောဂါလူနာ ၃၁၀၀၀ ကျော်တို့၏ ဦးနှောက်ဓာတ်မှန်များကို လေ့လာဆန်းစစ်ခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ထွက်ပေါ်လာသည့်ရလဒ်များအရ ဆီးချိုရောဂါလူနာများ၏ ဦးနှောက်ဇီဝသက်တမ်းမှာ ပုံမှန်ထက် ပျမ်းမျှအားဖြင့် ၂ ဒသမ ၃ နှစ်ထိ ပို၍အိုမင်းနေတတ်သည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ထို့ပြင် သွေးအတွင်းသကြားဓာတ်ပါဝင်မှုအဆင့်ကို ကောင်းစွာ မထိန်းချုပ်နိုင်သော ဆီးချိုရောဂါလူနာများတွင် ဦးနှောက်၏ဇီဝသက်တမ်းမှာ ပုံမှန်ထက်လေးနှစ်ထိ ပို၍အိုမင်းလာတတ်ကြောင်းလည်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သုတေသန ပညာရှင်များ၏ တွေ့ရှိချက်အရ ဆီးချိုရောဂါရှိသော်လည်း ရုပ်ပိုင်းဆိုင်ရာ တက်ကြွလှုပ်ရှားမှု ကောင်းသူ၊ ဆေးလိပ်နှင့်အရက်မသောက်သူများ၌ ဦးနှောက်ဇီဝသက်တမ်း ပုံမှန်ထက် အိုမင်းနိုင်ခြေနည်းပါးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# ယူရိုပါလိဂ်ပြိုင်ပွဲ မဲခွဲအပြီးတွင် မန်ယူအသင်းက နည်းပြဟောင်း မော်ရင်ဟို၏ ဖီနာဘာချီအသင်းနှင့် တွေ့ဆုံ



**မိုနာကို ဩဂုတ် ၃၀**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ယူရိုပါလိဂ်ပြိုင်ပွဲအတွက် ပွဲစဉ်များ မဲခွဲမှုအပြီးတွင် မန်ယူအသင်းသည် နည်းပြဟောင်းဖြစ်သည့် မော်ရင်ဟို တာဝန်ယူကိုင်တွယ်နေသည့် ဖီနာဘာချီအသင်းနှင့် ထိပ်တိုက်တွေ့ဆုံခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက အမှတ်ပေးဇယား အဆင့်(၈)နေရာတွင်သာ ရပ်တည်နိုင်ခဲ့သော်လည်း အက်ဖ်အေဖလား ဗိုလ်လုပွဲတွင် မန်စီးတီးအသင်းကို အနိုင်ရရှိခဲ့ပြီး ဆုဖလား ဆွတ်ခူးနိုင်ခဲ့သည့်အတွက် ယူရိုပါလိဂ်ပြိုင်ပွဲကို တိုက်ရိုက် ဝင်ရောက်ကစားခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ယခုနှစ် ဘောလုံးရာသီ ယူရိုပါလိဂ်ပြိုင်ပွဲကိုလည်း ချန်ပီယံလိဂ်ပြိုင်ပွဲကဲ့သို့ ပုံစံပြောင်းလဲကျင်းပသွားမည်ဖြစ်ကာ ယခင်ကဲ့သို့ အုပ်စုကစားသည့်ပုံစံဖြင့် ကစားသွားမည်မဟုတ်ဘဲ ပြိုင်ပွဲဝင် အသင်းများအနေဖြင့် အိမ်ကွင်းတွင် လေးပွဲ အဝေးကွင်းတွင် လေးပွဲ ကစားသွားရမည်ဖြစ်သည်။

ပြိုင်ပွဲဝင် အသင်းများအနေဖြင့် ပွဲစဉ် ရှစ်ပွဲစီကစားပြီးချိန်တွင် အမှတ်ပေးဇယား ထိပ်ဆုံးအဆင့်(၁)မှ (၈)နေရာတွင် ရပ်တည်နိုင်သည့် အသင်းရှစ်သင်းအနေဖြင့် (၁၆)သင်း ရှုံးထွက်အဆင့်သို့ တိုက်ရိုက် တက်ရောက်နိုင်မည်ဖြစ်ကာ အဆင့်(၉) နေရာမှ အဆင့်(၂၄)နေရာတွင် ရပ်တည်သည့် အသင်းများအနေဖြင့် ရှုံးထွက်ပွဲစဉ်ကစားပြီးမှသာ ရှစ်သင်းက (၁၆) သင်း ရှုံးထွက်အဆင့် တက်ရောက်နိုင်မည်ဖြစ်သည်။

ယူရိုပါလိဂ် ပြိုင်ပွဲတွင် မန်ယူအသင်းသည် အိမ်ကွင်း ပွဲစဉ် လေးပွဲအဖြစ် ရိန်းဂျားအသင်း၊ ပေါက်အသင်း၊ ဘိုဒိုဂလင့်အသင်းနှင့် တွမ်တီးအသင်းတို့နှင့် ကစားရမည်ဖြစ်ကာ အဝေးကွင်းပွဲစဉ် လေးပွဲအဖြစ် ပေါ်တိုအသင်း၊ ဖီနာဘာချီအသင်း၊ ပလာဇန်အသင်းနှင့် အက်ဖ်စီအက်စ်ဘီ အသင်းတို့နှင့် ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : UEFA.com**

**Trs : STA**

# Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို စကော့တီရှက်ဖလာဦးဆောင်



**အတ္တလန်တာ ဩဂုတ် ၃၀**

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် အတ္တလန်တာမြို့တွင် ကျင်းပနေသည့် Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက် ကစားသမား စကော့တီရှက်ဖလာက သတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ထို့ပြင် အမေရိကန်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် မိုရီကာဝါနှင့် ရှောင်ဖီလီတို့က သတ်မှတ်ရိုက်ချက်ထက် ကိုးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် စကော့တီရှက်ဖလာအနေဖြင့် ပထမနေ့တွင် ချန်ပီယံလက်စွမ်းမျိုး ပြသနိုင်ခဲ့ပြီး Tour Championship ပြိုင်ပွဲသမိုင်းတစ်လျှောက် တစ်ရက်တည်း ရလဒ်အကောင်းဆုံးရယူနိုင်ခဲ့သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

စကော့တီရှက်ဖလာနှင့်အတူ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ရေပန်းစားနေသည့် မြောက်အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းအနေဖြင့် ပထမနေ့တွင် ရလဒ်ကောင်းရရှိအောင် ရုန်းကန်ခဲ့ရသည်။

သို့သော်လည်း သတ်မှတ်ရိုက်ချက်ထက် ကိုးချက်သာ လျော့ရိုက်ထားနိုင်သည့်အတွက် ချန်ပီယံလမ်းကြောင်းပေါ်တွင် ရှိနေဆဲဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

# မြန်မာနေရှင်နယ်လိဂ် ယူ -၂၀ ပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များအပြီးတွင် ရှမ်းယူနိုက်တက်အသင်း အမှတ်ပေးဇယားကိုဦးဆောင်

**ရန်ကုန် ဩဂုတ် ၃၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များ အားလုံးပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းက အမှတ်ပေးဇယား ထိပ်ဆုံးက ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များ အပြီးတွင် ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းက ၁၂ပွဲ ကစားခဲ့ရာတွင် ကိုးပွဲနိုင် နှစ်ပွဲသရေ တစ်ပွဲရှုံး ရမှတ် ၂၉ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးက ဦးဆောင်နိုင်ခဲ့ပြီး Junior Lions အသင်းက ရှစ်ပွဲနိုင် သုံးပွဲသရေ တစ်ပွဲရှုံး ရမှတ် ၂၇ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၂)နေရာမှ ရှမ်းယူနိုက်တက်အသင်းကို ရမှတ် နှစ်မှတ်အကွာဖြင့် ဖိအားပေးနိုင်ခဲ့သည်။

ဆက်လက်ပြီး ISPE ယူ-၂၀ အသင်းက ရမှတ် ၂၆ မှတ်ဖြင့် အဆင့်(၃)၊ ဒဂုံစတား ယူ-၂၀ အသင်းက ရမှတ် ၂၂ မှတ်ဖြင့် အဆင့် (၄)၊ ရန်ကုန်ယူနိုက်တက် ယူ-၂၀ အသင်းက ရမှတ် ၂၀ မှတ်ဖြင့် အဆင့်(၅)၊ သစ္စာအားမာန် ယူ-၂၀ အသင်းက ရမှတ် ၁၇ မှတ်ဖြင့် အဆင့်(၆)၊ ရှေဝတီယူနိုက်တက် ယူ-၂၀ အသင်းက ရမှတ် ၁၆ မှတ်ဖြင့် အဆင့်(၇)၊ ဒဂုံပေါ့ ယူ-၂၀ အသင်းက ရမှတ် ၁၃ မှတ်ဖြင့် အဆင့်(၈)၊ ရတနာပုံအက်ဖ်စီ ယူ-၂၀ အသင်းက ရမှတ် ၁၂ မှတ်ဖြင့် အဆင့်(၉)၊ ရခိုင်ယူနိုက်တက် ယူ-၂၀ အသင်းက ရမှတ် ၁၁ မှတ်ဖြင့် အဆင့်(၁၀)၊ မြဝတီအက်ဖ်စီ ယူ-၂၀ အသင်းက ရမှတ် ခြောက်မှတ်ဖြင့် အဆင့်(၁၁)၊ ဟံသာဝတီယူနိုက်တက် ယူ-၂၀ အသင်းက ရမှတ် ခြောက်မှတ်ဖြင့် အဆင့်(၁၂) နှင့် မဟာယူနိုက်တက် ယူ-၂၀ အသင်းက ရမှတ် ခြောက်မှတ်ဖြင့် အဆင့်(၁၃)နေရာတွင် အသီးသီး ရပ်တည်လျက်ရှိကြောင်း သိရသည်။

**STA**

# စပိန်လာလီဂါ ပွဲစဉ်(၄) ပွဲကြိုသုံးသပ်ချက်များ

STA

**ဆီဗီလာ Vs ဂျီရိုနာ**

ကစားမည့်ရက်/အချိန် ၁-၉-၂၀၂၄ (ည ၁၁း၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဂျီရိုနာ ၅ - ၁ ဆီဗီလာ

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | |
|---|---|---|---|
| ဆီဗီလာ | - ဝေး(သရေ) | အိမ်(ရှုံး) | ဝေး(သရေ) |
| ဂျီရိုနာ | - ဝေး(သရေ) | ဝေး(ရှုံး) | အိမ်(နိုင်) |

သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေတဲ့ ဆီဗီလာအသင်းရဲ့ခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိပါဘူး။ ဂျီရိုနာအသင်းကတော့ ပြီးခဲ့တဲ့ပွဲစဉ်က ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့ပြီး ပုံစံကောင်းကို ပြန်လည်ပြသနိုင်ခဲ့ပါတယ်။ ဒါကြောင့် အဝေးကွင်းဆိုပေမယ့် တိုက်စစ်ပိုင်းပိုကောင်းတဲ့ ဂျီရိုနာအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - ဆီဗီလာ ၁ - ၂ ဂျီရိုနာ

**ရီးရဲလ်မက်ဒရစ် Vs ဘက်တစ်**

ကစားမည့်ရက်/အချိန် ၂-၉-၂၀၂၄ (နံနက် ၀၂း၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ရီးရဲလ်မက်ဒရစ် ၀ - ၀ ဘက်တစ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | |
|---|---|---|---|
| ရီးရဲလ်မက်ဒရစ် | - ဝေး(သရေ) | အိမ်(နိုင်) | ဝေး(သရေ) |
| ဘက်တစ် | - ဝေး(နိုင်) | ဝေး(သရေ) | အိမ်(နိုင်) |

ပြီးခဲ့တဲ့ပွဲစဉ်က သရေရလဒ်သာရရှိခဲ့တဲ့ ရီးရဲလ်မက်ဒရစ်အသင်း အခု အိမ်ကွင်းပွဲစဉ်မှာတော့ နိုင်ပွဲပြန်လည်ရရှိအောင် ပြင်ဆင်လာမှာပါ။ ဘက်တစ်အသင်းကလဲ ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်နေတယ်ဆိုပေမယ့် အဝေးကွင်းမှာ ရီးရဲလ်မက်ဒရစ် တိုက်စစ်ကို ထိန်းချုပ်နိုင်မှာမဟုတ်လို့ ကစားသမားစုဖွဲ့မှုပိုင်း အသာစီးမှာရှိနေတဲ့ ရီးရဲလ်မက်ဒရစ်အသင်းပဲ နိုင်ပွဲပြန်လည်ရယူသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - ရီးရဲလ်မက်ဒရစ် ၃ - ၁ ဘက်တစ်

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ်(၂) ပွဲကြိုသုံးသပ်ချက်

STA

**ဘိုင်ယန်မြူးနစ် Vs ဖရိုင်းဘတ်**

ကစားမည့်ရက်/အချိန် ၁-၉-၂၀၂၄ (ည ၁၀း၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဖရိုင်းဘတ် ၂ - ၂ ဘိုင်ယန်မြူးနစ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | |
|---|---|---|---|
| ဘိုင်ယန်မြူးနစ် | - ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |
| ဖရိုင်းဘတ် | - အိမ်(သရေ) | ဝေး(နိုင်) | အိမ်(နိုင်) |

ဒီရာသီ ပထမဆုံးအိမ်ကွင်းပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်း အမှားခံမှာမဟုတ်သလို လက်ရှိခြေစွမ်းပိုင်းကလည်း ဖရိုင်းဘတ်အသင်းကို အကောင်းဆုံး ဖိအားပေးကစားနိုင်စွမ်းရှိပါတယ်။ ဖရိုင်းဘတ်အသင်းက အသင်းလိုက်ကစားပုံမာကျောတယ်ဆိုပေမယ့် ဘိုင်ယန်မြူးနစ်အသင်းကို ပွဲချိန်ပြည့် ထိန်းချုပ်ရခက်ခဲနိုင်လို့ ဘိုင်ယန်မြူးနစ်အသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် - ဘိုင်ယန်မြူးနစ် ၃ - ၂ ဖရိုင်းဘတ်

# ပြင်သစ်လီဂူး ပွဲစဉ်(၃) ပွဲကြိုသုံးသပ်ချက်

STA

**မိုနာကို Vs လန်း**

ကစားမည့်ရက်/အချိန် ၁-၉-၂၀၂၄ (ည ၀၇း၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

လန်း ၂ - ၃ မိုနာကို

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | |
|---|---|---|---|
| မိုနာကို | - ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |
| လန်း | - အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |

သုံးပွဲဆက် နိုင်ပွဲရယူထားတဲ့ မိုနာကိုအသင်းဟာ အိမ်ကွင်းမှာ လန်းအသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ လက်ရှိ လန်းအသင်းရဲ့ အဝေးကွင်းခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိလို့ မိုနာကိုအသင်းတိုက်စစ်ပိုင်းကို ထိန်းချုပ်ရခက်ခဲမှာပါ။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ ဖိအားပေးလာမယ့် မိုနာကိုအသင်းပဲအနိုင်ရယူသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် - မိုနာကို ၂ - ၀ လန်း

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် မေတ္တာရိပ်အောက်ရောက်ရှိစဉ် (၂)

လင်းလက်

**စိန်ခေါ်မှုများကိုရင်ဆိုင်နိုင်ဖို့**

"စား၊ဝတ်၊နေရေး"ဆိုသည့် အရေးသုံးပါးကို ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင်နေကြရသည့်လူတိုင်းတွင် အခက်အခဲနှင့်စိန်ခေါ်မှုများက မလွဲဧကန် ရှိနေနိုင်သည်။ နည်းပညာဆိုင်ရာစိန်ခေါ်မှုများ၊ စီမံခန့်ခွဲမှုဆိုင်ရာစိန်ခေါ်မှုများ၊ လူမှုရေးဆိုင်ရာစိန်ခေါ်မှုများ စသည့် စိန်ခေါ်မှုမျိုးစုံကို ရင်ဆိုင်နေကြသည့်အချိန်တွင် တစ်ဖက်၌လည်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များက ရှိနေပြန်သည်။ ထိုစိန်ခေါ်မှုများကို စနစ်တကျဖြေရှင်းဆောင်ရွက်နိုင်ခြင်းမရှိသည့်အခါ စိတ်ဖိစီးမှုများကို ခံစားလာရပြီး ပျော်ရွှင်မှုများပျောက်ဆုံးသွားကာ စိတ်ဓာတ်ကျအားငယ်မှုများ လွှမ်းမိုးသွားနိုင်သည်။ ဌာန၊ အဖွဲ့အစည်းများ၏ စီမံခန့်ခွဲအုပ်ချုပ်မှုတာဝန်များကို ထမ်းဆောင်နေရသည့် အဆင့်မြင့်အရာရှိများအနေဖြင့် လုပ်ငန်းခွင်အတွင်း ကြုံတွေ့လာရနိုင်သည့်ဖိအားများကို မှန်ကန်သောနည်းလမ်းဖြင့် ရင်ဆိုင်နိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် ဖွင့်လှစ်ပို့ချနေသည့် အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၁၈)တွင် ဖိအားများကိုလျှော့ချကာ စနစ်တကျ ရင်ဆိုင်ဖြေရှင်းနိုင်မည့်နည်းလမ်းများ သင်တန်းသားများကို သက်ဆိုင်ရာဌာနက လာရောက်ပို့ချဆွေးနွေးခဲ့သည်။

**စိတ်ဖိစီးမှုဆိုတာ**

စိတ်ဖိစီးမှုဆိုသည်မှာ ဘဝဇာတ်ခုံပေါ်တွင် ကျရာဇာတ်ရုပ်ဖြင့် ကပြအသုံးတော်ခံနေရသည့် လူသားတိုင်း ရင်ဆိုင်ကြုံတွေ့နေရသောအရာပင်ဖြစ်သည်။ စိတ်ဖိစီးမှုများကို ပုံစံအမျိုးမျိုးဖြင့် ရင်ဆိုင်ကြုံတွေ့ကြရသည်။ စိတ်ဖိစီးမှုများလျှော့ကျသွားနိုင်ရေးနှင့် မှန်ကန်သည့်နည်းလမ်းဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမရှိသည့်အခါ မိမိ၏ကျန်းမာရေးနှင့် လူမှုဆက်ဆံရေးတို့ကို ထိခိုက်လာနိုင်သဖြင့် ဖြေရှင်းနိုင်မည့်နည်းလမ်းများကို ရှာဖွေကြရမည်ဖြစ်သည်။ ရုပ်ပိုင်းဆိုင်ရာအရ ကျန်းမာရေးမကောင်းသည့်အခါ စိတ်ဖိစီးမှုများ ရင်ဆိုင်ရနိုင်သကဲ့သို့ အကြောင်းတစ်စုံတစ်ရာကြောင့် စိုးရိမ်ပူပန်မှုများ များပြားလာသည့်အခါလည်း စိတ်ဖိစီးမှုများကို ရင်ဆိုင်ရနိုင်သည်။

စိတ်ဖိစီးမှုများကို ရင်ဆိုင်ဖြေရှင်းရသည့်အခါ တည်ငြိမ်အေးဆေးစွာ ရင်ဆိုင်ဖြေရှင်းခြင်းထက် စိတ်ထွက်ပေါက်ရှာဖွေကာ ရှောင်ပြေးကြသူများက များသည်။ အလုပ်၊ လူမှုပတ်ဝန်းကျင်၊ မိသားစု စသည့် ပြင်ပသက်ရောက်မှုများကြောင့် ခံစားရနိုင်သကဲ့သို့ ကိုယ်တိုင်စိတ်ပျော့နေချိန် ကြုံတွေ့လာရသည့် အခက်အခဲကိုဖြေရှင်းနိုင်စွမ်းမရှိ၍လည်း စိတ်ဖိစီးမှုများကိုခံစားရနိုင်သည်။ အရာရာကို ရင်ဆိုင်ဖြေရှင်းရဲသည့် မှန်ကန်သောသတ္တိရှိကြမည်ဆိုပါက စိတ်ဖိစီးမှုများကို တွန်းလှန်နိုင်မည်ဖြစ်သည်။ အချိန်မီပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ များပြားလွန်းခြင်း၊ သဘောထားမတူညီမှုများကြောင့် အငြင်းပွားမှုများ များပြားနေခြင်း၊ လုပ်ငန်းခွင်အတွင်း စည်းလုံးညီညွတ်မှုများ ပျက်ပြားနေခြင်း စသည့် အကြောင်းတရားများကြောင့် စိတ်ဖိစီးမှုများဖြစ်ပေါ်တတ်သည်။

လူမှုပတ်ဝန်းကျင်တွင်လည်း ရာသီဥတုပြောင်းလဲခြင်း၊ သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်နေရခြင်း စသည့် ပြင်ပသက်ရောက်မှုများကြောင့် ဖြစ်ပေါ်လာရသည့် အခက်အခဲများကြောင့်လည်း စိတ်ဖိစီးမှုများရှိလာတတ်သည်။ လုပ်ငန်းခွင်နှင့်လူမှုပတ်ဝန်းကျင်တွင် ကျင်လည်ရာ၌ အခက်အခဲများ မရှိသော်လည်း ချစ်ခင်ရသူများဆုံးပါးသွားခြင်း၊ နေမကောင်းဖြစ်ခြင်း၊ မိသားစုအခက်အခဲများ ရင်ဆိုင်နေရခြင်း၊ ငွေကြေးအခက်အခဲများရှိနေခြင်း စသည့် အခက်အခဲများကြောင့် စိတ်ဖိစီးမှုများရှိနေရပြန်သည်။ လူတိုင်းခံစားရတတ်သည့် စိတ်ဖိစီးမှုဆိုသည့်အရာကို စနစ်တကျ ရင်ဆိုင်ဖြေရှင်းနိုင်မည်ဆိုပါက ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများအတွင်း အောင်မြင်မှုပန်းတိုင်ကို အရောက်လှမ်းနိုင်မည်ဖြစ်သည်။

**ဆိုးကျိုးများကိုဖြေရှင်းစို့**

စိတ်ဖိစီးမှုများခံစားရသည့်အခါ ခေါင်းကိုက်ခြင်း၊ ဗိုက်အောင့်ခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ သွေးတိုးခြင်း၊ ခြေလက်အေးစက်လာခြင်း၊ အားအင်ကုန်ခန်းခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်း စသည့် ကျန်းမာရေးဆိုးကျိုးများကို ခံစားရတတ်သည်။ စိတ်ပိုင်းဆိုင်ရာခံစားမှုများဖြစ်သည့် စိတ်မကြည်မလင်ဖြစ်ခြင်း၊ ဝမ်းနည်းခြင်း၊ စိတ်ပျက်အားလျော့ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ မျှော်လင့်ချက်ပျောက်ဆုံးခြင်း၊ ယုံကြည်ချက်ပျောက်ဆုံးခြင်း၊ ဒေါသထွက်ခြင်း စသည့် ခံစားမှုများကို ခံစားရနိုင်သည်။ စိတ်ပိုင်းဆိုင်ရာ ခံစားမှုများကြောင့် အိပ်ချိန်မမှန်ခြင်း၊ ပေါင်းသင်းဆက်ဆံရေးပျက်ပြားလာခြင်း၊ တစ်ဦးတည်းဖြစ်လာခြင်း၊ အရက်သေစာသောက်စားခြင်း စသည့် မကောင်းသည့်အလေ့အကျင့်များကို ပြုလုပ်လာတတ်သဖြင့် စိတ်ဖိစီးမှုများကို တတ်နိုင်သလောက် လျှော့ချနိုင်ရေး ကြိုးစားဆောင်ရွက်သင့်သည်။

စိတ်ဖိစီးမှုများလာသည့်အခါ ဆုံးဖြတ်ချက်များဝေဝါးလာပြီး လုပ်ဆောင်ချက်များကလည်း လက်တွေ့အခြေအနေများနှင့် ကိုက်ညီမှုမရှိနိုင်တော့သဖြင့် စွမ်းဆောင်ရည်များ ကျဆင်းလာနိုင်သည်။ စိတ်ဖိစီးမှုများလာသည့်အခါ ပထမဆုံးခံစားရသည်မှာ စိတ်ပိုင်းဆိုင်ရာပြဿနာများပင်ဖြစ်ပြီး စိတ်ဓာတ်ကျခြင်းကြောင့် အိပ်ချိန်မမှန်ခြင်း၊ စားသောက်ချိန်မမှန်ခြင်း စသည့် ကျန်းမာရေးကိုထိခိုက်စေသည့် အပြုအမူများက အလိုအလျောက်ဖြစ်ပေါ်လာသည်။ စိတ်ဖိစီးမှုပြဿနာများကို အချိန်မီရင်ဆိုင်ဖြေရှင်းနိုင်ခြင်းမရှိပါက စိတ်ပျက်အားလျော့ကာ စိတ်ဓာတ်ကျဆင်းခြင်းမှသည် မိမိကိုယ်ကိုသတ်သေသည်ထိဖြစ်တတ်သဖြင့် သတိပြုဆင်ခြင်သင့်သည်။ ကြုံတွေ့ရသည့် စိန်ခေါ်မှုတိုင်းတွင် အဖြေကရှိပြီးဖြစ်သည်။ စိတ်ဖိစီးမှုများနှင့် ခံစားချက်များကြောင့်သာ အဖြေကို ရှာမတွေ့မိခြင်းပင်ဖြစ်သည်။ စိတ်ကိုလျှော့ချပြီး အေးဆေးတည်ငြိမ်စွာ အဖြေရှာကြမည်ဆိုပါက ထိရောက်ကောင်းမွန်သော ဖြေရှင်းနည်းများကို တွေ့ရှိနိုင်မည်ဖြစ်သည်။

**နည်းလမ်းများစွာရှိ**

လက်လုပ်လက်စားမှသည် ကမ္ဘာကျော်ပုဂ္ဂိုလ်များထိ နေ့စဉ်ဘဝတွင် စိတ်ဖိစီးမှုများကို ရင်ဆိုင်ကြုံတွေ့ရမည်က ဓမ္မတာပင်ဖြစ်သည်။ စနစ်တကျ ဖြေရှင်းနိုင်ကြသူများကသာ ဘဝအောင်မြင်မှုကိုရရှိနိုင်မည်ဖြစ်သဖြင့် ဖြေရှင်းနိုင်မည့်နည်းလမ်းများကို ရှာဖွေဖော်ထုတ်ကြရန် လိုအပ်သည်။ ခဏတာပြေပျောက်စေရေးအတွက် အပျော်အပါးလိုက်စားခြင်းကဲ့သို့သော နည်းလမ်းများဖြင့် မဖြေရှင်းမိစေရေး အလွန်အရေးကြီးသည်။ ထိုကဲ့သို့သောနည်းလမ်းများသည် ခဏတာစိတ်ခံစားမှုကို လျော့ကျသွားစေသော်လည်း ပြဿနာကို အမှန်တကယ်ကုစားနိုင်သည့် နည်းလမ်းမျိုးမဟုတ်ပေ။ စိတ်ပျက်အားလျော့ကာ လက်လျှော့အရှုံးပေးလိုက်မည်ဆိုပါကလည်း နောက်ဆက်တွဲစိတ်ဖိစီးမှုများကို ထပ်မံခံစားရမည်ဖြစ်သည်။

စိတ်ဖိစီးမှုသည် လူတိုင်းကြုံတွေ့ရနိုင်သော်လည်း အကောင်းမြင်ဝါဒရှိကြသူ အများစုသည် စိတ်ဖိစီးမှု၏ဒဏ်ကိုခံရသော်လည်း ထိခိုက်မှုနည်းတတ်သည်။ လုပ်ငန်းခွင်အတွင်း လိုက်လျောညီထွေရှိအောင် ကြိုးစားနေထိုင်၍ အချိန်မှန်မှန်အိပ်ခြင်း၊ အချိန်မှန်မှန်စားခြင်း၊ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်း၊ မိသားစုနှင့် အချိန်ကုန်ခြင်း၊ အနားယူချိန်ထားရှိခြင်း၊ စာဖတ်ခြင်း၊ စက်ဘီးစီးခြင်း၊ လမ်းလျှောက်ခြင်း၊ တရားထိုင်ခြင်း၊ အလုပ်နှင့်စပ်လျဉ်းသည့် လိုအပ်သောကျွမ်းကျင်မှုများကို ဖြည့်တင်းထားခြင်း စသည့် အလေ့အကျင့်များက စိတ်ဖိစီးမှုများကို လျော့ကျစေနိုင်ပြီး လုပ်ငန်းခွင်အတွင်း ကြုံတွေ့ရနိုင်သည့် အခက်အခဲနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်သည်။ အခက်အခဲ အကျပ်အတည်းများဖြင့် ရင်ဆိုင်ရချိန်တိုင်း တည်ငြိမ်စွာ ဖြေရှင်းတတ်ရန် အဓိကပင်ဖြစ်သည်။ အလုပ်နှင့် မိသားစုကြား မျှတစွာ အချိန်ပေးဆောင်ရွက်နိုင်ရေးကလည်း အရေးကြီးသည်။

**ပြည်သူအကျိုးစီးပွားအထူးအလေးထားစေလို**

နည်းပညာဆိုင်ရာ စိန်ခေါ်မှုများအပါအဝင် စိန်ခေါ်မှုပေါင်းစုံကို ရင်ဆိုင်နေရသည့်ကာလတွင် အခက်အခဲအကျပ်အတည်းများကို ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် ကိုယ်တိုင်အရည်အချင်းပြည့်ဝကာ စိတ်ဓာတ်ကောင်းမွန်နေရန်လိုအပ်သည်။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဝန်ဆောင်မှုပေးနေကြသူများဖြစ်သည်။ ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေသည့်အချိန်တွင် ပြင်ပဝေဖန်မှုများကိုလည်း ရင်ဆိုင်ရနိုင်သည်။ အချိန်ကို စနစ်တကျစီမံခန့်ခွဲကာ ကြုံတွေ့လာသည့်စိန်ခေါ်မှုတိုင်းကို ကိုယ်ကျင့်တရားနှင့် ကျင့်ဝတ်စံတန်ဖိုးများ လက်ကိုင်ထား၍ ဖြေရှင်းသွားကြရန်လိုအပ်သည်။

နိုင်ငံ့ဝန်ထမ်းများသည် အစိုးရယန္တရား၏ ဒေါက်တိုင်များ၊ ပင်နယန်များပင်ဖြစ်သဖြင့် အစိုးရယန္တရားလည်ပတ်မှုကို အားလျော့သွားစေရေးအတွက် နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ဟန့်တားနေကြသူများကလည်း ရှိနေတတ်သည်။ ပြည်သူလူထုကို အကျိုးပြုနေသည့် နိုင်ငံ့ဝန်ထမ်းကောင်းများကို ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေခြင်းမှ ရပ်ဆိုင်းသွားကာ ပြည်သူတို့ထံပါးမှ ထွက်ခွာသွားသူများဖြစ်ရန် အမျိုးမျိုးခြိမ်းခြောက် အကျပ်ကိုင်နေကြသူများလည်းရှိနေကြသည်။ နိုင်ငံတော်၏ စွမ်းအားများဖြစ်ပြီးပြည်သူလူထု၏ အားကိုးအားထားပြုရာ နိုင်ငံ့ဝန်ထမ်းကောင်းများသည် ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်းတို့ကြောင့် စိတ်ဖိစီးမှုများခံစားရပြီး CDM ဖြစ်စဉ်များတွင် ပါဝင်ခဲ့ကြရသူများလည်းရှိသည်။ နိုင်ငံ့စွမ်းအားများဖြစ်သည့် ဝန်ထမ်းကောင်းများအနေဖြင့် ရုတ်တရက်ဖြစ်ပေါ်လာသည့် အခြေအနေများတွင် ဆုံးဖြတ်ချက်များ မှားယွင်းသွားကာ မိသားစုစားဝတ်နေရေးပါ အဆင်မပြေတော့သည့် အခြေအနေများကိုရင်ဆိုင်ရသဖြင့် သက်ဆိုင်ရာလုပ်ငန်းခွင်သို့ ပြန်လည်ခိုဝင်ခဲ့ကြသူများကိုလည်း နိုင်ငံတော်အစိုးရကမေတ္တာတရားဖြင့် ပြန်လည်ကြိုဆိုခဲ့သည်ကိုတွေ့ရသည်။

**စောင့်ရှောက်နေပါသည်**

အဆင့်မြင့်အရာရှိများအနေဖြင့် ဌာန၊အဖွဲ့အစည်းများ၏ စီမံခန့်ခွဲအုပ်ချုပ်မှုလုပ်ငန်းတာဝန်များကိုထမ်းဆောင်ရာတွင် ခေါင်းဆောင်ကောင်းများပီသစွာ ကြုံတွေ့လာရနိုင်သည့် အခက်အခဲတိုင်းကို ဖိအားကင်းစွာ ဆောင်ရွက်နိုင်ကြရန်လိုအပ်သကဲ့သို့ မိမိ၏လက်အောက်တွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအနေဖြင့်လည်း ဖိအားကင်းကင်းဖြင့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရေး စီမံဆောင်ရွက်ပေးရန်လိုအပ်သည်။ အဆင့်မြင့်အရာရှိများအပါအဝင် နိုင်ငံ့ဝန်ထမ်းများအားလုံးတွင်လိုအပ်နေသည့် စိတ်ဖိစီးမှုများကို ရင်ဆိုင်ကျော်လွှားနိုင်ပြီး အဖွဲ့အစည်း၏ ရည်မှန်းချက်ပန်းတိုင်ကို စည်းလုံးညီညွတ်စွာချီတက်နိုင်ကြရေး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များက ဝန်ထမ်းများသို့ လေ့ကျင့်သင်ကြားပေးနေသည်။ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ၏ မေတ္တာရိပ်အောက်ရောက်ရှိနေစဉ်တွင် စနစ်တကျ လေ့လာမှတ်သား၍ လုပ်ငန်းခွင်တွင် လက်တွေ့ပြန်လည်အသုံးချနိုင်ရန်က နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်ပင်ဖြစ်သည်။

လက်ရှိအချိန်ထိ ခြိမ်းခြောက်အကျပ်ကိုင်မှုများ၊ သွေးထိုးလှုံ့ဆော်မှုများကို ကြံ့ကြံ့ခံရင်ဆိုင်ပြီး မသမာသူများကြောင့် ကြုံတွေ့လာရသည့် စိတ်ဖိစီးမှုများကို ပြည်သူ့အတွက်ဆိုသည့် မွန်မြတ်သော စိတ်တစ်ခုတည်းဖြင့် ရင်ဆိုင်ဖြေရှင်းကာ ပြည်သူ့မေတ္တာကိုအပြည့်အဝရရှိထားသည့် နိုင်ငံ့ဝန်ထမ်းများသို့ နိုင်ငံတော်အစိုးရကလည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၁ ရက်မှစ၍ လစဉ် ငွေကျပ် ၃၀၀၀၀ ကို အပိုထောက်ပံ့ကြေးအဖြစ် ထောက်ပံ့ပေးအပ်ကာ ချီးမြှင့်ခဲ့သည်။

သို့ဖြစ်ရာ အဆင့်မြင့်အရာရှိများအပါအဝင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် စိတ်အေးကြည်သာစွာဖြင့် ဌာန၊ အဖွဲ့အစည်းများအတွင်း ရင်ဆိုင်ကြုံတွေ့ရနိုင်သည့် အခက်အခဲ၊ အကျပ်အတည်း၊ စိန်ခေါ်မှုများကြောင့် ဖြစ်ပေါ်လာနိုင်သော စိတ်ဖိစီးမှုများကို လျှော့ချကာ နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် ဆတက်ထမ်းပိုး သယ်ပိုးနိုင်ကြပါစေကြောင်း ရည်ရွယ်ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

– နေ့စဉ်ထုတ်သတင်းစာများ

**❖အဆင့်မြင့်အရာရှိများအပါအဝင် နိုင်ငံ့ဝန်ထမ်းများအားလုံးတွင် လိုအပ်နေသည့် စိတ်ဖိစီးမှုများကို ရင်ဆိုင်ကျော်လွှားနိုင်ပြီး အဖွဲ့အစည်း၏ ရည်မှန်းချက်ပန်းတိုင်ကို စည်းလုံးညီညွတ်စွာ ချီတက်နိုင်ကြရေး နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များက ဝန်ထမ်းများသို့ လေ့ကျင့်သင်ကြားပေးနေသည်။ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ၏ မေတ္တာရိပ်အောက်ရောက်ရှိနေစဉ်တွင် စနစ်တကျ လေ့လာမှတ်သား၍ လုပ်ငန်းခွင်တွင် လက်တွေ့ပြန်လည်အသုံးချနိုင်ရန်က နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်ပင်ဖြစ်သည်။ ❖**

# မြန်မာတိုင်းရင်းသားတို့၏ ရိုးရာဝတ်စုံများကို မူပိုင်ခွင့်သတ်မှတ်ရန်နှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာဥပဒေများ သတ်မှတ်နိုင်ရေး ဆောင်ရွက်မည်



နေပြည်တော် ဩဂုတ် ၃၀

မြန်မာတိုင်းရင်းသားတို့၏ ရိုးရာဝတ်စုံများကို မူပိုင်ခွင့်သတ်မှတ်ရန်နှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ဥပဒေများသတ်မှတ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (နေပြည်တော်)မှ သိရသည်။

မြန်မာတိုင်းရင်းသားများ၏ ရိုးရာဝတ်စုံများကို နေ့စဉ်ဝတ်ဆင်ခြင်းနှင့် အခမ်းအနားများတွင် ဝတ်ဆင်ခြင်းများကို ခွဲခြားသတ်မှတ် မှတ်တမ်းတင်သွားမည်ဖြစ်ပြီး တိုင်းရင်းသားများ၏ ရိုးရာဝတ်စုံများကို မူပိုင်ခွင့်သတ်မှတ်ခြင်းနှင့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာဥပဒေများ သတ်မှတ်သွားရန်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာရှိတဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ဗမာ၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားတွေရဲ့ ဝတ်စုံတွေနဲ့ ပတ်သက်ပြီးတော့ လွဲမှားမှု မရှိစေဖို့၊ ဝတ်စုံတွေရဲ့ ဇာစ်မြစ်ကိုပါ လေ့လာစိစစ်နိုင်ဖို့ အတွက် မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏အမျိုးသားဝတ်စုံမှန်သတ်မှတ်ရေးကော်မတီကိုဖွဲ့စည်းပြီး ဆောင်ရွက်နေပါတယ်။ အဓိကတော့ တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင်ဝတ်စုံတွေကို မူပိုင်ခွင့်သတ်မှတ်နိုင်ဖို့နဲ့ ဒြပ်မဲ့အမွေအနှစ်အဖြစ်သတ်မှတ်နိုင်ဖို့ဖြစ်ပါတယ်" ဟုရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန (နေပြည်တော်)မှညွှန်ကြားရေးမှူးဦးအောင်အောင်ကျော်က ပြောပြသည်။

ထိုကဲ့သို့ တိုင်းရင်းသားတို့၏ ရိုးရာဝတ်စုံမှန် သတ်မှတ်နိုင်ရေးအတွက် သမိုင်းမှတ်တမ်းအထောက်အထားများ၊ မြေပြင်ကွင်းဆင်း လေ့လာမှတ်တမ်းပြုချက်များကို သက်ဆိုင်ရာတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Riddick:Furya ဇာတ်ကား ထုတ်လုပ်မှုအဆင့်သို့ တရားဝင်ရောက်ရှိ

နယူးယောက် ဩဂုတ် ၃၀

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ Riddick: Furya ဇာတ်ကားသစ်သည် ရိုက်ကူးရေးလုပ်ငန်း ပြီးဆုံးပြီးနောက် ထုတ်လုပ်မှုအဆင့်သို့ တရားဝင် ရောက်ရှိနေပြီဖြစ်ကြောင်း ဩဂုတ် ၂၉ ရက်သတင်းများအရ သိရသည်။

Riddick: Furya ဇာတ်ကား၏ လက်ရှိအခြေအနေကို ၎င်းဇာတ်ကား၌ ပါဝင်သရုပ်ဆောင်နေသော မင်းသား ဗင်ဒီဇယ်က အတည်ပြုထားခြင်းဖြစ်သည်။

Riddick: Furya ဇာတ်ကားသည် The Chronicles of Riddick ဇာတ်ကားတွဲများ၏ စတုတ္ထမြောက်ဇာတ်ကားဖြစ်သည်။


Riddick (2013) ဇာတ်ကား၏ နောက်ဆက်တွဲဖြစ်သော Riddick: Furya ဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်တူဟီက တာဝန်ယူရိုက်ကူးပေးထားသည်။

Riddick: Furya ဇာတ်ကားအတွက် ဇာတ်ညွှန်းကိုလည်း ဒါရိုက်တာ ဒေးဗစ်တူဟီကပင် တာဝန်ယူ ရေးသားထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် Riddick: Furya ဇာတ်ကား ရုံတင်ပြသမည့် ရက်ကို ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO




# အမရပူရမြို့နယ်ရှိ ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံတွင် ရွှေချည်ထိုး၊ ငွေချည်ထိုးသင်တန်း ဖွင့်လှစ်မည်

မန္တလေး ဩဂုတ် ၃၀

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတွင် မြန်မာ့ရိုးရာ လက်မှုအနုပညာရပ်တစ်ခုဖြစ်သည့် ရွှေချည်ထိုး၊ ငွေချည်ထိုးသင်တန်း ဖွင့်လှစ်မည်ဖြစ်ကြောင်း အဆိုပါ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံမှ ဒုတိယကျောင်းအုပ်ကြီး ဒေါ်ခင်ဝင်းကြည်ထံမှ သိရသည်။

အဆိုပါ ရွှေချည်ထိုး၊ ငွေချည်ထိုး သင်တန်းကို စက်တင်ဘာ ၁ ရက်မှနိုဝင်ဘာလကုန်ထိ အခမဲ့ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသားများကို ခေါ်ယူနေကြောင်း သိရသည်။

"ရွှေချည်ထိုး၊ ငွေချည်ထိုး အခမဲ့သင်တန်းကို တတိယအကြိမ်မြောက် ဖွင့်လှစ်မှာဖြစ်ပါတယ်။ ရိုးရာလက်မှု အနုပညာရပ်တစ်ခုဖြစ်တဲ့အတွက် ထိန်းသိမ်းတဲ့အနေနဲ့ တစ်နှစ်ကိုသုံးကြိမ် ဖွင့်လှစ်ပါတယ်။ သင်တန်းမှာ အခြေခံပန်းချီပညာရပ်နဲ့ ရွှေချည်ထိုး၊ ငွေချည်ထိုး အသုံးပြုပစ္စည်း အခေါ်အဝေါ်၊ ပန်းချီကောက်ကြောင်းတွေအပေါ်မှာ လက်တွေ့ရေးထိုးနိုင်ဖို့ကို အဓိကသင်ကြားပေးမှာ ဖြစ်ပါတယ်"ဟု ဒေါ်ခင်ဝင်းကြည်က ပြောပြသည်။



အဆိုပါ ရွှေချည်ထိုး၊ ငွေချည်ထိုး သင်တန်းအတွက် သင်တန်းသား ငါးဦးသာ ခေါ်ယူမည်ဖြစ်ပြီး သင်တန်းသားများသည် အသက် ၁၆ နှစ်မှ ၂၅ နှစ်အတွင်း အခြေခံပညာ မူလတန်းအဆင့် တတ်မြောက်ထားသူ မည်သူမဆို လျှောက်ထားနိုင်ကြောင်း၊ ထို့ပြင် သင်တန်းသားများအတွက် အဆောင်တွင် အခမဲ့နေထိုင်ခွင့်ရှိပြီး သင်တန်းကာလအတွင်း လစဉ် ထောက်ပံ့ကြေးငွေရရှိမည်ဖြစ်ကြောင်း သိရသည်။ ASH

# Marty Supreme ဇာတ်ကားသစ်၌ မင်းသမီး ဝိန်းနက်ပယ်ထရိုး ပါဝင်မည်

နယူးယောက် ဩဂုတ် ၃၀

A 24 ရုပ်ရှင်ကုမ္ပဏီ၏ Marty Supreme ဇာတ်ကားသစ်၌ အော်စကာဆုရှင် မင်းသမီးကြီး ဝိန်းနက်ပယ်ထရိုး ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၂၉ ရက်သတင်းများအရ သိရသည်။

Marty Supreme ဇာတ်ကားတွင် မင်းသမီး ဝိန်းနက်ပယ်ထရိုးသည် မင်းသား တင်မိုသီချားမက်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် ဝိန်းနက်ပယ်ထရိုးအတွက် Avengers: Endgame (2019) ဇာတ်ကားနောက်ပိုင်း ပထမဆုံးရုပ်ရှင်ဇာတ်ကားဖြစ်သည်။

Marty Supreme ဇာတ်ကားကို ဒါရိုက်တာ ဂျိုရှ်ဆက်ဒီးက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ရိုနယ်ဘရွန်းစတိန်းနှင့်ပူးတွဲရေးသားထားသည်။

လက်ရှိအချိန်တွင် Marty Supreme ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Marty Supreme ဇာတ်ကား ရုံတင်ပြသမည့် ရက်ကိုလည်း ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO





# လန်ချန်း-မဲခေါင်ပုံရိပ်အမြင် ဗီဒီယိုမှတ်တမ်းတိုပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဗီဒီယိုမှတ်တမ်းတိုဖန်တီးသူများ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထား

ရန်ကုန် ဩဂုတ် ၃၀

China News Service က ကျင်းပနေသည့် လန်ချန်း-မဲခေါင် ပုံရိပ်အမြင် ဗီဒီယိုမှတ်တမ်းတိုပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဗီဒီယိုမှတ်တမ်းတိုဖန်တီးသူများ ပါဝင်ယှဉ်ပြိုင်ရန် စက်တင်ဘာလကုန်ထိ ဖိတ်ခေါ်ထားကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နိုင်ငံတကာ ဆက်ဆံရေးဌာနမှ ပြန်ကြားရေးတာဝန်ခံ ဦးချမ်းသာကြည်စိုးက ပြောပြ၍ သိရသည်။

အဆိုပါ ဗီဒီယိုမှတ်တမ်းတိုပြိုင်ပွဲကို လန်ချန်း-မဲခေါင်ပူးပေါင်းဆောင်ရွက်မှု ယန္တရားထူထောင်ခြင်း ရှစ်နှစ်ပြည့်ကာလတွင် China News Service က ကြီးမှူးကျင်းပနေခြင်းဖြစ်ပြီး လန်ချန်း-မဲခေါင်ဒေသတွင် ပါဝင်သည့် မြန်မာအပါအဝင် နိုင်ငံ ခြောက်နိုင်ငံမှ ပြိုင်ပွဲဝင်များ၏ ဗီဒီယိုမှတ်တမ်းတို လက်ရာများကို စက်တင်ဘာလကုန်ထိ လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

"လန်ချန်း-မဲခေါင် ပုံရိပ်အမြင် ဗီဒီယိုမှတ်တမ်းတိုပြိုင်ပွဲအတွက် မဲခေါင်ဒေသ နိုင်ငံတွေဖြစ်တဲ့ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယားနဲ့ တရုတ်နိုင်ငံက ပြိုင်ပွဲဝင်တွေရဲ့ သုံးမိနစ်စာ ဗီဒီယိုမှတ်တမ်းတိုတွေကို ဇူလိုင်လကနေ စက်တင်ဘာလကုန်ထိ လက်ခံပေးသွားမှာဖြစ်ပါတယ်။ ပြိုင်ပွဲဝင် ဗီဒီယိုမှတ်တမ်းတို ဖန်တီးသူတွေဟာ လန်ချန်း-မဲခေါင် မြစ်ကမ်းနှစ်ဖက်ရှိတဲ့ သဘာဝပတ်ဝန်းကျင်နဲ့ ပြည်သူအချင်းချင်း ကူးလူးဖလှယ်တဲ့ ရှုခင်းတွေကို မှတ်တမ်းတင်ရိုက်ကူးရမှာ ဖြစ်ပါတယ်"ဟု တာဝန်ခံ ဦးချမ်းသာကြည်စိုးက ပြောပြသည်။

အဆိုပါပြိုင်ပွဲဝင် ဗီဒီယိုမှတ်တမ်းတိုများကို http://www.ecns.cn/cns-wire/2024-04-29/detail-ihczzkiq6812202.shtml လင့်မှတစ်ဆင့် ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets members of Bago Region cabinet



Senior General Min Aung Hlaing meets members of Bago Region cabinet.

**Nay Pyi Taw August 30**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met members of Bago Region cabinet at the meeting hall of region government office this afternoon and discussed regional development.

Also present together with the Senior General were Joint SAC Secretary General Ye Win Oo, SAC members General Maung Maung Aye and General Nyo Saw, union ministers, Bago Region Chief Minister U Myo Swe Win, senior military officers from Office of Commander-in-Chief, the Southern Command commander, deputy ministers and officials.

**Regional facts and farming activities presented**

The chief minister reported on facts of the region, crop cultivation and multiple-cropping programs, rice production and local food sufficiency, cooking oil production, beans and pulses cultivation, annual cultivation of industrial crops, cotton cultivation, availability and conservation of water resources, distribution of agricultural tools, triple-cropping programs for boosting crop output, livestock breeding activities, education and health development undertakings, and future programs.

In response, the Senior General spoke of the need to increase summer paddy yield, improve the quality of rice till meeting the export quality through research, extend sunflower cultivation to help ensure local oil sufficiency. He also looked into the requirements.

**Political developments of the country**

As regards the political developments, the Senior General explained in detail political developments of the country throughout the past successive periods, vote rigging in 2020 multiparty general election and the then officials failure to solve the problem, declaration of the state of emergency due to the national situation then and Tatmadaw's assumption of state duties, crisis triggered by Covid-19, terrorism that occurred due to instigation of political opportunists and restoration of the country in accord with the law, SAC's adoption of policies and objectives and endeavours for national peace, stability and progress.

**Successful holding of free and fair multiparty general election**

He then said that as for the correctness of the voter list for the coming election, work programs including field voter list collection are being carried out systematically while taking vote rigging of the 2020 election as a lesson. Population and housing census will be conducted in the coming October to ensure correctness of the voter list. Collective participation is required to fully conduct the census in Bago, beginning from the start of the census on 1 October. It must be a systematic general election, and the state duties will be transferred to the government that emerged from the election. Efforts will be made to hold the election and convene the hluttaw with dignity.

**Success of hluttaw meetings at all levels**

Efforts will be made to hold honorable hluttaw meetings and to ensure the presence of entitled representatives. Hluttaws will truly represent the respective regions only if they are formed with truly entitled persons. The meeting was held to disseminate knowledge about the nation's political developments and the ongoing programs to hold a free and fair multiparty general election.

**Economic development of the nation**

When we began our duties concerning the country's economic matters, Western countries imposed economic sanctions and reduced their support. Due to these economic sanctions, we were unable to utilize foreign currencies owned by our country. As a result, we primarily had to rely on the funds obtained from trade activities. Upon reviewing the previous foreign revenues, it was found that these mainly consisted of loans, grants, and foreign investments. We are currently repaying as many foreign loans as possible and focusing on boosting production to enhance trade activities. To export domestic products abroad, it is necessary to ensure high quality, as increasing exports will generate more foreign currency, leading to the country's economic development.

For economic growth and to increase the production of goods, it is necessary to support production-based industries primarily focused on agriculture, which is the country's main economic activity. Regarding agriculture, successful crop growth and good yields must be achieved through four methods involving seeds, soil, water, and techniques. If productivity increases, farmers' incomes will also rise, subsequently benefiting the country's revenue and contributing to economic growth.

The Bago Region should also work towards developing agriculture and livestock-based industries, as well as manufacturing industries, to foster growth. To expand industrial manufacturing, it is essential to cultivate rubber, coffee, sugarcane, cotton, and tea.

If the nation's economy develops, the socio-economic conditions of the citizens will also improve, leading to greater prosperity. A stronger economy will allow us to work towards the country's overall progress. Therefore, government employees must strive to contribute to national economic development within their respective sectors. In considering government employees, we are increasing allowances and providing appropriate support to military personnel, Myanmar police force members, and firefighters, who are performing their duties with dedication. Additionally, we have granted honorariums to teachers according to their qualifications.

**Education and health**

Regarding education, there is still a significant need for many teachers in our country, and the government is working to fill this gap as much as possible. Similarly, to enhance the education sector, efforts must be made to ensure that all school-age children can attend school, and the transition rates between grades should also be maintained at a good level. Stability, peace, and a sound economy are necessary for effective learning, and thus the region must strive to achieve these conditions.



Senior General Min Aung Hlaing inspects the maintenance of the Kanbawzathadi Palace.

*See Page 13*



Senior General Min Aung Hlaing visits the Kanbawzathadi Palace.

*From Page 12*

When schools temporarily closed due to natural disasters or other reasons are reopened, additional classes should be provided to ensure that students genuinely gain knowledge.

Teachers need to have a genuine desire to ensure that students truly acquire knowledge. Education is the future of the nation, and for a multi-party democratic path to be followed, it is essential to have a population rich in educated individuals. Only when there is an abundance of educated people will it be possible to acquire the necessary knowledge and skills to drive economic development. To attain such knowledge and skills, we continue to support efforts to improve the quality of education. To provide citizens with a foundation in economic principles, universities offer courses in economics, and to help them understand democracy, universities also teach law. This is to enable them to perform their duties systematically and efficiently for the benefit of the country. The Bago Region, with its favorable geographical conditions, would see even greater development if it could nurture a new generation of young people equipped with full knowledge and skills.

In connection with health, medical doctors are being appointed in hospitals in accordance with the policy of assigning doctors in every hospital. Health workers are being appointed constantly to provide healthcare services in the entire country. As the government is doing so, the people are required to enhance their health awareness and adopt healthy lifestyles. When a person's health deteriorates, it has impacts not only on that individual but also on his surrounding, community and family. As one can work and study only when one is healthy, one is required to take care of one's health. In connection with health, efforts must be made in respective regions and states to promote the sports sector. Body fitness and skills in sports techniques must be enhanced. Promotion of the sports sector must be carried out for the health and fitness of entire national people and vitalization of patriotism.

**Rule of law, security**

In connection with the rule of law, public security measures are being taken and to do so, local elders, the police and general administration staff are required to cooperate. Those who are actually willing to serve duties must be assigned duties. Administrators and the police have contacts with people on the ground. Therefore, they are required to have good relations with the people. The public security system must be implemented in cooperation with those who will serve the interests of regions by implementing different levels of information systems, the police and administrative bodies. By implementing different levels of information systems, the number of crimes will drop. If the rule of law and security measures can be taken effectively to the village level, it will contribute much to conducting population census and the election. Therefore, Bago Region officials are required to place emphasis on the rule of law and security. The government has taken time to broadly explain the situation of political transformation, economy, education, health, the rule of law and security in the country, objectives of the country to regional officials and they are urged to exert efforts as much as possible for development through regional efforts.

Then, the Senior General and party arrived at the Kanbawzathadi Palace in Bago and inspected the display of excavated teak logs from the former palace buildings, renovation tasks of the palace, renovation tasks of the palace. Afterward, the Senior General gave instructions on the needs to carry out maintenance tasks in detail, cleanliness of the palace, to display ancient relics without damage, to keep roads in the palace in good condition, to dig conduits to prevent flooded areas and renovation tasks of the palace.

Then, the Senior General and party inspected the former moat of the Hanthawaddy palace near the gate and gave instructions on excavation and durability of the palace wall, the needs to reconstruct the walls in accordance with historical evidence in their original styles. 100

# 5 terrorists killed, 3 injured in military operations in SW Pakistan

**Islamabad August 30**

Pakistan's military said on Friday that it had killed five terrorists and injured three others in three different operations in the country's southwest Balochistan province.

The Inter-Services Public Relations (ISPR), the media wing of the Pakistan army, said in a statement that the personnel of security forces conducted three intelligence-based operations on Thursday night in the Kech, Panjgur and Zhob districts of the province.

The operations led to an intense exchange of fire, killing the terrorists, said the military.

The ISPR added that the Thursday night operations are part of the ongoing military campaign against terrorists who attacked innocent civilians in Balochistan on August 26, killing over 50 persons in different overnight attacks.

"The security forces are conducting extensive operations to hunt down the perpetrators of these heinous acts," said the ISPR, adding that clearance operations will continue until all perpetrators, facilitators and abetters of these atrocious acts are brought to justice.

The ISPR added that the security forces of Pakistan, in step with the nation, remain determined to thwart attempts at sabotaging the peace, stability, and progress of Balochistan. Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## MSI ကုမ္ပဏီက အမေရိကန်တပ်မတော်ထံ EAGLS တန်ပြန်ဒရုန်းရန်ကာကွယ်ရေးစနစ်ကို ပထမဆုံးလွှဲပြောင်းပေးအပ်



အမေရိကန်နိုင်ငံ MSI ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီသည် အမေရိကန်တပ်မတော်ထံ EAGLS တန်ပြန်ဒရုန်းရန်ကာကွယ်ရေးစနစ်ကို ပထမဆုံးအကြိမ် လွှဲပြောင်းပေးအပ်ခဲ့သည်ဟု The Defense Post သတင်းဌာနက ဩဂုတ် ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

မြောက်ကယ်ရိုလိုင်းနားပြည်နယ် အခြေစိုက် MSI ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ မောင်းသူမဲ့လေယာဉ်စနစ်များ၏ ကြီးထွားလာနေသည့် စဉ်ဆက်မပြတ်ခြိမ်းခြောက်မှုများကို ရင်ဆိုင်နေရသော ရှေ့တန်းတပ်ဖွဲ့များကို ပံ့ပိုးပေးနိုင်ရန်အတွက် EAGLS တန်ပြန်ဒရုန်းရန်ကာကွယ်ရေးစနစ် ခြောက်စုံအတွက် အမှာစာလက်ခံရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်စပ်ပစ္စည်းများနှင့် ပြုပြင်ထိန်းသိမ်းရေး အထောက်အကူပြုပစ္စည်းများပါဝင်သည့် အဆိုပါဝယ်ယူရေးသဘောတူစာချုပ်ကို အရေးပေါ်ဝယ်ယူရေးအာဏာပိုင်အဖွဲ့မှတစ်ဆင့် အမေရိကန်ရေတပ်၊ လေကြောင်းစနစ်များကွပ်ကဲမှုဌာနချုပ်က မှာယူခဲ့ခြင်းဖြစ်သည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာန၏ အစောပိုင်းသဘောတူစာချုပ်အသိပေးချက်တွင် ကုမ္ပဏီအနေဖြင့် EAGLS တန်ပြန်ဒရုန်းရန် ကာကွယ်ရေးစနစ် ငါးစုံကို အရှေ့အလယ်ပိုင်းဒေသ၊ ဗဟိုအာရှနှင့် အရှေ့တောင်အာရှဒေသများအပါအဝင် အမေရိကန်နိုင်ငံ ဗဟိုကွပ်ကဲမှုဌာနချုပ်များသို့ ပို့ဆောင်ပေးသွားရမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

MSI ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီ၏ CEO ဖြစ်သူ Nguyen Trinh က EAGLS တန်ပြန်ဒရုန်းရန်ကာကွယ်ရေးစနစ်ဝယ်ယူရေး အမှာစာလက်ခံရရှိခဲ့ခြင်းအတွက် ဂုဏ်ယူကြောင်းနှင့် အရေးကြီး အခြေခံအဆောက်အအုံများ၊ တပ်ဖွဲ့ဝင်များ၏အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်နိုင်လိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

EAGLS ဟု အမည်ပေးထားသော အဆင့်မြင့် မြေပြင်အခြေစိုက်အီလက်ထရွန်နစ်လောင်ချာစနစ် (Electronics Advanced Ground Launcher System) ကို အဝေးထိန်းလက်နက်ပစ်လွှတ်စနစ်တစ်ခု၊ Leonardo ကုမ္ပဏီ၏ RPS-40 Multi-Mission Hemispheric ရေဒါအပြင် Electro-Optical အာရုံခံကိရိယာနှင့်အနီအောက်ရောင်ခြည်သုံးကင်မရာများပါဝင်ဖွဲ့စည်းထားသည့် အာရုံခံကိရိယာတပ်ဆုံလည်တစ်ခုတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်သည်။

လက်နက်ပစ်လွှတ်စနစ်တွင် RPS-40 ရေဒါ၏ ထောက်လှမ်းမှုအကွာအဝေးနှင့် အတူတူပင်ဖြစ်သည့် အကွာအဝေး ၁၀ ကီလိုမီတာထိ ပစ်ခတ်နိုင်သော Advanced Precision Kill Weapon System II ဒုံးကျည်ကဲ့သို့ လေဆာလမ်းညွှန်စနစ်သုံး ဒုံးကျည်များအသုံးပြုပစ်ခတ်နိုင်မည့် ၇၀ မမ ဒုံးပစ်လောင်ချာတစ်ခုကို တပ်ဆင်ထားသည်။

EAGLS စနစ်သည် ယာဉ်တင်အမျိုးအစားနှင့် အခြေစိုက်စခန်းသုံးအဖြစ် နှစ်မျိုးစလုံးတိုက်ပွဲဝင်ဖြန့်ကြက်၍ ပတ်ဝန်းကျင်အခြေအနေအမျိုးမျိုးတွင် အသုံးပြုနိုင်ရန် ဒီဇိုင်းထုတ်ထားသော တန်ပြန်ဒရုန်းရန် ကာကွယ်ရေးစနစ်တစ်ခုလည်းဖြစ်ကြောင်း သိရသည်။

**US Army Receives First EAGLS Laser-Guided Counter-Drone System ကို ဘာသာပြန်ဆိုထားပါသည်။**

## နယ်သာလန်နိုင်ငံက ယူကရိန်းကိုပံ့ပိုးရန် ဒရုန်းရှာဖွေထောက်လှမ်းရေးယာဉ်တင် ရေဒါ ၅၁ စီး ဝယ်ယူခဲ့

နယ်သာလန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနသည် ယူကရိန်းနိုင်ငံကို ပံ့ပိုးရန်အတွက် Robin Radar Systems ကုမ္ပဏီထံမှ IRIS ဒရုန်းရှာဖွေထောက်လှမ်းရေးယာဉ်တင်ရေဒါ ၅၁ စီး ဝယ်ယူခဲ့ကြောင်း The Defense Post သတင်းဌာနက ဩဂုတ် ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဒရုန်းရန် ကာကွယ်ရေးအတွက် ဒရုန်းရှာဖွေထောက်လှမ်းရေးယာဉ်တင်ရေဒါ ၅၁ စီးကို ၂၀၂၄ ခုနှစ်၏ နောက်ဆုံးသုံးလပတ်အတွင်း လွှဲပြောင်းပေးအပ်သွားရန် မျှော်မှန်းလုပ်ဆောင်နေခြင်းလည်းဖြစ်သည်။ နယ်သာလန် ကာကွယ်ရေးဝန်ကြီးဌာနသည် ပြီးခဲ့သည့် ၁၈ လခန့်ကလည်း Robin Radar Systems ကုမ္ပဏီထံမှ IRIS ဒရုန်းရှာဖွေထောက်လှမ်းရေးအတွက် သီးသန့်ထုတ်လုပ်ထားသော မြေပြင်အခြေစိုက်ရေဒါ ၅၁ စီးကိုလည်း ဝယ်ယူခဲ့ပြီး နိုင်ငံ၏ အရေးကြီးနေရာအသီးသီး၌ ဖြန့်ကြက်ချထားကြောင်း သိရသည်။

နောက်ဆုံးဝယ်ယူခဲ့သော မိုဘိုင်း (ယာဉ်တင်)ရေဒါသည် မော်တော်ယာဉ်များနှင့် သင်္ဘောများကဲ့သို့ ယာဉ်တင်အမျိုးမျိုးပေါ်တွင် တပ်ဆင်၍အသုံးပြုနိုင်ကာ ရွေ့လျားမောင်းနှင်နေစဉ် လုပ်ဆောင်နိုင်သည့်စနစ်အသစ်တစ်ခုဖြစ်သည်။ ယာဉ်တင်ရေဒါတစ်စီးကို အခြေစိုက်ရေဒါတစ်ခုနှင့်နှိုင်းယှဉ်ပါက ပစ်မှတ်ရှာဖွေထောက်လှမ်းခြင်းနှင့် စိစစ်ခွဲခြားသတ်မှတ်ရာတွင် ပိုမိုခက်ခဲပြီး ဒရုန်းများကိုရှာဖွေထောက်လှမ်းနိုင်ရေးမှာမူ ပိုမိုအချိန်ပေးရလေ့ရှိသည်။

အလေးချိန်အားဖြင့် ၂၉ ကီလိုဂရမ်ရှိပြီး 3D ပုံရိပ်ကိုဖော်ပြပေးနိုင်စွမ်းရှိသည့် IRIS ရေဒါကို အရွယ်အစားသေးငယ်လျင်မြန်၍ ထောက်လှမ်းရှာဖွေရန်ခက်ခဲသော ဒရုန်းများကို ရှာဖွေထောက်လှမ်းနိုင်ရန် ဒီဇိုင်းရေးဆွဲထားပြီးငှက်များကဲ့သို့ ပျံသန်းနိုင်သောအရာဝတ္ထုများနှင့် ကွဲပြားစွာသိရှိနိုင်ရန် ခွဲခြားစိစစ်နိုင်စွမ်းရှိကြောင်း သိရသည်။

IRIS ဒရုန်းရှာဖွေထောက်လှမ်းရေးယာဉ်တင်ရေဒါစနစ်သည် အရှိန်နှုန်းမြင့်မားစွာ ရွေ့လျားမောင်းနှင်နေစဉ် ကြိုတင်သတိပေးချက်များနှင့် နောက်ဆုံးရရှိထားသည့်ပစ်မှတ်အချက်အလက်များကို တိကျစွာပံ့ပိုးပေးနိုင်သည်။ ရေဒါသည် ညွှန်းရပ် ၃၆၀ ဒီဂရီပတ်လည် လွှမ်းခြုံနိုင်ပြီး မြင့်ထောင့် ၆၀ ဒီဂရီထိ ဖမ်းယူထောက်လှမ်းနိုင်စွမ်းရှိသည်။

အများဆုံးအကွာအဝေး ငါးကီလိုမီတာထိ ရှာဖွေထောက်လှမ်းနိုင်စွမ်းရှိပြီး IRIS ယာဉ်တင်ဒရုန်းရှာဖွေထောက်လှမ်းရေးရေဒါသည် အလေးချိန် သုံးကီလိုဂရမ်ရှိသော ဒရုန်းများကို အကွာအဝေး လေးကီလိုမီတာထိ ရှာဖွေထောက်လှမ်းနိုင်ပြီး အလေးချိန် ၁ ဒသမ ၄ ကီလိုဂရမ်ရှိသော ဒရုန်းများကို အကွာအဝေး




နှစ်ကီလိုမီတာထိ ရှာဖွေထောက်လှမ်းနိုင်စွမ်းရှိကြောင်း သိရသည်။

နယ်သာလန် ကာကွယ်ရေးဝန်ကြီးဌာန၏ ဒရုန်းရန်ကာကွယ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုသည် လွှမ်းခြုံကာကွယ်နိုင်စွမ်း၊ ပစ်မှတ်စိစစ်ခွဲခြားရာတွင် တိကျမှုနှင့် မြင်နိုင်စွမ်းတို့ကို လျော့ပါးစေနိုင်သော ယာဉ်၏ရွေ့လျားမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများကို ဖယ်ရှား၍ ကာကွယ်နိုင်စွမ်းကို တီထွင်ထုတ်လုပ်ရာတွင် များစွာအကူအညီဖြစ်စေခဲ့သည်ဟု Robin Radar Systems ကုမ္ပဏီက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ ဒရုန်းရန်ကာကွယ်ရေးအတွက် ယာဉ်တင်ရေဒါများဝယ်ယူမှုကြောင့် Robin Radar Systems ကုမ္ပဏီသည် ရက်သတ္တတစ်ပတ်လျှင် IRIS ဒရုန်း ရှာဖွေထောက်လှမ်းရေးရေဒါ ထုတ်လုပ်မှုနှုန်းကို လေးဆထိတိုးမြှင့်နိုင်ခဲ့ပြီး ရှေ့တန်းစစ်မျက်နှာအတွက် နောက်ထပ်ဆန်းသစ်တီထွင်မှုများ ဖန်တီးလုပ်ဆောင်နိုင်လိမ့်မည် ဖြစ်ကြောင်း သိရသည်။

**Netherlands Buys 51 Mobile Drone Detection Radars for Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၃၅၇၄၀ စိုက်ပျိုးပြီးစီး



ရေဦး ဩဂုတ် ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၃၅၇၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ တန့်ဆည်မြို့နယ်တွင် မြေပဲဧက ၃၅၇၁၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ်မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၃၅၇၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ မြေပဲဧက ၃၅၇၁၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၅၇၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ မြေပဲစိုက်ပျိုးမှုက အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်" ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိကြောင်းနှင့် တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ယခုနှစ် တန့်ဆည်မြို့နယ်တွင် မြေပဲစိုက်ခင်းများကို အောင်မြင်ဖြစ်ထွန်းနိုင်စေရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး မှတ်တမ်းများရယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ရေဦးခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။ (၂၀၆)

# မအူပင်မြို့နယ် လတာကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

မအူပင် ဩဂုတ် ၃၀

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အခြေခံကျေးရွာအုပ်စု လတာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ ကျပ်သိန်း ၁၀၀ ဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သီတာမြင့်နှင့် အင်ဂျင်နီယာ ဝန်ထမ်းများက လတာကြီးကျေးရွာရှိ ကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးခဲ့ရာ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များက စီမံကိန်းလုပ်ငန်းကို အောင်မြင်အောင်ကြိုးစားခဲ့ပြီး ဖြစ်ရာ အဆိုပါလုပ်ငန်းရေရှည်ကောင်းမွန်စွာ အသုံးပြုနိုင်ရေး စည်းကမ်းတကျ အသုံးပြုကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးရွာတွင်းလမ်း အရှည် ပေ ၁၉၀၀၊ အကျယ် ခြောက်ပေ၊ အမြင့် ခြောက်လက်မရှိကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သိန်း ၁၅၀ စုစုပေါင်း ငွေကျပ် သိန်း ၂၅၀ ဖြင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ အင်ဂျင်နီယာ ဝန်ထမ်းများ၏ ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သီတာမြင့်ထံမှ သိရသည်။

ကိုလှိုင်



# မြိတ်မြို့နယ် ကန်သာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မြိတ် ဩဂုတ် ၃၀

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကန်သာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် ဝန်ထမ်းများက ကန်သာယာကျေးရွာရှိ တာဝန်ရှိသူများ၊ မြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ခြင်းနှင့် ပထမအကြိမ်ချေးငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကန်သာယာကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၉ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကန်သာယာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၁၃ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၅ ဒသမ ၉ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၄ ဒသမ ၁၀ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၂ ဒသ မ ၈ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ လေးဦးကိုငွေကျပ် ၂ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်မတည်ရန်ပုံငွေကျပ် ၂၉ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက ပြောပြ၍ သိရသည်။ **ချိုလေး**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံ့ခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၉-၈-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဇေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ဧည့်ဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၇၀၀၀/၁၇၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၃၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၈၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၃၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၁၈၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၂၀ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)








နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်းဒေသကြီးဆိုင်ရာအချက်အလက်များနှင့် သီးနှံများစိုက်ပျိုးလျက်ရှိမှု၊ ဆီထွက်သီးနှံနှင့် ပဲမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

**၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များကို သင်ခန်းစာယူပြီး လာမည့်ရွေးကောက်ပွဲတွင် မဲစာရင်းများမှန်ကန်မှုရှိစေရေးအတွက် မြေပြင်စာရင်းကောက်ယူခြင်းလုပ်ငန်းများအပါအဝင် လုပ်ငန်းစဉ်များအတိုင်း စနစ်တကျစီမံဆောင်ရွက်လျက်ရှိ. . .**

**ရွေးကောက်ပွဲကို စည်းစနစ်ကျနမှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးနှင့် ၎င်းရွေးကောက်ပွဲက ထွက်ပေါ်လာသည့် အစိုးရကို နိုင်ငံတော်တာဝန်များလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်. . .**

**ရှေ့ဖုံးမှအဆက်**

ဝါသီးနှံစိုက်ပျိုးမှု၊ ရေအရင်းအမြစ်များရရှိမှုနှင့် ထိန်းသိမ်းထားရှိမှု၊ စိုက်ပျိုးရေးအထောက်အကူပြု ပစ္စည်းကိရိယာများဖြန့်ဝေပေးလျက်ရှိမှု၊ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး နှစ်သီးမှ သုံးသီးသီးထွက်စွမ်းအား တိုးမြှင့်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နွေစပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ အထွက်နှုန်းများပိုမိုတိုးတက်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ထွက်ရှိလာသည့် ဆန်၊ စပါးများကို ပြည်ပဈေးကွက်သို့တင်ပို့နိုင်သည့် အရည်အသွေးရရှိသည်ထိ သုတေသနပြုကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသတွင်းစားသုံးဆီဖူလုံမှုကို အထောက်အကူပြုစေရန်အတွက် ဆီထွက်သီးနှံတစ်ခုဖြစ်သည့် နေကြာစိုက်ပျိုးမှုများကိုလည်း တိုးချဲ့ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

**နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲခဲ့မှု အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့် မဲမသမာမှုများကို တာဝန်ရှိသူများက ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိခဲ့သည့် အခြေအနေများ၊ နိုင်ငံတော်တွင် ဖြစ်ပေါ်လာခဲ့သည့် အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး တပ်မတော်က နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှုအခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်ခဲ့ရသည့် အကျပ်အတည်းများနှင့် နိုင်ငံရေးအမြတ်ထုတ်လိုသူများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့်ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ရပ်များကို ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် မူဝါဒများ၊ ဦးတည်ချက်များချမှတ်၍ ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

**လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး**

ယင်းနောက် မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ **ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များကို သင်ခန်းစာယူပြီး လာမည့် ရွေးကောက်ပွဲတွင် မဲစာရင်းများမှန်ကန်မှုရှိစေရေးအတွက် မြေပြင်စာရင်းကောက်ယူခြင်းလုပ်ငန်းများအပါအဝင် လုပ်ငန်းစဉ်များအတိုင်း စနစ်တကျစီမံဆောင်ရွက်လျက်ရှိ**ကြောင်း၊ မဲစာရင်းအချက်အလက်များမှန်ကန်မှုရှိစေရေး လာမည့် အောက်တိုဘာလတွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အောက်တိုဘာ ၁ ရက်မှစတင်၍ သန်းခေါင်စာရင်းကောက်ယူရာတွင် ပဲခူးတိုင်းဒေသကြီးအတွင်း ရာနှုန်းပြည့် ကောက်ယူနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ စာရင်းဇယားများ မှန်ကန်စွာရရှိစေရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ **ရွေးကောက်ပွဲကို စည်းစနစ်ကျနမှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးနှင့် ၎င်းရွေးကောက်ပွဲက ထွက်ပေါ်လာသည့်အစိုးရကို နိုင်ငံတော်တာဝန်များလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း၊ သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်အစည်းအဝေး ကျင်းပနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လွှတ်တော်အသီးသီးတွင် အစည်းအဝေးအထမြောက်စေရေး၊ သိက္ခာရှိသည့် လွှတ်တော်အစည်းအဝေးဖြစ်စေရေးနှင့် သတ်မှတ်ကိုယ်စားလှယ်များ ရွေးချယ်တက်ရောက်နိုင်ရေး ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ အဆိုပါလွှတ်တော်များတွင် သက်ဆိုင်ရာဒေသအလိုက် ပါဝင်သင့်သူများပါဝင်မှသာ လွှတ်တော်အတွင်း ကိုယ်စားပြုမှုများမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို သိရှိနိုင်ရန် ပြောကြားရခြင်းဖြစ်ကြောင်း။

**နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး**

နိုင်ငံတော်၏ စီးပွားရေးဆိုင်ရာများနှင့်ပတ်သက်၍မိမိတို့စတင်တာဝန်ထမ်းဆောင်ချိန်တွင် အနောက်နိုင်ငံများအနေဖြင့် စီးပွားရေးပိတ်ဆို့မှုများကို လုပ်ဆောင်ခဲ့ကြောင်း၊ အထောက်အပံ့များပေးအပ်မှုကိုလည်း လျှော့ချခဲ့ကြောင်း၊ ထိုသို့ စီးပွားရေးအရပိတ်ဆို့မှုများကြောင့် မိမိတို့နိုင်ငံပိုင်နိုင်ငံခြားငွေများ သုံးစွဲမှုမပြုနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကုန်သွယ်မှုများမှရရှိသည့်ငွေများကို အဓိကထားသုံးစွဲနေရခြင်းဖြစ်ကြောင်း၊ ယခင်က ပြည်ပမှဝင်နေသည့် ဝင်ငွေများကို ပြန်လည်စိစစ်ခဲ့ရာတွင်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပဲခူးမြို့ ကမ္ဘောဇသာဒီရွှေနန်းတော်အတွင်း ယခင်မြေနန်းပြာသာဒ်ဆောင်နေရာမှ တူးဖော်ရရှိသည့် ကျွန်းတိုင်များပြသထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ဈေးငွေများ၊ ထောက်ပံ့ငွေများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြစ်သည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် ပြည်ပဈေးငွေများကို တတ်နိုင်သမျှ ပြန်လည်ပေးဆပ်ရလျက်ရှိကြောင်း၊ အဓိကအားဖြင့် ကုန်သွယ်မှုများ ဆောင်ရွက်နိုင်ရန်အတွက် ကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့နိုင်ရန်အတွက် အရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်ပသို့ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်မှသာ နိုင်ငံခြားငွေများတိုးတက်ရရှိပြီး နိုင်ငံ့စီးပွားရေးတိုးတက်လာမည်ဖြစ်ကြောင်း။

နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်နိုင်ရေးအတွက် နိုင်ငံ၏ အဓိက စီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် ပတ်သက်၍ သီးနှံများဖြစ်ထွန်းအောင်မြင်ပြီး အထွက်နှုန်းကောင်းမွန်စေရေး မျိုး၊ မြေ၊ ရေ၊ နည်း ဟူသည့် နည်းလမ်း လေးသွယ်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ အထွက်နှုန်းများတိုးတက်လာမည်ဆိုပါက စိုက်ပျိုးရေးတောင်သူများ ဝင်ငွေပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် နိုင်ငံအတွက်လည်း ဝင်ငွေများရရှိပြီး နိုင်ငံ့စီးပွားရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ္ဘောဇသာဒီရွှေနန်းတော်အတွင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။




နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဲခူးမြို့ ကမ္ဘောဇသာဒီ ရွှေနန်းတော်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးစဉ်။

ပဲခူးတိုင်းဒေသကြီး အနေဖြင့်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ စက်မှုကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်သည့် ရော်ဘာ၊ ကော်ဖီ၊ ကြံ၊ ဝါနှင့် လက်ဖက်တို့ကိုလည်း တိုးချဲ့စိုက်ပျိုးစေလိုကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပါက နိုင်ငံသူ၊ နိုင်ငံသားတို့၏ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကာ သာယာဝပြောမှုရှိလာမည်ဖြစ်ကြောင်း၊ စီးပွားရေးအားကောင်းလာမည်ဆိုပါက နိုင်ငံတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကျရာအခန်းကဏ္ဍက ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ စဉ်းစားဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံ့ဝန်ထမ်းများအတွက် ထောက်ပံ့ကြေးများတိုးပေးခြင်းနှင့် သက်စွန့်ဆံဖျား တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက်လည်း ထိုက်သင့်သည့် ထောက်ပံ့မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သင်ကြားရေးနှင့်ပတ်သက်သည့် ဆရာ၊ ဆရာမများကိုလည်း ဘွဲ့များအလိုက် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း။

## ပညာရေးနှင့် ကျန်းမာရေး

ပညာသင်ကြားရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် ဆရာ၊ ဆရာမ များစွာလိုအပ်နေဆဲဖြစ်ပြီး နိုင်ငံတော်အနေဖြင့် တတ်နိုင်သရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ ပညာရေးကဏ္ဍမြှင့်တင်နိုင်ရေးအတွက် ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းတက်ရောက်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တန်းစဉ်ကူးပြောင်းမှု ရာခိုင်နှုန်းများလည်း ကောင်းမွန်နေရန်လိုကြောင်း၊ ပညာရည်သင်ကြားနိုင်ရန်အတွက် တည်ငြိမ်အေးချမ်းမှုရှိရန်နှင့် စီးပွားရေးကောင်းမွန်ရန်လည်း လိုအပ်မည်ဖြစ်သဖြင့် တိုင်းဒေသကြီးအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် ယာယီပိတ်ထားရသည့် ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင်လည်း ကျောင်းသားများ အမှန်တကယ် ပညာတတ်မြောက်စေရေး အချိန်ပိုများဖြင့် သင်ကြားပေးသွားရန်လိုကြောင်း။

ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသားများ အမှန်တကယ်စာတတ်မြောက်အောင် သင်ကြားပေးလိုသည့်စိတ်ရှိရန်လိုကြောင်း၊ ပညာရေးသည် နိုင်ငံ၏ အနာဂတ်ပင်ဖြစ်ပြီး ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်လျှောက်လှမ်းရာတွင် ပညာတတ်များပေါများကြွယ်ဝရန်လိုကြောင်း၊ ပညာတတ်များပေါကြွယ်ဝမှသာ အသိပညာ၊ အတတ်ပညာများရရှိပြီး စီးပွားရေးများကို တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အသိပညာ၊ အတတ်ပညာများရရှိရန်အတွက် အတန်းပညာကောင်းမွန်အောင် မိမိတို့အနေဖြင့် အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံသားများအနေဖြင့် စီးပွားရေးအခြေခံများရရှိစေရန်အတွက် တက္ကသိုလ်များတွင် စီးပွားရေးပညာရပ်များကို သင်ကြားပေးလျက်ရှိသကဲ့သို့ ဒီမိုကရေစီကို သိရှိနားလည်နိုင်ရန်အတွက် တက္ကသိုလ်များတွင် ဥပဒေပညာရပ်များကို သင်ကြားပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အတွက် လုပ်ငန်းတာဝန်များကို စနစ်တကျဖြင့် ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ **ပဲခူးတိုင်းဒေသကြီးသည် ရေခံမြေခံကောင်းမွန်သည့် တိုင်းဒေသကြီးဖြစ်ပြီး အသိပညာအတတ်ပညာပြည့်ဝသည့် လူငယ်များမွေးထုတ်နိုင်မည်ဆိုပါက ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်**ကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်၍ ဆေးရုံရှိလျှင် ဆရာဝန်ရှိရမည်ဟူသည့် မူဝါဒနှင့်အညီ ဆရာဝန်များကို ခန့်အပ်တာဝန်ပေးထားကြောင်း၊ နိုင်ငံတစ်ဝန်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အနေဖြင့် ကျန်းမာရေးဝန်ထမ်းများ စဉ်ဆက်မပြတ်ခန့်အပ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်က ထိုသို့ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြည်သူများအနေဖြင့်လည်း ကျန်းမာရေးအသိပညာများရှိရန်လိုပြီး ကျန်းမာရေးနှင့်လျော်ညီသည့် နေထိုင်စားသောက်မှုများ ရှိရန်လိုကြောင်း၊ လူတစ်ဦးတစ်ယောက် ကျန်းမာရေးထိခိုက်လာမည်ဆိုပါက ကာယကံရှင် ကိုယ်တိုင်သာမက ၎င်း၏ပတ်ဝန်းကျင်၊ အဖွဲ့အစည်းနှင့် မိသားစု၏အကျိုးစီးပွားကိုပါ ထိခိုက်စေနိုင်ကြောင်း၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်ဖြစ်သဖြင့် ကျန်းမာရေးနှင့်ပတ်သက်၍ ဂရုစိုက်ဆောင်ရွက်ကြရန်လိုကြောင်း၊ ကျန်းမာရေးနှင့် ဆက်စပ်၍ အားကစားကဏ္ဍတိုးတက်မှုရှိစေရေးအတွက်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းစေရေး၊ စိတ်ဓာတ်ကောင်းမွန်စေရေး၊ အားကစားနည်းအလိုက် နည်းစနစ်ပိုင်းဆိုင်ရာများ ကျွမ်းကျင်မှုရှိစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေရေး၊ မျိုးချစ်စိတ်များ ရှင်သန်ထက်မြက်ရေးတို့အတွက် အားကစားကဏ္ဍကိုမြှင့်တင်ခြင်းဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။





ကမ္ဘောဇသာဒီရွှေနန်းတော်အတွင်း ပြသထားသည့် ရှေးခေတ်အသုံးအဆောင်ပစ္စည်းများကို တွေ့ရစဉ်။

## တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး

တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် ပြည်သူ့လုံခြုံရေးကို ဆောင်ရွက်လျက်ရှိပြီး ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နယ်မြေခံ ရပ်မိရပ်ဖများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးအဖွဲ့များ

စာမျက်နှာ ၁၈ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟံသာဝတီနေပြည်တော် သာယာဝတီတံခါးအနီးရှိ ဟံသာဝတီမြို့ဟောင်းကျုံးကို ကြည့်ရှုစစ်ဆေးစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

ပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း အုပ်ချုပ်ရေးမှူး အဆင့်ဆင့်တွင်လည်း ဒေသအကျိုးအတွက် အမှန်တကယ် တာဝန်ထမ်းဆောင်လိုသည့် သူများကို သာ တာဝန်ပေးအပ်ရန်လိုကြောင်း၊ အုပ်ချုပ်ရေးမှူးများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် ပြည်သူများနှင့် မြေပြင်၌ အမှန်တကယ်ထိတွေ့နေသူများ ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများအပေါ် ကောင်းမွန်စွာ ဆက်ဆံဆောင်ရွက်ရန် လိုကြောင်း၊ အဆင့်ဆင့်သတင်းပေးသည့် စနစ်ကို ဖော်ဆောင်၍ ဒေသအတွက် ကောင်းရာကောင်းကျိုး ဆောင်ရွက်မည့် သူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့ များ ပူးပေါင်း၍ ပြည်သူ့လုံခြုံရေးစနစ် ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အဆင့်ဆင့် သတင်းပေးသည့်စနစ်ကို ကျင့်သုံးပါက အမှုအခင်းများလည်း များစွာ လျော့နည်းသွားမည်ဖြစ်ကြောင်း၊ တရား ဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပိုင်းကို ကျေးလက်များအထိ ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဆိုပါက သန်းခေါင် စာရင်းကောက်ယူမှုများနှင့် ရွေးကောက်ပွဲ ကျင်းပမှုများကို များစွာအထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပဲခူး တိုင်းဒေသကြီးအနေဖြင့် တရားဥပဒေ စိုးမိုးရေးနှင့် လုံခြုံရေးကဏ္ဍကို အလေး ထားဆောင်ရွက်သွားရန် မှာကြားလို ကြောင်း၊ မိမိအနေဖြင့် နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် လုံခြုံရေး စသည်တို့နှင့် ပတ်သက်၍ နိုင်ငံတော်တွင် ဖြစ်ပေါ်နေ မှုများ၊ နိုင်ငံတော်အစိုးရ၏ မျှော်မှန်းဆောင် ရွက်နေမှုများကို တိုင်းဒေသကြီးအစိုးရ အဖွဲ့မှ တာဝန်ရှိသူများအနေဖြင့် သိရှိနိုင် ရေး ယခုကဲ့သို့အချိန်ယူကာ ကျယ်ကျယ် ပြန့်ပြန့် ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ် ကြောင်းနှင့် မိမိတို့တာဝန်ကျရာ တိုင်း ဒေသကြီးမှတစ်ဆင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုး တိုးတက်ရေး တတ်စွမ်းသရွေ့ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်း မှာ ကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပဲခူးမြို့ ကမ္ဘောဇသာဒီ ရွှေနန်းတော်သို့ ရောက်ရှိကြပြီး ရွှေနန်း တော်အတွင်း ယခင်မြေနန်းပြာသာဒ် ဆောင်နေရာမှတူးဖော်ရရှိသည့် ကျွန်းတိုင် များကို ပြသထားရှိမှု၊ နန်းတော်အတွင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင် ရွက်လျက်ရှိမှု အခြေအနေများနှင့် နန်းတော်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက် များအပေါ် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း များကို ဆောင်ရွက်ရာတွင် အဆင့်ဆင့် အသေးစိတ်ပြင်ဆင် ဆောင်ရွက်သွားရန် လိုကြောင်း၊ နန်းတော်အတွင်း အမြဲသန့်ရှင်း သပ်ရပ်စေရေး ဆောင်ရွက်နေရန်လို ကြောင်း၊ ရှေးခေတ်အသုံးအဆောင်ပစ္စည်း များကို ပျက်စီးမှုမရှိစေရေး ထိန်းသိမ်း ပြသထားရန်လိုကြောင်း၊ နန်းတော်ဝင်း အတွင်း လမ်းများကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ရန်လိုကြောင်း၊ ရေဝပ်ဧရိယာ များမရှိစေရေး ဆောင်ရွက်ရန်နှင့် ရေနုတ် မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ နန်းတော် ကြီး ရေရှည်တည်တံ့နေစေရေး ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျ ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဟံသာဝတီနေပြည်တော် သာယာဝတီတံခါးအနီးရှိ ဟံသာဝတီမြို့ ဟောင်းကျုံးနှင့် မြို့ရိုးနေရာတို့ကို ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက် များအပေါ် ကျုံးအား ရေရှည်တည်တံ့စေ ရေးဆောင်ရွက်ရန်လိုကြောင်း၊ မြို့ရိုးနေရာ များကို ပြန်လည်တူးဖော်၍ မြို့ရိုးပြန်လည် တည်ဆောက်သွားရန်နှင့် တည်ဆောက်ချိန် တွင်လည်း လိုအပ်သည့်အချက်အလက်များ နှင့် အထောက်အထားများပြည့်စုံအောင် ပြုစုဆောင်ရွက်ရန်လိုကြောင်း၊ ပြန်လည် တည်ဆောက်ရာတွင်လည်း ရှေးမူမပျက် မူလပုံစံအတိုင်း တည်ဆောက်သွားနိုင်ရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။(၅၀၁)

## Mpox (မျောက်ကျောက်) ရောဂါကာကွယ်ရေးနှိုးဆော်ချက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ၂၀၂၄ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် Mpox (မျောက်ကျောက်) ရောဂါကူးစက်မှုအား နိုင်ငံတကာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပါသည်။

**ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ**

- ရောဂါပိုးရှိသူနှင့်လိင်ဆက်ဆံခြင်းမှ ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် အရေပြားခြင်းထိတွေ့ခြင်း၊ နမ်းရှုပ်ခြင်း၊ ပွေ့ဖက်ခြင်းတို့မှတစ်ဆင့်ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် မျက်နှာချင်းဆိုင် အနီးကပ်တွေ့ဆုံခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊ (စကားပြောခြင်း၊ အသက်ရှူခြင်း)
- ရောဂါပိုးရှိသူ၏ အနာများ၊ အညစ်အကြေးများနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးများ ကပ်တင်ကျန်နေသည့် အသုံးအဆောင်ပစ္စည်းများ၊ မျက်နှာပြင်များကို လက်ဖြင့် ကိုင်တွယ်ထိတွေ့ခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊
- မသန့်ရှင်းသောဆေးထိုးအပ်နှင့်ဆေးရုံသုံးပစ္စည်းများမှတစ်ဆင့် ကူးစက်ခြင်း၊
- Mpoxဗိုင်းရပ်စ်ရောဂါပိုးကူးစက်ခံထားရသည့် တိရစ္ဆာန်များနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- မိခင်မှကလေးသို့ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးနောက်တွင် ကူးစက်ခြင်း၊

**ရောဂါပျိုးရက်**

- ရောဂါပိုးစတင်ဝင်ရောက်ပြီး တစ်ရက်မှ ၂၁ ရက်အတွင်း ရောဂါလက္ခဏာများ စတင်ဖြစ်ပွားနိုင်ပါသည်။

**သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ**

- မျက်နှာ၊ ပါးစပ်၊ လက်နှင့် ခြေထောက်၊ ခန္ဓာကိုယ်၊ စအိုဝန်းကျင်နှင့်လိင်အင်္ဂါများတွင် အနီကွက်များထွက်ခြင်း၊ အရည်ကြည်ဖုများပေါက်ခြင်း၊
- ဖျားခြင်း (>38.5˚C)၊
- အကြိတ်များရောင်ရမ်းခြင်း၊
- လည်ချောင်းနာခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ ကျောအောင့်ခြင်း၊
- မောပန်းနွမ်းနယ်ခြင်း၊

(လွန်ခဲ့သည့် ၂၁ ရက်အတွင်း ရောဂါပိုးတွေ့ရှိရာ နိုင်ငံ၊ ဒေသများမှ ပြန်လည်ဝင်ရောက်လာသူများတွင် အထက်ပါလက္ခဏာ များဖြစ်ပွားလာပါက ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ရန် လိုအပ်ပါသည်။)

**ကာကွယ်နိုင်မည့် နည်းလမ်းများ**

- Mpox (မျောက်ကျောက်) ရောဂါလက္ခဏာခံစားနေရသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ မျက်နှာချင်းဆိုင် အနီးကပ်ထိတွေ့ခြင်း၊ လိင်ပိုင်းဆိုင်ရာထိတွေ့ဆက်ဆံခြင်းများကို ရှောင်ကြဉ်ပါ၊
- အနီးကပ်ထိတွေ့မှုကို ရှောင်လွှဲ၍မရပါက လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း (Mask) ကို တပ်ဆင်ပါ၊
- သံသယရောဂါလက္ခဏာခံစားနေရသူ၏ အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ရာတွင် လက်အိတ်ဝတ်ဆင်ခြင်းနှင့်
  နှာခေါင်းစည်း (Mask)ကို တပ်ဆင်ခြင်းကို ပြုလုပ်ပါ၊
- လက်ကိုဆပ်ပြာနှင့်ရေ သို့မဟုတ် အယ်လ်ကိုဟောအနည်းဆုံး (၆၀%)ပါဝင်သော ရေမလိုလက်သန့်စင်ဆေးရည်အသုံးပြု၍ စနစ်တကျဆေးကြောပါ၊ လက်မဆေးဘဲ ပါးစပ်၊ နှာခေါင်းနှင့် မျက်လုံးများကို ကိုင်တွယ်ခြင်းမပြုပါနှင့်၊
- တစ်ကိုယ်ရေသန့်ရှင်းရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးကောင်းမွန်စေရန် ဆောင်ရွက်ပါ၊
- နှာချေ၊ ချောင်းဆိုးသည့်အခါတွင် လက်ကိုင်ပဝါ သို့မဟုတ် တံတောင်ကွေးဖြင့် လုံခြုံစွာဖုံးအုပ်ပါ၊
- အသုံးအဆောင်ပစ္စည်းများ (အိပ်ရာခင်း၊ မျက်နှာသုတ်ပဝါ၊ အဝတ်အထည်စသည့်…)များကို ရေဆပ်ပြာနှင့်စနစ်တကျလျှော်ဖွပ်၍အသုံးပြုပါ၊
- တိရစ္ဆာန်များကို အကာအကွယ်မပါဘဲ မထိတွေ့ပါနှင့်၊အသားများကိုကျက်အောင်ချက်ပြုတ်စားပါ၊

**Mpox (မျောက်ကျောက်)ရောဂါလူနာနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်း(သို့မဟုတ်) ရောဂါသံသယလက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပေးပို့၍ လိုအပ်သောစစ်ဆေးစမ်းသပ်မှုနှင့် ကုသမှုခံယူပါ။**

ကျန်းမာရေးဝန်ကြီးဌာန
ဩဂုတ်လ၊ ၂၀၂၄

# မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်(ရုံးချုပ်) အဆောက်အအုံနှင့် ဇလပ်ဝါပလာဇာ ဖွင့်လှစ်






မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(ရုံးချုပ်) အဆောက်အအုံနှင့် ဇလပ်ဝါပလာဇာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဩဂုတ် ၃၀**

မြန်မာ့စီးပွားရေးဦးပိုင် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်(ရုံးချုပ်) အဆောက်အအုံနှင့် ဇလပ်ဝါပလာဇာ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ဥတ္တရသီရိမြို့ မန္တလေးလမ်းနှင့် ဇလပ်ဝါလမ်းရှိ အဆိုပါ ပလာဇာမျက်နှာစာ၌ ကျင်းပရာ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင် အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ၊ ဌာနကြီးမှူးများ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (ရုံးချုပ်) အဆောက်အအုံနှင့် ဇလပ်ဝါပလာဇာကို မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးမင်းဇော်၊ အထွေထွေအုပ်ချုပ်ရေးရာ ဌာနကြီးမှူး ဦးမောင်မောင်စိုး၊ ဝန်ဆောင်မှုလုပ်ငန်းများ ဌာနကြီးမှူး ဦးအောင်ရဲဝင်း၊ ဒါရိုက်တာအဖွဲ့ဝင် ဦးကျော်မျိုးဝင်းနှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး ရဲမိုးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးက မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်(ရုံးချုပ်)အဆောက်အအုံနှင့် ဇလပ်ဝါပလာဇာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် တာဝန်ရှိသူများနှင့် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးနှင့် တာဝန်ရှိသူများက မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ရုံးချုပ်နှင့် ဇလပ်ဝါပလာဇာ အဆောက်အအုံ ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ ဇလပ်ဝါပလာဇာသည် နေပြည်တော် ဥတ္တရသီရိမြို့ မန္တလေးလမ်းနှင့် ဇလပ်ဝါလမ်းထောင့်တွင် တည်ရှိပြီး စားသောက်ကုန်၊ လူသုံးကုန်၊ ဆေးနှင့် ဆေးပစ္စည်း၊ ကျောက်မျက်ရတနာ၊ အဝတ်အထည်၊ စာရေးကိရိယာ၊ နိုင်ငံခြားအစားအစာနှင့် ရိုးရာအစားအသောက်များ၊ Cosmetic ဆိုင်ရာများ၊ အမှတ်တရ လက်ဆောင်ပစ္စည်း အရောင်းဆိုင်များ၊ ကျန်းမာရေးအထောက်အကူပြု စက်ပစ္စည်းများ၊ အီလက်ထရောနစ်ပစ္စည်းများကို တစ်နေရာတည်း၌ ပြီးပြည့်စုံစွာဝယ်ယူနိုင်သည့်အပြင် ခေတ်မီကလေးကစားကွင်းများပါဝင်ကာ အခမ်းအနားများပြုလုပ်နိုင်သည့် ခန်းမလည်းပါဝင်ကြောင်း။ အဆိုပါ ပလာဇာကို နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီထိ ပိတ်ရက်မရှိ ဖွင့်လှစ်ထားကြောင်း သတင်းရရှိသည်။ (ဗဟို)




မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးမင်းဇော်၊ အထွေထွေအုပ်ချုပ်ရေးရာ ဌာနကြီးမှူး ဦးမောင်မောင်စိုး၊ ဝန်ဆောင်မှုလုပ်ငန်းများဌာနကြီးမှူး ဦးအောင်ရဲဝင်း၊ ဒါရိုက်တာအဖွဲ့ဝင် ဦးကျော်မျိုးဝင်းနှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးရဲမိုးတို့က မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (ရုံးချုပ်) အဆောက်အအုံနှင့် ဇလပ်ဝါပလာဇာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများကို လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၃၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “User @ 563057224444” Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ထိန်ကုလားကုန်းကျေးရွာနေ လင်းထက် (ခ) သာဂိအား ညနေ ၃ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ “Nyan Lin Htet” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် မြောက်ရွာမ ရပ်ကွက်နေ ညာဏ်လင်းထက်အား ညနေ ၄ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ “Daw Aye Zin Maw” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၁၀၅)ရပ်ကွက်နေ အေးဇင်မော်အား ည ၁၀ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (ဗဟို)

❖ **ကျောဖုံးမှအဆက်**

အလားတူ မွန်းလွဲ ၁ နာရီခွဲတွင် UPK FC အသင်းနှင့် Taw Win Nan FC အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ UPK FC အသင်းက ငါးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ညနေ ၃ နာရီတွင် VUC FC အသင်းနှင့် Pacific Sun Far FC အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ VUC FC အသင်းက ကိုးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ညနေ ၄ နာရီခွဲတွင် Naka United အသင်းနှင့် Power HBI FC အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ Power HBI FC အသင်း ငါးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ပြီး Power HBI FC အသင်းမှ နိုင်လင်းထွန်းသည် ပွဲချိန် ၁၂ စက္ကန့်တွင် ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပြိုင်ပွဲသမိုင်းတစ်လျှောက် အမြန်ဆုံးသွင်းဂိုးအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။ STA

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့်စားသောက်ဖွယ်ရာများကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းထံ ဂုဏ်ပြုပေးအပ်ရာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဆန်းထံ ဂုဏ်ပြုပေးအပ်စဉ်။

**နေပြည်တော် ဩဂုတ် ၃၀**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ဩဂုတ် ၂၉ ရက်နှင့် ယနေ့တို့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဝန်ထမ်းမိသားစုများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများနှင့် ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံး ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ပြုလုပ်ရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လွှတ်တော်ရုံးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်းငါးဆယ်နှင့် ငွေကျပ်သိန်းသုံးဆယ်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ငွေကျပ် တစ်ရာ့ခြောက်သိန်းရှစ်သောင်းကျော် တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ရုံးဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေကျပ် ဆယ်သိန်းကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ရုံး ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်းနှစ်ဆယ်ကို လည်းကောင်း၊ အမျိုးသားလွှတ်တော်ရုံး ဝန်ထမ်းသားစုများက ဂုဏ်ပြုချီးမြှင့်ငွေကျပ်ဆယ်သိန်းကို လည်းကောင်း ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် လွှတ်တော်ရုံးများမှ တာဝန်ရှိသူများက တိုင်းမှူးထံ အသီးသီး ဂုဏ်ပြုပေးအပ်သည်။ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။

အလားတူ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး ညှိနှိုင်းခန်းမ၌ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဆန်းနှင့် တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ပေးအပ်လှူဒါန်းရာတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၁၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ ဒုတိယတိုင်းမှူးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို ဩဂုတ် ၂၇ ရက် မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဧည့်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များကလှူဒါန်းသည့် စားသောက်ဖွယ်ရာများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်ထံ ဂုဏ်ပြုပေးအပ်စဉ်။

ထိုသို့ပေးအပ်လှူဒါန်းရာတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများက စေတနာရှင်အလှူရှင်များမှလှူဒါန်းသည့်ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိစားသောက်ဖွယ်ရာများကို ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများကို ရှေ့တန်းစစ်မျက်နှာအသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှုပ်ရှုပ်ချုံချုံ တာဝန်ထမ်းဆောင်လျက်ရှိသည့်လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဩဂုတ် ၃၀**

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းနှင့် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည် ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။ (၅၀၁)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလင်း ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

# ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၁၈)ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံဝန်ကြီးအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်




နေပြည်တော် ဩဂုတ် ၃၀

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့သည် ဩဂုတ် ၂၇ ရက်မှ ၂၉ ရက်ထိ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပသော (၁၈)ကြိမ်မြောက် နိုင်ငံဖြတ်ကျော် မှုခင်းများဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် အစည်းအဝေးနှင့်ဆက်စပ် အစည်းအဝေး များ (18th ASEAN Ministerial Meeting on Transnational Crime and its Related Meetings – 18th AMMTC) သို့ တက်ရောက်ခဲ့ပြီး ယနေ့ညနေပိုင်း တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိ လာရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီး များနှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆို ခဲ့ကြသည်။

(၁၈)ကြိမ်မြောက် AMMTC နှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်း အနားကို လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Latsavong Wanda Vista ဟိုတယ်၌ ဩဂုတ် ၂၈ ရက် နံနက် ၈ နာရီခွဲတွင် ကျင်းပရာ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံ၊ လေ့လာသူ တီမောလက်စ်တေနိုင်ငံတို့မှ ဝန်ကြီးအဆင့်များနှင့် အဆင့်မြင့်အရာရှိ ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ စုစုပေါင်းဦးရေ ၂၂၀ ခန့် တက်ရောက်ခဲ့ကြသည်။ ဖွင့်ပွဲအခမ်း အနားတွင် လာအိုနိုင်ငံတော်သီချင်းနှင့် အာဆီယံသီချင်းတို့ကို ဖွင့်လှစ်ခြင်းနှင့် အာဆီယံဒေသတွင်း တရားဥပဒေစိုးမိုး ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်ရင်း ကျဆုံးခဲ့သူများအတွက် တစ်မိနစ်ခန့် ငြိမ်သက်ခြင်း၊ အာဆီယံ ၁၀ နိုင်ငံမှ AMMTC ခေါင်းဆောင်၊ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များ တစ်ဦးချင်းမိတ်ဆက် ခြင်း၊ အာဆီယံအတွင်းရေးမှူးချုပ် Dr. Kao Kim Hourn က အမှာစကားပြောကြား ခြင်း၊ အိမ်ရှင်လာအိုနိုင်ငံ၏ AMMTC ခေါင်းဆောင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီး Vilay Lakhamphong က အဖွင့်အမှာစကားပြောကြားခြင်းတို့ဆောင် ရွက်ခဲ့ပြီး အစည်းအဝေးတက်ရောက် လာသည့်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

(၁၈)ကြိမ်မြောက် AMMTC အစည်း အဝေးကိုဩဂုတ် ၂၈ရက်ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၂၀ တွင် Latsavong Wanda Vista ဟိုတယ် State Hall ၌ စတင်ကျင်းပရာ အိမ်ရှင်လာအိုနိုင်ငံ AMMTC ခေါင်းဆောင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြော ကြားခြင်း၊ အာဆီယံအတွင်းရေးမှူးချုပ်က အာဆီယံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြခြင်း၊ အာဆီယံလူဝင်မှုကြီးကြပ်ရေးဌာနများ၏ ညွှန်ကြားရေးမှူးချုပ်များနှင့် နိုင်ငံခြား ရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာအကြီး အကဲများ၏ (၂၇)ကြိမ်မြောက် အစည်း အဝေးရလဒ်များကို ရှင်းလင်းတင်ပြခြင်း တို့ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် AMMTC ခေါင်းဆောင်၊ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်များက အာဆီယံဒေသတွင်း နိုင်ငံဖြတ်ကျော်မှုခင်း များတိုက်ဖျက်ရေးနှင့်ပတ်သက်၍ အမြင် ချင်းဖလှယ်ဆွေးနွေးကြရာ မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထဲ ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာတစ်ဝန်းရှိ ပြည်သူသန်းပေါင်းများ စွာ၏ဘဝများကို ဆိုးရွားစွာထိခိုက်စေ သည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် ရောင်းဝယ် ဖောက်ကားမှုသည် နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှုတို့နှင့် တစ်နည်းတစ်ဖုံ ဆက်စပ်နေပါကြောင်း၊ မြန်မာအာဏာပိုင်များအနေဖြင့် မြန်မာ နိုင်ငံအတွင်းသို့ Precursor chemical များ စီးဆင်းမှုကို ထိန်းချုပ်ရန်စဉ်ဆက် မပြတ် ကြိုးစားဆောင်ရွက်နေပါကြောင်း၊ သို့ရာတွင် နယ်စပ်ဒေသများမှတစ်ဆင့် စီးဝင်နေသော တရားမဝင်ဓာတုပစ္စည်း များကိုထိန်းချုပ်ရာတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါကြောင်း၊ မြန်မာနိုင်ငံသည် Precursor chemical များကို မထုတ်လုပ် နိုင်သော်လည်း အဆိုပါဓာတုပစ္စည်းများ သည် နယ်စပ်တစ်လျှောက်ရှိ မူးယစ်ဆေး ဝါးထုတ်လုပ်သည့်နေရာများသို့ လမ်း ကြောင်းအမျိုးမျိုးဖြင့် တရားမဝင် ဝင်ရောက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ ရှိ အစိုးရမဟုတ်သောလက်နက်ကိုင်အဖွဲ့ အစည်းအချို့က မူးယစ်ဆေးဝါးလုပ်ငန်း များတွင် ပါဝင်ပတ်သက်မှုမရှိကြောင်း ငြင်းဆိုထားသော်လည်း လက်တွေ့တွင်မူ ၎င်းတို့၏ထိန်းချုပ်နယ်မြေများအတွင်းသို့ ဓာတုပစ္စည်းများ တရားမဝင်တင်သွင်းနေ ပြီး ပြည်ပဓာတုပညာရှင်များ၏အကူအညီ ဖြင့်မူးယစ်ဆေးဝါးများ ချက်လုပ်နေကြပါ ကြောင်း၊ မြန်မာနိုင်ငံသည် ၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း မူးယစ်ဆေးဝါးအထူး စစ်ဆင်ရေးများကို အကြိမ် ၄၀ဆောင်ရွက် ခဲ့ပါကြောင်း၊ ၂၀၂၃ခုနှစ်အတွင်း တစ်နိုင်ငံ လုံးအတိုင်းအတာဖြင့် Operation 39 ကို ဆောင်ရွက်ခဲ့ပြီး မူးယစ်ဆေးဝါးထုတ်လုပ် ရာတွင် အသုံးပြုသည့်ဓါတုပစ္စည်းနှင့် မူးယစ်ဆေးဝါး အမြောက်အမြားကို အောင်မြင်စွာ ဖမ်းဆီးရမိခဲ့ပါကြောင်း၊ သို့ဖြစ်၍ Operation 39/24 ကိုဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါကြောင်း၊ ကမ္ဘာတစ်ဝန်းဖြန့်ကြက်နိုင် သော မူးယစ်ဆေးဝါး၏ သဘောသဘာဝ ကိုအသိအမှတ်ပြုကာ အစိုးရများအကြား၊ အဖွဲ့အစည်းများအကြား၊ လူ့အသိုင်းအဝိုင်း များအကြား ပူးပေါင်းဆောင်ရွက်မှုပိုမို ခိုင်မာအားကောင်းစေရန်နှင့် သက်သေ အထောက်အထားအခြေပြု မဟာဗျူဟာ များ ရေးဆွဲချမှတ် အကောင်အထည်ဖော် နိုင်ရန် မိမိတို့အနေဖြင့်ဆောင်ရွက်သွား မည်ဖြစ်ကြောင်းနှင့် မိမိတို့အကြားပေါင်း စပ်ညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ် ကြောင်း၊ ထို့ပြင် အွန်လိုင်းလိမ်လည်မှု နှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများတွင် လုပ်ကိုင်စေရေးအတွက် အတင်းအဓမ္မ တွန်းအားပေး လုပ်အားခေါင်းပုံဖြတ်ရန် ရည်ရွယ်ချက်ဖြင့် လူကုန်ကူးမှုကျူးလွန် ခြင်းသည် လမ်းကြောင်းသစ်တစ်ရပ်အဖြစ် ပေါ်ထွက်လာနေပါကြောင်း၊ ကွန်ရက်ကို ခိုင်ခိုင်မာမာချိတ်ဆက်ထားသော ဒုစရိုက် ဂိုဏ်းအုပ်စုများသည် ဒေသအတွင်းတွင် ဆိုက်ဘာလိမ်လည်မှု စင်တာများကို လုပ်ဆောင်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ သည် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများကို စဉ်ဆက် မပြတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင်လည်း အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင် ရွက်လျက်ရှိပါကြောင်း၊ ကူညီရှာဖွေကယ် တင်ပေးနိုင်ရန် ပြည်ပနိုင်ငံများမှ အကူ အညီတောင်းခံထားသူများနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာဒေသ အာဏာပိုင်များအကြား ပူးပေါင်းပြီးရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းများကို တစိုက် မတ်မတ်ဆောင်ရွက်လျက်ရှိရာ ရလဒ်များ အနေဖြင့်၂၀၂၄ခုနှစ် ဩဂုတ်၂၀ရက်ထိ ၅၄၃၇၃ ဦးကယ်ဆယ်နိုင်ခဲ့ပြီး ၎င်းတို့ အနက် ၅၂၁၆၄ ဦးကို တရုတ်နိုင်ငံသို့ လည်းကောင်း၊ ၁၉၉၂ ဦးကို အာဆီယံအဖွဲ့ ဝင်နိုင်ငံများသို့လည်းကောင်း ပြန်လည် လွှဲပေးခဲ့ပြီးဖြစ်ပါကြောင်း၊ လေ့လာဆန်း စစ်ချက်အရ အဆိုပါကယ်ဆယ်ခံရသူများ အနက် ၁၀ ရာခိုင်နှုန်းသာ တရားဝင် ဝင်ရောက်ကြသူများဖြစ်ပြီး ကျန် ၉၀ ရာခိုင်နှုန်းမှာ တရားမဝင်ဝင်ရောက်သူများ ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အွန် လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်း ကစားမှုတို့ကို တားဆီးနှိမ်နင်းနိုင်ရန် အတွက် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင် ရွက်လျက်ရှိရာ အဆိုပါပြစ်မှုများပေါ် ပေါက်လာပါက အချိန်နှင့်တစ်ပြေးညီထိ ရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန်နှင့် ပြစ်မှုများ လျော့နည်းပပျောက်စေရန် အတွက် နိုင်ငံတော်အစိုးရသည် “ငွေကြေး လိမ်လည်မှုများအား အချိန်မီတားဆီးရေး နှင့်အရေးယူမှုမြန်ဆန်ရေးဆိုင်ရာလုပ်ငန်း အဖွဲ့ (Action Task Force)” ကို ၂၀၂၄ခုနှစ် မတ်လတွင်ဖွဲ့စည်းခဲ့ပါကြောင်း၊ မြန်မာ အာဏာပိုင်များသည် အဆိုပါအွန်လိုင်း အခြေပြုပြစ်မှုများတွင် ပါဝင်ပတ်သက်နေ သူများအား ဖမ်းဆီးအရေးယူခြင်းဖြင့် ပြတ်ပြတ်သားသား ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ အဆိုပါဖမ်းဆီးရမိမှုဖြစ်စဉ်များ အပေါ်စိစစ်ချက်အရ ပြည်ပနိုင်ငံသားများ က အွန်လိုင်းလိမ်လည်သည့် ဂိုဏ်းအုပ်စု များ၏နောက်ကွယ်မှ ကြိုးကိုင်ခြယ်လှယ် နေကြောင်း၊ အွန်လိုင်းလိမ်လည်မှုလုပ်ငန်း များသည် နိုင်ငံဖြတ်ကျော်သည့် သဘော သဘာဝရှိပါကြောင်း၊ ၎င်းတို့၏လုပ်ငန်း များကို နယ်စပ်ဖြတ်ကျော်ဖြန့်ခွဲလိုက်ခြင်း ဖြင့် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်း များ၏ တားဆီးနှိမ်နင်းမှုကိုအလွယ်တကူ ရှောင်တိမ်းနိုင်ကြပါကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် အဆိုပါပြဿနာရပ်ကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အလို့ငှာ မူလ နိုင်ငံများ၊ ဖြတ်သန်းနိုင်ငံများနှင့် ခရီးဆုံး နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက် သွားကြရမည်ဖြစ်ပြီး ယင်းကဲ့သို့ပူးပေါင်း ဆောင်ရွက်ရာတွင် Common and Shared Responsibility “မူ” ကို အခြေပြုကြရ မည်ဖြစ်ပါကြောင်း၊ အင်တာနက်နှင့်အွန် လိုင်းဆက်သွယ်ရေး နည်းပညာများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေသရွေ့ အွန်လိုင်းလိမ်လည်မှုများလည်း ရှိနေဦး မည်ဖြစ်ကြောင်း၊ အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများကို ပြည်သူလူထုပူးပေါင်း ပါဝင်မှုမရှိဘဲ အဖွဲ့အစည်းတစ်ခုတည်းက ဖြေရှင်းဆောင်ရွက်နိုင်မည် မဟုတ် ကြောင်း၊ သက်ဆိုင်ရာကဏ္ဍအသီးသီးမှ အဖွဲ့အစည်းများ၏ပူးပေါင်းမှုဖြင့် ဖြေရှင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အွန်လိုင်း လိမ်လည်မှုလုပ်ငန်းများသည် နယ်စပ် ဖြတ်ကျော်သည့် သဘောသဘာဝရှိသော ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် (၁၈)ကြိမ်မြောက် AMMTC အစည်းအဝေးတွင် အာဆီယံဒေသတွင်း နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး ကို ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင် ရေးအတွက် သဘောတရားစာတမ်း နှစ်ခု၊ လမ်းညွှန်ချက် နှစ်ခု၊ လုပ်ငန်းလမ်းညွှန် တစ်ခု၊ ကြေညာချက် နှစ်ခုနှင့် ပူးတွဲ ကြေညာချက် ငါးခုတို့ကို ဆွေးနွေးအတည် ပြုခဲ့ကြသည်။

အစည်းအဝေး ဒုတိယနေ့ ဩဂုတ် ၂၉ ရက် နံနက် ၈ နာရီခွဲတွင် အာဆီယံ ဆွေးနွေးဖက်နိုင်ငံများဖြစ်သော တရုတ်၊ ဂျပန်၊ ကိုရီးယားတို့နှင့် (၁၄)ကြိမ်မြောက် AMMTC +3 အစည်းအဝေး၊ (၁၁)ကြိမ် မြောက် AMMTC + China အစည်းအဝေး၊ (၉)ကြိမ်မြောက် AMMTC + Japan အစည်းအဝေးနှင့် (၄)ကြိမ်မြောက်AMMTC + ROK အစည်းအဝေးတို့ကို အဆိုပါ ဟိုတယ်၌ ဆက်လက်ကျင်းပရာ (၉)ကြိမ်မြောက် AMMTC + Japan အစည်းအဝေးတွင် ဂျပန်နိုင်ငံကိုယ်စား လှယ်အဖွဲ့ခေါင်းဆောင်က မြန်မာနိုင်ငံ နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားမှုအပေါ် မြန်မာကိုယ်စားလှယ်က တုံ့ပြန်ပြောကြား ရာတွင် ယနေ့ပြုလုပ်သည့်အစည်းအဝေး ၏ရည်ရွယ်ချက်သည် နိုင်ငံဖြတ်ကျော်မှု ခင်းများနှင့်စပ်လျဉ်း၍ မည်ကဲ့သို့ဖြေရှင်း ဆောင်ရွက်ရမည်ကို ဆွေးနွေးရန်ဖြစ်ပါ ကြောင်း၊ အဆွေတော်၏ယခုပြောကြား ချက်သည် အခြားနိုင်ငံ တစ်နိုင်ငံ၏ ပြည်တွင်းရေးကို ပြောဆိုခြင်းဖြစ်၍ အစည်းအဝေး၏ ရည်ရွယ်ချက်နှင့်လိုက် လျောညီထွေမရှိပါကြောင်း၊ အဆွေတော် တို့ ဂျပန်နိုင်ငံသည် အာဆီယံ၏လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရာမှ ဆွေးနွေးဖက် နိုင်ငံ တစ်နိုင်ငံဖြစ်လာပါ ကြောင်း၊ သို့ပါ၍အဆွေတော်တို့အနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းနှင့် အာဆီယံ နိုင်ငံရေးနှင့်လုံခြုံရေး အသိုက်အဝန်း အသေးစိတ်စီမံချက် (၂၀၂၅)တို့၌ ပြဋ္ဌာန်း ဖော်ပြထားသော အခြေခံစည်းမျဉ်းများ၊ မူဝါဒများကို လေးစားလိုက်နာရမည်ဖြစ် ကြောင်း၊ အထူးသဖြင့် “အခြားနိုင်ငံတစ် နိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက် ဖက်ခြင်းမပြုရ”ဟူသော အချက်ပင်ဖြစ် ကြောင်း၊သို့ပါ၍ အဆွေတော်အနေဖြင့် ယခု အစည်းအဝေး၏ အဓိကရည်ရွယ်ချက်များ အပေါ်၌သာ အာရုံပြုပြောကြားပေးနိုင်ပါရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားခဲ့သည်။

(၁၈)ကြိမ်မြောက် AMMTC နှင့် ဆက်စပ်အစည်းအဝေးများတွင် အတည် ပြုမည့် သဘောတရား စာတမ်းများ၊ လမ်းညွှန်ချက်များ၊ လုပ်ငန်းလမ်းညွှန်နှင့် ကြေညာချက်များကို ညှိနှိုင်းဆွေးနွေးနိုင် ရေးအတွက် အဆင့်မြင့်အရာရှိကြီးများ၏ ကြိုတင်ညှိနှိုင်း အစည်းအဝေးများဖြစ် သော နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ အာဆီယံအဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး(SOMTC)၊ SOMTC + 3၊ SOMTC + China၊ SOMTC + Japan နှင့် SOMTC + ROK တို့ကို ဩဂုတ် ၂၇ ရက် နံနက် ၈နာရီခွဲတွင် အဆိုပါဟိုတယ်ရှိ အစည်းအဝေးခန်းမတွင်ကျင်းပရာ မြန်မာ နိုင်ငံ SOMTC ခေါင်းဆောင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး ဌာနကြီးမှူး ယာယီရဲမှူးချုပ်ကျော်ဇေယျ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့ တက်ရောက်ညှိနှိုင်းဆွေးနွေးခဲ့ကြ ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# တိုက်ကြီးမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၃၀

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဖလုံကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဃောသိတာရုံကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



သံဃာတော်များနှင့် ဒေသခံပြည်သူများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်လေးပါးနှင့် ဒေသခံပြည်သူ ၈၃ ဦးတို့ကို နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (မြဝတီ)

# မန္တလေးမြို့ပေါ်တွင် နှစ်ရက်အတွင်း လူငယ် နှစ်ဆယ်ခန့် ဖမ်းဆီးခံရကြောင်း သတင်းတု၊သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေ

နေပြည်တော် ဩဂုတ် ၃၀

မန္တလေးတိုင်းဒေသကြီး တံတားဦးနှင့် ပြည်ကြီးတံခွန်မြို့ပေါ်ရှိ ရပ်ကွက်များတွင် ဩဂုတ်၂၇ ရက်နှင့် ၂၈ ရက် နှစ်ရက်အတွင်း လူငယ်နှစ်ဆယ်ဦးခန့်ကို စစ်မှုထမ်း ရန်အတွက် တပ်မတော်မှဖမ်းဆီးထားကြောင်း မဟုတ်မမှန်သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မန္တလေးမြို့ပေါ်တွင် စစ်မှုထမ်းဆောင်ရန်အတွက် လူငယ်များကို ဖမ်းဆီးနေသည့် သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မန္တလေးမြို့အတွင်း အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်မှုမရှိစေရေးအတွက် လိုအပ်သည့်နယ်မြေလုံခြုံရေးဆောင်ရွက်ခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းနှင့် လှည့်ကင်းပတ်ကင်းများကို မန္တလေးမြို့မှ တာဝန်သိပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းသာဖြစ်ကြောင်းနှင့် စစ်မှုထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို အတည်ပြုပြဋ္ဌာန်းထားပြီး သက်ဆိုင်ရာအဖွဲ့အစည်းများက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင် ပြည်ဖျက်မီဒီယာများက မန္တလေးမြို့အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ သတင်းမှားများဖြင့် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (မြဝတီ)

# မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ငွေကျပ်သိန်း ၅၅၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ



ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။


ရန်ကုန် ဩဂုတ် ၃၀

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကျီကုန်းရပ်ကွက်ရှိ ကားဂိတ်တွင် မော်တော်ဆိုင်ကယ်ဖြင့် ပါဆယ်ပစ္စည်းလာရောက်ထုတ်ယူသူ စိုးတင့်အား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ပြောင်းဆေးဝါး Happy Water ၂ ဒသမ ၄၅ ကီလိုသိမ်းဆည်းရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ စိတ်ပြောင်းဆေးဝါးများ လက်ခံမည့်သူ စိုးခမ်းတီအား အောင်မြေသာစံမြို့နယ် မဟာဗေယျာဘုံရပ်ကွက်တွင် မော်တော်ဆိုင်ကယ် တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာအဝေးပြေးကားဝင်းတွင် ကံထူးတင်သိန်းအား စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အက်တက်စီဆေးပြား ၄၉၀၀၊ Happy-5 ဆေးပြား ၃၈၀၊ ကက်တမင်း ဂရမ် ၉၅၀၊ TOYOTA FIELDER မော်တော်ယာဉ် တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ စိတ်ပြောင်းဆေးဝါးများယူဆောင်ခိုင်းသူ အောင်ဘုန်းမြတ်အား တောင်ဥက္ကလာပမြို့နယ် (၁၁)ရပ်ကွက် မေတ္တာလမ်းရှိ ၎င်း၏နေအိမ်တွင် စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အိုက်စ်(မက်သ်အဖက်တမင်း) ဂရမ် ၄၇၀၊ ကက်တမင်း ၂၅ ဂရမ်၊ Collagen အမှုန့် တစ်ကီလိုနှင့် မူးယစ်ဆေးဝါး Tramadol ဆေးတောင့် ၇၀၀ နှင့်လည်းကောင်း၊ ဩဂုတ် ၂၈ ရက် နံနက် ၁၁ နာရီတွင် စိတ်ပြောင်းဆေးဝါးများကို လူမှုတန်ဆာဖြင့် ပို့ဆောင်ပေးသူ မဝါဝါလွင်(ခ)စန္ဒာအား ရပ်စောက်မြို့နယ် ပင်ဖြစ်ကျေးရွာ ရပ်ကွက်(၁)တွင် ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် သိန်း ၅၅၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water ၂ ဒသမ ၄၅ ကီလို၊ အက်တက်စီဆေးပြား ၄၉၀၀၊ Happy-5 ဆေးပြား ၃၈၀၊ ကက်တမင်း ဂရမ် ၉၅၀၊ အိုက်စ်(မက်သ်အဖက်တမင်း) ဂရမ် ၄၇၀၊ ကက်တမင်း ၂၅ ဂရမ်၊ Collagen အမှုန့် တစ်ကီလို နှင့် မူးယစ်ဆေးဝါး Tramadol ဆေးတောင့် ၇၀၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး တို့သို့သယ်ဆောင်၍ KTV/CLUB/BAR နှင့် စားသောက်ဆိုင်များတွင် လူငယ်များအား ဖြန့်ဖြူးရောင်းချခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ (မြဝတီ)

# ကလေးမြို့မှ ချင်းပြည်နယ်သို့ ဆန်နှင့်လျှပ်စစ်ပစ္စည်းများကို သယ်ယူတင်ပို့ခွင့် ပိတ်ပင်ထားကြောင်း သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေ

နေပြည်တော် ဩဂုတ် ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်မှ ချင်းပြည်နယ်မြောက်ပိုင်းရှိ မြို့နယ်များသို့ ဆန်နှင့်လျှပ်စစ်ပစ္စည်းများ သယ်ယူတင်ပို့ခွင့် ပိတ်ပင်ထားကြောင်း သတင်းတု၊သတင်းမှားများကို တရားမဝင်




ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာတွင် ဝါဒဖြန့်ဝေရေးသားလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာနယ်မြေ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဒေသခံပြည်သူများအတွက် အစားအသောက်၊ အသုံးအဆောင်ပစ္စည်းများကို သယ်ယူတင်ပို့ခွင့်များကို စနစ်တကျစစ်ဆေးကြပ်မတ်၍ သယ်ယူခွင့် ခွင့်ပြုထားကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် တရားမဝင် ပြည်ဖျက်မီဒီယာများက ယခုကဲ့သို့ သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (မြဝတီ)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပညာတန်ခိုး ကမ္ဘာကိုလွှမ်းမိုး

**အောင်ကြည်ညွန့်(တက္ကသိုလ်)**

မိမိတို့နိုင်ငံသည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူအများအပြား နေထိုင်ကြသောနိုင်ငံဖြစ်သည်။ ဗုဒ္ဓ၏ အဆုံးအမဖြင့် လူ့ဘဝကို ရပ်တည်နေကြသူများဖြစ်ကြ၏။ ဗုဒ္ဓ၏တရားတော်များကို နာယူမှတ်သား၊ ကျင့်ကြံကြိုးကုတ်အားထုတ်ကြပါ၏။

'ဗုဒ္ဓ'ဟူသောပါဠိသည် ကိုယ်တိုင်သိ၍ သူတစ်ပါးကိုလည်း သိစေနိုင်၏ဟူသောအနက်ကို ပြ၏။ ဗုဒ္ဓမြတ်စွာသည် သစ္စာလေးပါးတည်းဟူသော အမြိုက်အရသာကို ကိုယ်တိုင်လည်းသိတော်မူ၊ ဝေနေယျသတ္တဝါတို့ကိုလည်း သိစေတော်မူနိုင်ပေသည်။

ဗုဒ္ဓသည် ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးတော်မူစဉ် နတ်သားတစ်ပါးရောက်လာကာ မေးခွန်းလေးမျိုးကို လျှောက်ခဲ့သည်။

- အရှင်ဘုရား အဘယ်တရားသည် အိုသည့်တိုင်အောင် ကောင်းပါသနည်း။
- အရှင်ဘုရား အဘယ်တရား တည်သည်ရှိသော် ကောင်းပါသနည်း။
- အရှင်ဘုရား အဘယ်တရားသည် လူတို့၏ ရတနာမည်ပါသနည်း။
- အရှင်ဘုရား ဘယ်တရားကို ခိုးသူတို့ မခိုးယူနိုင်ပါသနည်း။

နတ်သားကို မြတ်ဗုဒ္ဓက ပြန်လည်ဖြေကြားသည်မှာ-

- အိုနတ်သား အကျင့်သီလသည်၊ အိုသည့်တိုင်အောင်ကောင်း၏။
- ယုံကြည်မှုသဒ္ဓါတရား တည်သည်ရှိသော် ကောင်း၏။
- ပညာသည် လူတို့၏ ရတနာမည်၏။
- ကောင်းမှုကို ခိုးသူတို့မခိုးနိုင်ဟု ပြောကြားတော်မူပါသည်။

မြတ်စွာဘုရား၏ပြန်လည်ဖြေကြားမှုကို ပီတိဖြစ်၍ ပညာပွားများရပါသည်။ လေ့လာမှတ်သားကြည်ညိုရပါ၏။ မိမိသည်'ပညာ'နှင့်စပ်လျဉ်း၍ အမျိုးသားစာပေတစ်သက်တာဆုရ၊ အမျိုးသားစာပေဆုရှင် ကဗျာဆရာကြီး သမိုင်းသုတေသီ ဆရာကြီး သိန်းသန်းထွန်း၏ကဗျာကို ပြေး၍သတိရမိပါသည်။ မိမိ၏ 'ပညာ'နှင့်ဆိုင်သော မှတ်စုစာအုပ်ကို ဖွင့်၍ ဖတ်မိပါသည်။

"ပညာသာလျှင် ကမ္ဘာကိုလွှမ်းမိုး
လူ့အကျိုးဆောင်ပါတဲ့
မဟာရတနာကွဲ့။
ဆရာသာလျှင် လူအလွှာပေါင်း
လူကောင်းဖြစ်အောင်
ရွက်ဆောင်သောသူ
လူတကာတို့တွင် လူ့ကျေးဇူးရှင်။"

ဆရာကြီး သိန်းသန်းထွန်း၏ကဗျာတွင်-

**"ပညာသာလျှင် ကမ္ဘာကိုလွှမ်းမိုး လူ့အကျိုးဆောင်ပါတဲ့ မဟာရတနာကွဲ့."**ဟူ၍ ပညာ၏ ကြီးကျယ်မြတ်နိုးဖွယ်၊ အကျိုးဆောင်နိုင်စွမ်းရှိပုံကို ဖော်ကျူးထားသည်ကို သတိပြုမိပါသည်။ ပညာသည်သာ ရတနာအစစ်ဖြစ်သည်ကို သိသာစေသည်။

'ပညာ'၏အကျိုးတရားကို ဆက်လက်စူးစမ်းလေ့လာရာတွင် မိလိန္ဒပဉှာပါဠိတော်တွင် ပညာ၏ တန်ခိုး၊ ပညာ၏တန်ဖိုးကို မြတ်နိုးဖွယ်ရာဖော်ပြထားပါသည်။

- သာသနာတော်၌ ပညာသည် အမြတ်ဆုံးဖြစ်၏။
- လောက၌လည်း ပညာသည် အမြတ်ဆုံးဖြစ်၏။
- ပညာသည်သာသနာတော်တည်တံ့ကြောင်းဖြစ်၏။
- ပညာသည် နိုင်ငံတော်တည်တံ့ကြောင်းဖြစ်၏။
- ပညာကြောင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏။
- ပညာကြောင့် နိုင်ငံတော်သည် အထွတ်အထိပ်ရောက်နိုင်၏။

ပညာ၏တန်ဖိုးကြီးမားပုံ၊ မြင့်မြတ်ပုံကို သတိပြုဆင်ခြင်နိုင်၏၊ ဤမျှတန်ဖိုးကြီးမား၊ လွန်စွာမြင့်မြတ်လှသောပညာကို သင်ကြားပို့ချသူဆရာသည်-

"ဆရာသာလျှင်၊ လူအလွှာပေါင်း၊ လူကောင်းဖြစ်အောင်၊ ရွက်ဆောင်သောသူ၊ လူတကာတို့တွင်၊ လူ့ကျေးဇူးရှင်"ဖြစ်ကြောင်း ကဗျာဆရာကြီး သိန်းသန်းထွန်း၏ကဗျာအဖွဲ့သည် လူ့ဘောင်လောကကြီးကို တန်ဖိုးရှိအောင်၊ ယဉ်ကျေးလိမ္မာအောင်၊ ငြိမ်းချမ်းအောင် အလှဆင်နေသော ဘဝလမ်းညွှန်ဆရာများကို မီးမောင်းထိုးပြလိုက်ခြင်းဖြစ်ပါသည်။

သို့ဆိုပါလျှင် ကျွန်ုပ်တို့၏ 'ဗုဒ္ဓ'သည် ဆရာမရှိ မိမိဘာသာ အလုံးစုံကို ထိုးထွင်းသိမြင်တော်မူသော လောကသရဖူ အတုမရှိဗုဒ္ဓမြတ်စွာပင်ဖြစ်ပါသည်။

**❖ 'ပညာ'၏အကျိုးတရားကို ဆက်လက်စူးစမ်းလေ့လာရာတွင် မိလိန္ဒပဉှာပါဠိတော်တွင် ပညာ၏ တန်ခိုး၊ ပညာ၏တန်ဖိုးကို မြတ်နိုးဖွယ်ရာ ဖော်ပြထားပါသည်။ သာသနာတော်၌ ပညာသည် အမြတ်ဆုံးဖြစ်၏။ လောက၌လည်း ပညာသည် အမြတ်ဆုံးဖြစ်၏။ ပညာသည် သာသနာတော် တည်တံ့ကြောင်းဖြစ်၏။ ပညာသည် နိုင်ငံတော် တည်တံ့ကြောင်းဖြစ်၏။ ပညာကြောင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏။ ပညာကြောင့် နိုင်ငံတော်သည် အထွတ်အထိပ်ရောက်နိုင်၏။ ပညာ၏တန်ဖိုးကြီးမားပုံ၊ မြင့်မြတ်ပုံကို သတိပြုဆင်ခြင်နိုင်၏၊ ❖**

"ထို့ကြောင့်ပင် ဗုဒ္ဓမြတ်စွာကို ဗိမ္ဗိသာရစသော လူမင်း၊ ဗြဟ္မာမင်း၊ နတ်မင်း၊ ပါမောက္ခ စသော လူပညာရှိ၊ သိကြားစသော နတ်မင်း၊ ဗကဗြဟ္မာစသော ဗြဟ္မာတို့က ဆရာတင်ကြပြီးလျှင် ဗုဒ္ဓအဆုံးအမတော်အတိုင်း လိုက်နာကျင့်ကြံကြိုးကုတ်နေထိုင်ကြကုန်၏။ လိုက်နာလျှင် လိုက်နာသလောက် လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာတို့ကို ကိုယ်စီကိုယ်င ခံစားကြရပေသည်"

ဤသို့ဆိုလျှင် ကမ္ဘာကျော် လောကပညာရှင်ဆရာများသည် မည်သူတို့ဖြစ်မည်နည်းဟု တွေးကြည့်မိပါသည်။ မိမိတို့ လေ့လာမှတ်သားမိသမျှ ပြောရလျှင် ကမ္ဘာတွင် အကြီးကျယ်ဆုံး၊ အမြင့်မြတ်ဆုံး၊ အကျော်ကြားဆုံးဆရာမြတ်ကို ပြောပါဆိုလျှင် ဗုဒ္ဓကိုသာ ညွှန်းဆိုရပါလိမ့်မည်။

မိမိသည် 'ဗုဒ္ဓ'နှင့်ဆိုင်သော ကမ္ဘာကျော်သိပ္ပံပညာရှင်ကြီး 'အိုင်းစတိုင်း'၏အဆိုအမိန့်ကို အမှတ်ရနေပါသည်။

"If there is only religion that would cope with modern scientific needs, if would be Buddhism"

"ခေတ်သစ်သိပ္ပံနည်းပညာအရ လိုအပ်ချက်များကို ပြည့်စုံအောင် ဖြည့်ဆည်းပေးစွမ်းနိုင်မည့် ဘာသာတရားမျိုးရှိမယ်ဆိုရင် အဲဒီဘာသာတရားဟာ ဗုဒ္ဓဘာသာတရားဖြစ်ပါလိမ့်မယ်"

ကမ္ဘာကျော်သိပ္ပံပညာရှင်ကြီး 'အိုင်းစတိုင်း'၏ တလေးတစား လေ့လာဆန်းစစ်လျက် မှတ်ချက်ပေးမှုသည် မြန်မာတို့အတွက် ဝမ်းမြောက်ဖွယ်ဖြစ်ပါသည်။ မြတ်ဗုဒ္ဓသည် ကမ္ဘာတွင်သာမက စကြဝဠာ၏ အမြတ်ဆုံးဆရာ၊ အတုမရှိ၊ အသာမရှိ အမြတ်ဆုံးဆရာမြတ်ဖြစ်ပါသည်။

မြတ်ဗုဒ္ဓသည် ဆုံးမဖို့ရန်သင့်လျော်သော သတ္တဝါတို့ကို တွေ့မြင်တော်မူလျှင် ထိုသူတို့၏ အလိုဆန္ဒကိုကြည့်တော်မူ၏။ ထို့နောက် ခြောက်၍ ဆုံးမမှ တရားရမည့်သူကို ခြောက်၍ ဆုံးမတော်မူ၏။ မြှောက်ပင့်၍ဆုံးမမှ တရားရမည့်သူကို မြှောက်၍ ဆုံးမတော်မူ၏။

ထိုသို့ ဆုံးမရာ၌ သီလမရှိသောသူကို သီလရှိအောင်၊ အခြေခံသီလရှိပြီးသူကို ဆက်လက်၍ စျာန်၊ မဂ်ဖိုလ်ရအောင် အဆင့်ဆင့်ဆုံးမတော်မူ၏။ ထို့ကြောင့် မြတ်ဗုဒ္ဓသည် ယဉ်ကျေးစေရန် သွန်သင်ဆုံးမမှု၌ အတုမရှိ၊ အသာမရှိ မြတ်တော်မူပါပေသည်။

"လောက၌ အသိ၊ အလိမ္မာ၊ ဉာဏ်၊ ပညာ အရည်အချင်းအားဖြင့်လည်း ကိုယ့်ထက်သာလွန်၍ မိမိကို ဆုံးမဖော်ရလျှင်လည်းကောင်း၊ ထိုဆုံးမမှုကို လိုက်နာ၍ အကျိုးရှိလျှင်လည်းကောင်း ထိုအကျိုးကို ခံစားရသူတိုင်းက ထိုဆုံးမသောပုဂ္ဂိုလ်ကို "ဆရာ" ဟူ၍ အသိအမှတ်ပြုကြရသည်။

မြတ်ဗုဒ္ဓသည် လောက၌ ဆရာဖြစ်ထိုက်သော ဂုဏ်များနှင့်ပြည့်စုံသောကြောင့် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါများကပင် ဆရာဟူ၍ အသိအမှတ်ပြုခြင်းကို ခံရပါပေသည်။ (နတ်၊ ဗြဟ္မာ၊ လူတို့၏ ဆရာဖြစ်တော်မူ၏။) ကမ္ဘာတွင်လည်းကောင်း၊ စကြဝဠာတွင်လည်းကောင်း မြတ်ဗုဒ္ဓသည် အတုမရှိကြီးမြတ်ဆုံးဆရာဖြစ်ပါပေသည်။ မြတ်ဗုဒ္ဓ၏ **"ပညာသည်သာ ရတနာ၊ ဆရာသည်သာ အခရာ"**ဟူသော ကျေးဇူးတော်ကို ဖော်ကျူးရင်း ဆရာများက သင်ကြားပေးသော ပညာဖြင့် ကမ္ဘာကိုလွှမ်းမိုးနိုင်ကြပါကြောင်း ဖော်ပြလိုက်ရပါသည်။

# ပူတာအိုမြို့နယ် မာမိန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပူတာအို ဩဂုတ် ၃၀**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ လန်းတောင်ကျေးရွာအုပ်စု မာမိန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၃၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မာမိန်ကျေးရွာ၌ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားမှု ရှိ၊ မရှိ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မာမိန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၂ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၇၀ ကို အငှမအကြိမ် အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၆၀ ဒသမ ၃ သန်း ထုတ်ချေးပေးထားကြောင်း ပူတာအိုမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးမင်းဇော်ထံမှ သိရသည်။



ဆက်လူ

ဝတ္ထုတိုကလျာ

# မှိန်းမိတဲ့ငါး

မောင်ခြိမ့်



**ယမန်နေ့မှအဆက်**

မြစ်ပြင်တစ်ခုလုံးငြိမ်သက်လျက်ရှိသည်။ ကမ်းနံဘေး ဓနိတောအုပ်အုပ်ကလေးဆီမှ ရေကြက်အော်သံ၊ ရေညှော်င့်ကောင်ဆူသံတို့ကိုသာ သဲ့သဲ့ကြားနေရ၏။

သူအံ့သြသွားသည်။ စောစောက အစာငမ်းနေသော ငါးထွေအုပ်နှင့်တွေ့ရလျှင် ကျိန်းသေပေါက်ဆွဲကိုဆွဲလိမ့်မည်။ တစ်ကောင်ကောင်တော့ရလိမ့်မည်။ ယခု ငါးထွေအုပ်မရှိတော့။ ထူးဆန်းနေပြီ။

ဝဲပြန်ကလေးသည် ပျဉ်းမပင်ကွေ့အောက်ဘက်တွင် ညင်ညင်သာသာကလေး ပြန်လှည့်လျက်ရှိ၏။ ရေနက်လာပြီ။ "အင်း သည်လိုရေနက်မှာ ငါးထွေအုပ်နေမှာမဟုတ်ပါဘူး"ဟုတွေးရင်း ငါးမျှားကြိုးကို လှေပေါ်ပြန်၍ဆွဲတင်မည်။ ရေဆန်ကို ပြန်လှော်တက်၍ တစ်ခါပြန်မျှောချကြည့်ဦးမည်ဟုစိတ်ကူးရင်း ငါးမျှားကြိုးကို လက်ကလှမ်းဆွဲအယူတွင် ဝုန်းခနဲ အစာကိုလှမ်း၍ ဟပ်မျိုလိုက်သည့်အသံကြီး ထွက်ပေါ်လာပြီး ရေစက်ရေမှုန်များ ဖွားခနဲလွင့်စဉ်၍ သူ့အပေါ်ကျလာသည်။ သူ့ရှေ့ရှိ ငါးမျှားကြိုးခွေသည်လည်း လျှောခနဲ လျှောခနဲပါသွားလေ၏။

ခဏမျှကြက်သေသေနေ၏။ ပြီးမှသတိဝင်ကာ ငါးမျှားကြိုးခွေကို လှမ်း၍ဆွဲလိုက်၏။ တော်သေး၏။ ကြိုးဆုံးရန် လေးငါးတောင်သာ လိုတော့သည်။ ကံသီပေလို့ ကံသီပေလို့။ ရေအောက်ကဆွဲနေတာ ဘာကောင်လဲမစဉ်းစားနိုင်။ လေးဖက်ကုန်း၍ လှေကန့်တွင် ကြိုးစကို ကပျာကယာချည်လိုက်ရသည်။ အတောင်ငါးဆယ်ခန့်ကြိုးဆုံးလျှင် တင်းခနဲဖြစ်ပြီး အားနှင့်ဆွဲရာသို့ လှေကလေးသည် ရွေ့ရွေ့ပါတော့၏။

သူ့ရင်တွေ တဒုန်းဒုန်းခုန်လျက်ရှိသည်။ စဉ်းစားစမ်း စဉ်းစားစမ်း။ ရေအောက်ကဟာ ဘာကောင်ဖြစ်မလဲ။ ငါးရွေးကြီးများလား။ ငါးမန်းတော့မဟုတ်နိုင်။ သူတို့မြစ်တွင် ငါးမန်းမရှိတာကြာပြီ။ မြစ်ဝကျွန်းပေါ်ဒေသမို့ နုန်းနွံများအနည်ထိုင်ကာ တိမ်လာခဲ့ပြီ။ ကောလာခဲ့ပြီ။ မြစ်မကြီးများပင် ယခင်လောက်မနက်တော့။ သောင်တွေပေါ်လာခဲ့ပြီ။ ရေတိမ်လာပြီ။ သို့ဖြစ်၍ ငါးမန်းများမလာတော့။ သူတို့ ယယ်ယယ်တုန်းကတော့ ရှိခဲ့ဖူး၊ မိခဲ့ဖူးသည်။

ထိုစဉ်မှာပင် လှေဦးသည် မြစ်ညာသို့ ရုတ်တရက်ကွေ့ထွက်သွားသည်။ လှေစောင်းသွား၍ ရေတွေဝေါခနဲဝင်လာတော့သည်။ သူ ဘုရားတမိသည်။

အလို...ရေဆန်ကို ပြန်ဆွဲတက်မလို့ထင်ရဲ့ဟု တွေးရင်း ကြိုးကို အသာဆ၍ဆ၍ကြည့်သည်။ ပါမလာချေ။ တင်းခံကာ ရေဆန်ကိုသာသွားနေသည်။ သူ တအားမဆွဲရဲ။ ကြိုးပြတ်သွားမှာစိုးရိမ်ရကာ ပြန်၍ လျှော့ပေးလိုက်ရသည်။ သူ့လှေကလေးသည် တဖြည်းဖြည်းနှင့် ပျဉ်းမပင်ကွေ့အထက်သို့ ဆန်တက်လာခဲ့ပြီ။

ကြိုးအဖျားတွင်ရှိသောငါးမျှားချိတ်သည် ကြီးမားလွန်းသောငါးကြီးများအတွက်မဟုတ်။ ငါးထွေများရန်အတွက်သာဖြစ်၍ ငါးကြီးလျှင် ခံနိုင်မည်မဟုတ်။ ကျိုးလျှင်ကျိုး၊ ဆန့်လျှင်ဆန့်သွားလိမ့်မည်။ ဒါမှမဟုတ် ကြိုးက ပြတ်ထွက်သွားနိုင်သည်။ ကြံစမ်းကြံစမ်း။ သည်ရေအောက်ကငါးသည် ဘာငါးဖြစ်ဖြစ် သူ့ကံကောင်း၍လာဟပ်ခြင်းဖြစ်၏။ ဒါမျိုး နောက်တစ်ခါကြုံဖို့ဆိုတာလွယ်သည်မဟုတ် ရမှဖြစ်မည်။ လူသာအိုသော်လည်း စိတ်ကမအိုသေးကြောင်းပြရမည်။ အိုမင်းသော်လည်း စွမ်းသေးကြောင်း ပြရလိမ့်မည်။

ခွန်အားချင်းမယှဉ်နိုင်ရင် ဉာဏ်ချင်းယှဉ်ပြိုင်ကြရမှာပေ့ါလေ။ လာစမ်းဟေ့လာစမ်းဟု စိတ်ထဲမှပင် သူစိန်ခေါ်ရင်း လက်က လှေဝမ်းထဲကို စမ်းလိုက်သည်။ ဝမ်းသာမှုက ရင်ဝသို့ လှိုက်ခနဲဖြစ်စေ၏။ ဆုပ်ကိုင်မိပြီ မှိန်းတစ်ချောင်း။ ပို၍တိတိကျကျပြောရလျှင် ငါးထိုးမှိန်းတစ်ချောင်း။ သုံးမူးလုံးသံချောင်းကို အဖျားတွင်ဒစ်ဖော်၍ ချွန်မြနေအောင်သွေးထားသော ပန်းပဲဦးတင်၏လက်ရာဖြစ်၍ အလွန်အားကိုးရသော မှိန်းဖြစ်သည်။ ငါးကြီး၏သွေးသောက်ချင်၍ထင့်။ စမ်းကြည့်မိသောခဏ၌ အေးစက်နေသောလရောင်မှိန်မှိန်အောက်တွင် ဖွေးဖွေးလက်ကာ သံမဏိရောင်တောက်ပလျက်ရှိ၏။

"ငါးနဲ့လူနဲ့ ပညာပြိုင်ကြတာပေ့ါကွာ"ဟု တွေးရင်း ငါးထိုးမှိန်းကို ညာလက်ဖြင့်ဆုပ်ကိုင်မိသောခဏ၌ သူ့တစ်ကိုယ်လုံး ခွန်အားသစ်တွေ ဝင်လာသကဲ့သို့ ခံစားလိုက်ရကာ ကြက်သီးဖြန်းဖြန်းထမိလေ၏။

ငါးမျှားချိတ်သည် ငါးကြီး၏ နှုတ်ခမ်းမှာလား၊ ပါးစောင်ပါးဟက်မှာလား ဒါမှမဟုတ် ဝမ်းထဲအထိ မျိုချမိ၍ အူအသည်းကလီစာများကိုပင် ချိတ်ဆွဲမိနေသလားဆိုတာကိုတော့ အတပ်မသိနိုင်။ စွန့်စားကြည့်ရပေမည်။ သည်အတိုင်းဆက်ဆွဲနေလျှင် ငါးကြီးလွတ်ထွက်သွားမှာ ကျိန်းသေနေပြီ။ ငါးမျှားချိတ်ကျိုးလျှင်ကျိုး ဒါမှမဟုတ် ကြိုးက ပြတ်ထွက်ပေလိမ့်မည်။

ကြိုးကို တစ်တောင်ခန့်ဆွဲကြည့်သည်။ ပါလာသည်။ သို့သော် ချက်ချင်းပြန်ဆွဲသွားသည်။ သူထပ်၍ ဆွဲယူသည်။ ပါလာပြီ။

"တစ်တောင်ချင်း တစ်တောင်ချင်းလုပ်ဟေ့။ မလောနဲ့ မလောနဲ့။ ဒါဟာ ပညာပဲ၊ ဒါဟာပရိယာယ်ပဲ"ဟု တီးတိုးရေရွတ်ရင်းက ချော့၍ချော့၍ ဆွဲယူနေသည်။ ကြိုးစကို သူ့ရှေ့တွင် ခွေ၍ခွေ၍အလိုက်သင့်ချထားသည်။ ရေအောက်ကငါးကြီးသည် သူဆွဲယူရာသို့ အသာမှေး၍လိုက်ပါလာနေသည်။ အလွန်မောပန်းနေ၍လော ဒါမှမဟုတ် သူတွေးထင်သလို ဝမ်းတွင်းကလီစာများအထိ ချိတ်ဆွဲမိနေ၍နာနေပြီလော။

သူတွေးရင်းတွေးရင်း သတိကြီးစွာထားရင်း ဆွဲယူနေ၏။ ရေအောက်ကငါးကြီး ဉာဏ်ဆင်နေသလား၊ အကြံထုတ်နေသလားဆိုတာကိုတော့ မသိနိုင်။ လှေနှင့်နီးလာမှ ဆောင့်၍ရုန်းလျှင် ကြိုးပြတ်ထွက်၍လွတ်သွားနိုင်သည်။ သူအသာပြုံးလိုက်သည်။ ဒါတွေကို သူတွက်ဆမိ၍ပင် ဆွဲယူထားသောကြိုးစကို လှေဦးတိုးတွင်ပတ်၍ပတ်မထား။ ရုတ်တရက် ရုန်းလျှင် လျှောခနဲပါသွားနိုင်အောင် ခွေကာခွေကာထားခဲ့သည်မဟုတ်လား။ "မင်းလိုငါးမျိုးဖမ်းလာခဲ့တာ အံတိုနေပြီဟေ့"ဟု သူစိတ်ထဲက ကျုံးဝါးသည်။ တကယ်တမ်းမှာမူ အံတိုရုံတင်မဟုတ်။ အံသွားတွေ တစ်ချောင်းမှမရှိတော့ပြီ။ ကြိုးကိုဆက်၍ဆွဲယူသည်။ ရေအောက်မှငါးကြီး တဖြည်းဖြည်း လှေနှင့်နီးလာပြီ၊ ညာလက်တွင် မှိန်းကအသင့်။

ကြိုးဆုံးခါနီး ငါးကြီးရေမျက်နှာပြင်ပေါ်တက်လာခါနီးတွင် ငါးကြီးက ဖြန်းခနဲရေပေါ်ခုန်ပျံလူးလွန့်၍ ရုန်းထွက်လိုက်သည်။ သူ မတ်တတ်ထရပ်သည်။ ပစ်ကွင်းကို သေသေချာချာမချိန်ရွယ်နိုင်ဘဲ ရေပြင်ပေါ်မှာ ရိပ်ခနဲ၊ ဖွေးခနဲသာ ရေစက်ရေမှုန်များကြားမှာ မြင်ရသောငါးကြီးကို အားဖြင့်ထိုး၍လွှတ်လိုက်သည်။

သူ့လက်ထဲမှ တန်းခနဲထွက်သွားသောမှိန်းသည် ဖောက်ခနဲစူးဝင်သွားသံကို အာရုံဖြင့်ကြားလိုက်သည်။ ငါးကြီးကိုထိသွားသဖြင့် လက်ထဲမှာ နင့်ခနဲစီးခနဲ ခံစားလိုက်ရသည်ကို သာမန်လူတို့ မသိနိုင်ပါလေ။

ဆတ်ဆတ်ခါနာကျင်သွားသော ငါးကြီးသည် ဝုန်းခနဲရေပေါ်ပြန်အကျတွင် သောင်ပြင်ဘက်သို့ လူးကာလွန့်ကာ ကော့ကာလန်ကာ ထိုးတက်သွားသည်။ ထိုအခါ ကြိုးခွေအပေါ် နင်းမိလျက်သားဖြစ်နေသော သူ့ဘယ်ခြေထောက်သည် ဆတ်ခနဲမြောက်တက်သွားပြီး အရင်းမှပိုင်းဖြတ်လိုက်သော တောင့်ကျပေါ့ပင်ကဲ့သို့ ပက်လက်လန်ကာ လှေပေါ်သို့ သူလဲ၍ကျသွားတော့၏။

မျက်နှာပေါ်သို့ တဖြန်းဖြန်းရေကျသံနှင့်အတူ အေးမြသောအတွေ့ကြောင့် ဦးတောကျော် ပြန်၍သတိရလာချိန်တွင် သူ့ပတ်ဝန်းကျင်၌ ရေနံဆီမီးခွက်ထိန်ထိန်လင်းလျက်ရှိသည်။

လူသံတွေကလည်း ဝမ်းသာအားရ အော်ဟစ်ဆူညံနေကြသည်။ တံငါသည်တို့၏ သဘာဝအတိုင်း မိမိကိုယ်တိုင် ဖမ်းဆီး၍ရသည်မဟုတ်စေကာမူ ဘဝတူချင်းအတွက်အခက်အခဲတွေ့နေပါက ကူညီတတ်ကြ၏။ ပျော်စရာရှိက ဝိုင်း၍ပျော်ရွှင်ကြ၏။ ယခုလည်း သောင်ပြင်ပေါ်ဝယ် တုံးလုံးလဲနေသောငါးကြီးကိုကြည့်ကာ ဦးတောကျော်အတွက် ဝမ်းသာအားရဖြစ်နေကြ၏။

"အဖေ အဖေ သတိရပြီလားဟင်"

လှေချင်းကပ်လာနေသော တစ်ဖက်လှေပေါ်မှ ဖိုးနီက စိုးရိမ်တကြီးမေးသည်။

"အင်း"ဟု ခပ်လေးလေးအသံပြုရင်း ဦးတောကျော် ထ၍ ထိုင်လိုက် သည်။

"ရေထဲကျမသွားတာ ကံကောင်းတာပေ့ါ အဖေရာ။ ကျွန်တော်တို့ ပိုက်လှေလေးစီးပြန်အလာမှာ သောင်စပ်မှာက ငါးကြီးထိုးတင်လို့။ လှေကလဲ ကြိုးတန်းလန်းနဲ့ ဘာတွေဖြစ်နေပါလိမ့်ဆိုပြီးဝင်ကပ်ကြတာ။ လက်စသတ်တော့ အဖေဖြစ်နေတာကိုး။ အဖေက ပက်လက်ကြီးသတိမေ့နေတယ်။ ငါးမျှားကြိုးကလဲ ခြေထောက်မှာပတ်လို့ ဘယ်လိုဖြစ်တာလဲ အဖေရယ်"

ဦးတောကျော်သည် စပ်ဖျဉ်းဖျဉ်းနာနေသော နောက်စေ့ကို အသာစမ်းရင်း–

"ငါးကိုမှိန်းနဲ့လှမ်းအထိုးမှာ ငါးကလန့်ပြီးဆွဲပြေးတော့ ခွေထားတဲ့ကြိုးနဲ့ အဖေ့ခြေထောက်ငြိပြီး ပက်လက်လန်လဲကျတာပေ့ါကွာ။ နောက်စေ့နဲ့လှေကပ်နဲ့ဆောင့်မိပြီး သတိလစ်သွားတော့တာပဲဟေ့။ အမျိုးယုတ်ငါး"

"ဘယ့်နှယ့်အမျိုးယုတ်ငါးရမှာလဲဘကြီးရဲ့ အမျိုးကောင်းငါးဗျ အမျိုးကောင်းငါး။ ငါးချောင်းကြီးဗျ နည်းတာမဟုတ်ဘူး။ ပိဿာသုံးဆယ်ကျော်လိမ့်မယ်"

ကိုရွှေဖောင်က လှမ်းနောက်လိုက်သည်။

"ဒါတောင် တို့ဘကြီးတောကျော်က ခြေထောက်နဲ့ဖမ်းတာကွနော်။ တံငါရာဇဝင်မှာတော့ ဒါပထမဆုံးထွင်လိုက်တဲ့ ငါးဖမ်းနည်းပဲဟေ့"

ကိုတင်အုံးက ဝမ်းသာအားရ စပြန်သည်။ သူတို့ဘာပဲပြောပြော ဦးတောကျော်ကတော့ ဒီလောက်ကြီးသည့်ငါးကြီးကို သူဖမ်းနိုင်ခဲ့၍ တဟဲဟဲရယ်ကာ သဘောကျလျက်ရှိတော့၏။

"မှိန်းမိထားတဲ့ ငါးနာကြီးကွ။ ဘကြီးတောကျော်နဲ့မတွေ့ခင် ပိုက်တစ်ခုခုကို ဝင်တိုးတာဖြစ်မယ်၊ ငါးသလောက်ပိုက်လိုဟာမျိုးပေ့ါ။ ပိုက်သမားက မှိန်းနဲ့လှမ်းထိုးတော့ မှိန်းချက်ကလဲနာ၊ လန့်လဲလန့်ပြီး အားနဲ့ရုန်းတော့ ပိုက်ပြတ်ပြီး လွတ်လာတာဖြစ်မယ်ကွ။ ပါးဟက်မှာ ပိုက်အစအနတွေ တွေ့တယ်"ဟု ကိုရွှေဖောင်ကပြောရာ–

စာမျက်နှာ ၂၅ သို့ ➤

# မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၅၁၅၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မြောင်းမြ ဩဂုတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၅၁၅၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၆၅၇၃၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စပါးဧက ၁၅၁၅၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ မိုးစပါးများကို အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါးဧက ၁၆၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ စပါးဧက ၁၅၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့နဲ့ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းဖို့ နည်းပညာတွေကို စပါးမစိုက်မီ မြေပြင်ထိ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်။ မိုးသီးနှံတွေအားလုံး စိုက်ပျိုးနိုင်ဖို့ တောင်သူပညာပေး လုပ်ငန်းတွေကို ကြိုတင်လုပ်ပေးခဲ့ပါတယ်။ တောင်သူတွေကလဲ စိုက်ပျိုးရေး နည်းပညာတွေကို တောင်းခံတာရှိနေလို့ တောင်သူပညာပေးလုပ်ငန်းတွေကိုလဲ စိုက်ပျိုးရေးဦးစီးဌာနက အဆက်မပြတ် လုပ်ဆောင်ပေးခဲ့ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနနဲ့ အခြားနီးနွယ်ဌာနတွေကလဲ ပူးပေါင်းဆောင်ရွက်ပေးပါတယ်။ ဒါကြောင့် မိုးစပါးတွေကို လျာထားချက်ပြည့်မီကျော်လွန်တဲ့ထိ စိုက်ပျိုးနိုင်မှာဖြစ်ပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆင်းသုခ၊ မင်းဧရာ၊ ရက် ၉၀၊ GW–1၊ GW–3 ထိုင်းဘေးကျား စသည့်စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးထားကြောင်း၊ အဆိုပါ စပါးအမျိုးအစားများသည် ဒေသမြေအနေအထားနှင့် ကိုက်ညီကြောင်း၊ စိုက်ပျိုးပြီးစပါးများ အထွက်နှုန်းကောင်းမွန်စေရန် အထွက်နှုန်းညီစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ စနစ်တကျ ပြန်လည် ရိတ်သိမ်းနိုင်စေရန် စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

---

➤ စာမျက်နှာ ၂၄ မှအဆက်

"ဒါဆို အဲဒီမှိန်းက ဘယ်မှာလဲ။ ကဲ...ပိုက်သမားထိုးလိုက်တဲ့မှိန်းလေ"ဟု စိန်ကုလားက မယုံသလိုမေး၏။

"ခွေးကောင်ကလေး ဒီမှာသေသေချာချာကြည့်ကွ။ တံငါပညာဆိုတာ ငါး၊ ပုစွန်နဲ့ပတ်သက်လာရင် စေ့စပ်ရတယ်။ သူတို့အလေ့အထကို သတိထားပြီးလေ့လာထားရတယ်ကွ"

"ဒီမှာကြည့်အုံး ဘကြီးတောကျော်ရဲ့မှိန်းက ငါးရဲ့မြီးထူးမှာဖောက်ဝင်သွားပြီး ဒစ်ရှိတော့ပြုတ်မထွက်ဘူး။ ငါးသလောက်ပိုက်သမားဆိုတာ မှိန်းကိုင်လေ့မရှိဘူးကွ။ လိုလိုမည်မည်ပါလာရင်တောင်မှ သာမန်အိမ်သုံးမှိန်းလောက်သာ အရံအတားအဖြစ်ဆောင်ကြတာ။ ငါးကြီးရဲ့ ဗိုက်မှာမှိန်းရာအပေါက်ကြီး။ ငါးထိုးမှိန်းလို အဖျားဒစ်မပါတော့ ငါးကြီးအကူးအခတ်အခုန်အပျံမှာ ပိုက်နဲ့ပဲဖြစ်ဖြစ်၊ တခြားတစ်ခုခုနဲ့ပဲဖြစ်ဖြစ် ငြိပြီး ပြုတ်ကျကျန်ခဲ့တာနေမှာပေါ့ကွ။ ဘာဒဏ်ရာမှရမှရမထားတဲ့ ငါးကြီးသာဆိုရင် ဘကြီးတောကျော်ရဲ့ဒီငါးမျှားကြိုးမျိုးလောက်တော့ တစ်ချက်ရုန်းတောင်မရှိဘူး"

စိန်ကုလားရော၊ ဖိုးနီတို့ပါ ဝိုင်း၍ စိတ်ပါဝင်စားစွာနားထောင်နေကြသည်။

"အခုဟာကတော့ ပိုက်ကိုလဲ ထိုးဖောက်ရုန်းကန်လာရတယ်။ မှိန်းချက်ကလဲ နာလာတယ်ဆိုတော့ မောကလဲမော၊ နာကလဲနာ၊ ဆာကလဲဆာဆိုတော့ ဝဲပြန်ကလေးမှာ ငါးကလေးတွေအသာဖမ်းပြီး စားဖို့ချောင်းနေတုန်း ဘကြီးတောကျော်ရဲ့ ငါးမျှားချိတ်ကို ဆွဲပြီးဟပ်မိသွားတာနေမှာ။ သာမန် သန်သန်မာမာအချိန်ဆိုရင် ဖမ်းမိဖို့မပြောနဲ့၊ မြင်တောင်မြင်လိုက်ရမှာမဟုတ်ဘူး"

ကိုရွှေဖောင်က စေ့စေ့စပ်စပ်ဝေဖန်ရှင်းပြတော့မှ စိန်ကုလားနှင့် အားလုံး သဘောပေါက်သွားကြတော့၏။

"ဟုတ်မယ်ကွ ရွှေဖောင်ရ၊ ငါအစာမပစ်မီက ပျဉ်းမပင်ကွေ့မှာ မြှုံးလိုက်တဲ့ ငါးထွေထွေကွာ တဝုန်းဝုန်းနဲ့။ အနားလဲရောက်ရော တစ်ကောင်မှမရှိတော့ဘူး။ ဟပ်လဲ မဟပ်တော့ဘူးကွ။ ဒါနဲ့ ငါလဲ နည်းနည်းတော့ထူးဆန်းတယ်ထင်ပြီး နောက်တစ်လားပြန်မျှောမလို့ ငါးမျှားချိတ်ကိုပြန်အဆယ်မှာ ဒီကောင်ကြီးဆွဲဟပ်တာကွ"ဟု ဦးတောကျော်က ထောက်ခံ၏။

"ဒါပေါ့အဖေရဲ့ အနားမှာ သူတို့ထက်ကြီးတဲ့ငါးကရောက်လာတော့ အဖေ့ငါးထွေတွေ ဘယ်မြူးရဲတော့မလဲဗျာ ပြေးရောပေ့။ ကဲ ကဲ ကိုရွှေဖောင်နဲ့ကိုတင်အုံးတို့ လှေနှစ်စီးက ငါးကြီးကိုတွဲပြီး ရွာကိုဆွဲသွားပေတော့ဗျာ။ ကျွန်တော်နဲ့ စိန်ကုလားက အဖေနဲ့လှေကို ဆွဲလာခဲ့မယ်"

"ကောင်းတယ် ကောင်းတယ်။ လာဟေ့ တင်အုံး ငါတို့ငါးကြီးသွားဆွဲကြရအောင်။ ရွာရောက်ရင် ငါးကြီးကို ဗိုက်ခွဲ၊ ဝမ်းတွင်းသားကို ဆီလည်ရေလည်ကလေးချက်ပြီး ငပိန်တို့ဆိုင်က အတွဲအဖက်ကလေးနဲ့ ဟဲလိုက်ရရင် ဟီး ဟီး"ဟု သွားရည်ကျဟန်လုပ်၍ ပြလိုက်ရာ–

"ကောင်းတယ်ဗျို့၊ ခင်ဗျားအကြံကောင်းတယ်။ ငါးကြီးဝမ်းတွင်းသားချက်ဖို့ ခင်ဗျားတာဝန်ယူ။ အတွဲအဖက်ကလေးအတွက်က ကျုပ်တာဝန်သာထား"ဟု ကိုတင်အုံးကပြောရင်း ငါးကြီးကိုသွားဆွဲ၍ ရွာဘက်သို့ လှော်သွားကြလေ၏။

ဦးတောကျော်က ဖိုးနီတို့ လှေအလယ်တွင် ထိုင်လိုက်လာရင်း "သားကြီး ဖိုးနီ"ဟု လှိုက်လှိုက်လှဲလှဲခေါ်လိုက်၏။

"ဗျာ အဖေ ဘာပြောမလို့လဲဟင်"

"ဒီငါးကြီးကို မနက်ကျရင် ဈေးမှာသွားရောင်း၊ ရလာတဲ့ငွေတွေကို မင်းက တစ်ဝက်ယူ၊ ကျန်တဲ့တစ်ဝက်ကို မင်းညီမလေးကိုပေးလိုက်ကြားလား။ လောကကြီးမှာ အဖေ့အတွက် တွယ်တာစရာဆိုလို့ သားကြီးနဲ့ သမီးကလေး နှစ်ယောက်ထဲ ရှိတာပါကွာ။ ရှေ့လျှောက်လဲ အဖေရှာနိုင်သလောက်ရှာပေးအုံးမှာပဲ။ အဖေ့အတွက်ကတော့ ဘာမှမလိုတော့ပါဘူးကွာ။ မင်းတို့နှစ်ယောက်စလုံးရဲ့ အိမ်အမိုးတွေက ကြယ်မြင်လမြင်ဖြစ်နေတာ အဖေသိတယ်။ အဲဒါ မိုးလိုက်နော် သားကြီး"

နားထောင်နေသော ဖိုးနီ ရင်ထဲမှာနင့်ခနဲဖြစ်သွား၏။ မိဘမေတ္တာကို သူသဘောပေါက်သွားပြီ။

"အဖေရယ်"ဟု ဆို့နင့်စွာတစ်ခွန်းခေါ်လိုက်ရင်း မျက်ရည်တို့ ဖြာ၍ဖြာ၍ကျ၏။ အရှေ့ဘက်ဆီမှ အရုဏ်ဦး၏ ရွှေတော်ပြေးအလင်းရောင်တို့ ပျို့အန်၍ကျလျက်ရှိ၏။

သရွတ်သွတ်မြစ်မကြီးတွင်မူ မြစ်ရေတို့သည်အထက်မှအောက်သို့ တသွင်သွင် စီးဆင်းမြဲစီးဆင်းလျက်ပင်။

## မျိုးဆက်သစ်တို့ အနာဂတ်လမ်း

- "လူငယ်"ဆိုတာ အနာဂတ်လမ်းတွက်
  ကမ္ပည်းမြတ် စိုက်ကာထူ၊
  စွမ်းကိုယ်စီ လွှင့်ထူမိုးလို့
  ရေးထိုးမဲ့သူ၊
  အတွေးအမြင်သစ် တလူလူ
  အတုယူကာ ကြံဆတတ်၊
  စူးစမ်းဖွေ ဉာဏ်ရည်လက်လို့
  ထက်မြက်ဖျတ်လတ်။

- "လူငယ်"ဆိုတာ အနာဂတ်လမ်းတွက်
  သမိုင်းမြတ် ဆက်ခံယူ၊
  စွမ်းကိုယ်စီ ရဲမာန်လှစ်လို့
  ထုဆစ်မဲ့သူ၊
  ဖူးပွင့်သစ် ပန်းနှယ်တူ
  ပျံ့ထုံကြူ အလှများ၊
  အားသစ်မြိုင် ရဲရင့်စိတ်နဲ့
  လျှမ်းဖိတ်ဝင့်ကြွား။

- "ယနေ့လူငယ် နောင်ဝယ်လူကြီး"
  ကိုယ့်ခရီးနဲ့ ကိုယ့်လမ်းထွင်၊
  နိုးကြားညီ အားမာန်နှိုးလို့
  ပြည်ကျိုးမြော်မြင်၊
  ပခုံးပြောင်း တွဲလက်ယှဉ်
  အောင်ပွဲဆင် ရေးဆစ်ပိုင်း၊
  ကောင်းမွေခံ စံတင်ပျိုးပါလိမ့်
  မျိုးဆက်သမိုင်း။

- ရင်းမြစ်မှန် မျိုးဆက်သွေးတို့
  အနာဂတ်ရေး ပြည့်မဏ္ဍိုင်၊
  "ဗလငါးတန်"ဂုဏ်ရည်များနဲ့
  နိုးကြားတူပြိုင်၊
  ရှေ့ဆက်ရမဲ့ ပြည့်ပန်းတိုင်
  လှမ်းတက်မြိုင် အရောက်ချီဖို့၊
  မျိုးဆက်ညီညာ တိုးတက်ရည်ကာ
  ဖြိုးလက်စည်ဖြာ အနာဂတ်လမ်းတွက်
  "စိတ်ဓာတ်"ညီ "စည်းကမ်း"ပြည့်စွာနဲ့
  ဖြည့်စွမ်းကျေ ပြည့်ဝန်ထမ်းနိုင်ဖို့
  ထူးချွန်စွာ မြှင့်တင်လှမ်း
  (မောင်မယ်တို့တစ်တွေ...)
  ကြိုးပမ်းပါစို့။ ။

**ခိုင်ခိုင်နွယ်(ပညာရေး)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➤ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ဒရုန်းတိုက်ခိုက်ရေးစွမ်းဆောင်ရည်များတိုးတက်လာသော မြောက်ကိုရီးယား

အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်နေစဉ် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ရန်သူ့ပစ်မှတ်များကို ဒရုန်းအမျိုးမျိုးဖြင့်တိုက်ခိုက်သည့်လေ့ကျင့်မှုကို ကြီးကြပ်ခဲ့ကြောင်း ဩဂုတ် ၂၆ ရက်တွင် နိုင်ငံပိုင်မီဒီယာ၌ဖော်ပြသွားခဲ့သည်။

X ပုံစံအမြီးနှင့်တောင်ပံများပါရှိသောအဖြူရောင် ဒရုန်းတစ်စင်းသည် တောင်ကိုရီးယားနိုင်ငံ၏ ပင်မတိုက်ပွဲဝင်တင့် K-2 ပုံစံတပ်ဆင်ထားသော ပစ်မှတ်တစ်ခုကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံက စမ်းသပ်မှုကိုမှတ်တမ်းတင်ထားသောဓာတ်ပုံများ၌ ဖော်ပြထားသည်။ တိုက်ခိုက်ရေးဒရုန်းအများစုသည် ပစ်မှတ်များကို ခပ်လှမ်းလှမ်းအကွာအဝေးမှ ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

ဩဂုတ်လ ၂၄ ရက်က စမ်းသပ်မှုတွင် လမ်းကြောင်းအမျိုးမျိုးမှပျံသန်းကာ ကုန်းမြေနှင့် ပင်လယ်ပြင်ရှိ ရန်သူ့ပစ်မှတ်များကိုမတူညီသော အကွာအဝေးမှပျံသန်းတိုက်ခိုက်ရန် တည်ဆောက်ထားသည့် ဒရုန်းပုံစံအမျိုးမျိုးပါဝင်ကြောင်း မြောက်ကိုရီးယားဗဟိုသတင်းအေဂျင်စီ(KCNA)က ပြောကြားသွားခဲ့သည်။ ထိုသို့စမ်းသပ်ပြီးနောက် ကင်ဂျုံအန်သည် နိုင်ငံ၏စစ်ပွဲဆိုင်ရာအသင့်ဖြစ်မှုကို မြှင့်တင်ရန်၊ ကင်းထောက်ရန်နှင့် ရေအောက်ပစ်မှတ်များကိုတိုက်ခိုက်နိုင်သည့်ဒရုန်းများ တိုးတက်တည်ဆောက်ထုတ်လုပ်သွားမည်ဖြစ်ကြောင်းနှင့် မြောက်ကိုရီးယားစစ်ဘက်ကို အဆင့်မြင့်ဒရုန်းများ တပ်ဆင်သွားမည်ဖြစ်ကြောင်း အခိုင်အမာပြောကြားသွားခဲ့သည်ဟု KCNA ကထုတ်ပြန်သွားခဲ့သည်။

အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် ဩဂုတ် ၁၉ ရက်မှ ၂၉ ရက်ထိ Ulchi Freedom Shield အကြီးစားစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်နေစဉ် မြောက်ကိုရီးယားနိုင်ငံ၏ ဒရုန်းစမ်းသပ်မှု ထွက်ပေါ်လာခြင်းဖြစ်သည်။ ၎င်းစစ်ရေးလေ့ကျင့်မှုများသည် မြောက်ကိုရီးယား၏ခြိမ်းခြောက်မှုကို တုံ့ပြန်နိုင်ရေးအသင့်ဖြစ်မှုမြှင့်တင်နိုင်ရန် အလေးထားလုပ်ဆောင်လျက်ရှိပြီး ကွန်ပျူတာအထောက်အကူပြု သဏ္ဍာန်တူစစ်ရေးလေ့ကျင့်မှုနှင့် ကျည်စစ်ကျည်မှန်လေ့ကျင့်မှုများပါဝင်သည်။

တောင်ကိုရီးယား F-35 နှင့် F-16 ဂျက်တိုက်လေယာဉ်များပါဝင်သော တိကျဖုံးကြဲစစ်ရေးလေ့ကျင့်မှုသည် ဒရုန်းများ၊ ခရုဇ်ဒုံးကျည်များ၊ အမြောက်လက်နက်များနှင့် မြောက်ကိုရီးယား၏ ခြိမ်းခြောက်မှုကိုတုံ့ပြန်နိုင်ရန် ရည်မှန်းလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားလေတပ်က ပြောကြားသွားခဲ့သည်။


အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် U.S F-35 နှင့် ကုန်းရေနှစ်သွယ်တိုက်ခိုက်ရေး ရေယာဉ် USS Boxer အပါအဝင် ရေတပ်နှင့် မရိန်းတပ်ဖွဲ့တို့မှ လေယာဉ်နှင့် ရေယာဉ်ဒါဇင်ပေါင်းများစွာ ပါဝင်သည့် ကမ်းတက်စစ်ရေးလေ့ကျင့်မှုများကိုလည်း ဩဂုတ် ၂၆ ရက်မှစတင်၍ လုပ်ဆောင်လျက်ရှိသည်။ လာမည့် စက်တင်ဘာ ၇ ရက်တွင် စတင်မည့် Ssangyongလေ့ကျင့်မှုသည် ပေါင်းစပ်တိုက်ခိုက်ရေးစွမ်းဆောင်ရည်တိုးတက်ရန် ရည်မှန်းထားရှိကြောင်း တောင်ကိုရီးယားစစ်ဘက်က ပြောကြားသွားခဲ့သည်။

တောင်ကိုရီးယားပူးတွဲစစ်ဦးစီးချုပ်ရုံး၏ ပြောရေးဆိုခွင့်ရှိသူလီချန်ဟွန်းက တောင်ကိုရီးယားစစ်ဘက်အနေဖြင့် မြောက်ကိုရီးယား၏ ဒရုန်းစွမ်းဆောင်ရည်များကို အနီးကပ်စောင့်ကြည့်လျက်ရှိကြောင်း၊ တောင်ကိုရီးယားစစ်ဘက်တွင် မြောက်ကိုရီးယား၏ ဒရုန်းများကိုခြေရာခံ၊ ကြားဖြတ်တိုက်ခိုက်နိုင်သည့် စနစ်များတပ်ဆင်ထားရှိကြောင်း ပြောကြားသွားခဲ့သည်။

နိုင်ငံပိုင်မီဒီယာကထုတ်ပြန်သည့် ဓာတ်ပုံများ၌ တွေ့ရှိရသောမြောက်ကိုရီးယားဒရုန်းများသည် ရုရှား၏ Zala Lancet-3 ဒရုန်းများကို တပ်ဆင်ထားရှိ









ကြောင်းနှင့် မြောက်ကိုရီးယားနိုင်ငံကို ဒရုန်းစွမ်းဆောင်ရည်များ ပိုင်ဆိုင်နိုင်ရေးအတွက် ရုရှားနိုင်ငံက ကူညီခဲ့သလားဆိုသောအချက်ကို တောင်ကိုရီးယားနိုင်ငံက စောင့်ကြည့်လျက်ရှိကြောင်း၊ မြောက်ကိုရီးယားနှင့် ရုရှားနိုင်ငံတို့ကြား လုပ်ဆောင်ခဲ့သည့် အပြန်အလှန်ဖလှယ်မှုများတွင် ဒရုန်းတချို့ကို မြောက်ကိုရီးယားနိုင်ငံသို့ လက်ဆောင်အဖြစ်ပေးအပ်ခဲ့သည်ကို မိမိတို့အနေဖြင့် သတိထားမိကြောင်း၊ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ရုရှားထံမှရရှိသောဒရုန်းများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် အဆင့်မြှင့်တင်သွားမှုအပါအဝင် ရှုထောင့်ပေါင်းစုံကို ဆန်းစစ်သွားရန်လိုအပ်ကြောင်း လီချန်ဟွန်းက ပြောကြားသွားခဲ့သည်။

မြောက်ကိုရီးယားနှင့် ရုရှားနိုင်ငံတို့သည် အမေရိကန်နှင့် သီးခြားစီထိပ်တိုက်ရင်ဆိုင်ရေး အတွက် နီးကပ်စွာမဟာမိတ်ဖွဲ့ထားသည်။ ကင်ဂျုံအန်နှင့် ရုရှားသမ္မတဗလာဒီမာပူတင်တို့သည် ၂၀၂၃ ခုနှစ် ဇွန်လနှင့် စက်တင်ဘာလတို့တွင် ထိပ်သီးဆွေးနွေးပွဲများပြုလုပ်ခဲ့သည်။

အမေရိကန်နှင့် ၎င်း၏မဟာမိတ်နိုင်ငံများက မြောက်ကိုရီးယားနှင့်ရုရှားနိုင်ငံတို့ကို တရားမဝင်လက်နက်များတိုးချဲ့ထုတ်လုပ်နေသည်ဟု စွပ်စွဲပြောဆိုလျက်ရှိသည်။ ထိုသို့စွပ်စွဲပြောဆိုမှုများတွင် မြောက်ကိုရီးယားနိုင်ငံသည် ရုရှားနိုင်ငံကို ယူကရိန်းစစ်ပွဲအတွက် လိုအပ်သောခဲယမ်းများ ထောက်ပံ့ပေးလျက်ရှိပြီး အပြန်အလှန်အားဖြင့် ကင်ဂျုံအန်၏ နျူကလီးယားလက်နက်တပ်ဆင်ထားသောစစ်ဘက်ကို အဆင့်မြှင့်တင်ရန် ရုရှားထံမှ စီးပွားရေးနှင့်နည်းပညာအကူအညီများ လက်ခံရရှိမည်ဖြစ်ကြောင်း ပါရှိသည်။

ကင်ဂျုံအန်အနေဖြင့် နျူကလီးယားလက်နက်တပ်ဆင်ထားသောစစ်ဘက်ကို အင်အားတောင့်တင်း ခိုင်မာအောင်ဆောင်ရွက်ပြီး အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့အပေါ် ခြိမ်းခြောက်မှုများ ပြုလုပ်နေစဉ် ရုရှား၏ ယူကရိန်းနှင့်ပဋိပက္ခကို အာရုံအပြောင်းအလဲအဖြစ် အသုံးချလျက်ရှိသောကြောင့် ကိုရီးယားကျွန်းဆွယ်တွင် တင်းမာမှုများ မြင့်တက်လာလျက်ရှိသည်။ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် အမေရိကန်အဓိကမြို့ကြီးထိ ရောက်ရှိနိုင်သည့် ကင်ဂျုံအန်၏တာဝေးပစ်ဒုံးကျည်များအပေါ် အာရုံစိုက်လျက်ရှိစဉ် ကင်ဂျုံအန်သည် ပြိုင်ဘက်တောင်ကိုရီးယားနိုင်ငံကို ပစ်မှတ်ထားသည့် လက်နက်များကို တိုးချဲ့တည်ဆောက်လျက်ရှိသည်။ အထူးသဖြင့် မြောက်ကိုရီးယားနိုင်ငံက ထုတ်ဖော်ပြသသည့် တာတိုပစ်ဒုံးကျည်များနှင့် အမြောက်စနစ်များသည် နျူကလီးယားစွမ်းဆောင်ရည်ရှိသည်ဟု သတင်းမီဒီယာများ၌ဖော်ပြထားသည်။

ဩဂုတ်လအစောပိုင်းတွင် ကင်ဂျုံအန်သည် ရှေ့တန်းတပ်ဖွဲ့များသို့ နျူကလီးယားစွမ်းဆောင်ရည်ရှိသော ဒုံးကျည်အစင်း ၂၅၀ လွှဲပြောင်းပေးသည့် အခမ်းအနားကိုပြုံယမ်းမြို့၌ အကြီးအကျယ်ကျင်းပခဲ့ပြီး စစ်ဘက်နျူကလီးယားအစီအစဉ်ကို ကန့်သတ်ချက်မရှိတိုးချဲ့သွားရန် တိုက်တွန်းပြောကြားခဲ့သည်။ ကင်ဂျုံအန်အနေဖြင့် တောင်ကိုရီးယားနှင့် နယ်မြေထိစပ်နေသော မြောက်ကိုရီးယားနယ်စပ်တစ်လျှောက်တွင် စစ်မြေပြင်သုံးနျူကလီးယားလက်နက်များတပ်ဖြန့်ချသွားရန် ရည်ရွယ်ထားပြီး နိုင်ငံခြိမ်းခြောက်မှုခံရလျှင် မြောက်ကိုရီးယားစစ်ဘက်အနေဖြင့် နျူကလီးယားလက်နက်ဖြင့် လက်ဦးမှုယူတိုက်ခိုက်သွားမည်ဖြစ်ကြောင်း ပြောဆိုလျက်ရှိသဖြင့် စိုးရိမ်ပူပန်မှုများမြင့်တက်လျက်ရှိသည်။

လက်ရှိအချိန်တွင် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ဒုံးပစ်စင်များအတွက်ဒုံးကျည်အလုံအလောက် ထုတ်လုပ်နိုင်စွမ်းရှိသလားဆိုသောအချက်ကို ရှင်းရှင်းလင်းလင်းမသိရှိရသေးကြောင်း၊ ၎င်းဒုံးပစ်စင်များသည် တောင်ကိုရီးယားနိုင်ငံ၏မြို့ကြီးများနှင့် အလယ်ပိုင်းဒေသများကို လွှမ်းခြုံရောက်ရှိနိုင်သည့် ဒုံးကျည်များစွာပစ်ခတ်နိုင်ရန် ဒီဇိုင်းရေးဆွဲထားရှိကြောင်း ဩဂုတ် ၂၆ ရက်တွင်ပြုလုပ်သည့် လွှတ်တော်အမတ်များ တံခါးပိတ်ဆွေးနွေးပွဲ၌ တောင်ကိုရီးယား၏ သူလျှိုအေဂျင်စီကပြောကြားသွားခဲ့သည်။

တောင်ကိုရီးယားလွှတ်တော်အမတ် ပတ်ဆွန်ဝမ်က မြောက်ကိုရီးယားနိုင်ငံသည် ဒုံးကျည်များနှင့် ရုရှားနိုင်ငံသို့ပေးပို့လျက်ရှိသည့် အခြားသော စစ်လက်နက်ပစ္စည်းများထုတ်လုပ်မှုတွင် စွမ်းဆောင်ရည်များမြှင့်တင်လျက်ရှိကြောင်း ပြောကြားသွားခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်အနေဖြင့် မြောက်ကိုရီးယားနိုင်ငံကို နျူကလီးယားပိုင်ဆိုင်သည့်နိုင်ငံအဖြစ် အသိအမှတ်ပြုရန်နှင့် စီးပွားရေးနှင့်လုံခြုံရေးဆိုင်ရာ လိုက်လျောဆွေးနွေးမှုများလုပ်ဆောင်ရေးအတွက် အမေရိကန်ကို ကာလရှည်ကြာဖိအားပေးလျက်ရှိသောကြောင့် အမေရိကန်၏ ၂၀၂၄ ခုနှစ်ရွေးကောက်ပွဲကာလတွင် ဖိအားပေးမှုများ ပိုမိုလုပ်ဆောင်လာနိုင်ကြောင်း လေ့လာသုံးသပ်သူများကပြောဆိုလျက်ရှိသည်။

တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့သည် Ulchi Freedom Shield ကို ဩဂုတ် ၁၉ ရက်မှ ၂၉ ရက်ထိ ကိုရီးယားကျွန်းဆွယ်၌ပြုလုပ်ခဲ့သည်။ နှစ်နိုင်ငံအနေဖြင့် မြောက်ကိုရီးယား၏နျူကလီးယားခြိမ်းခြောက်မှုကိုဟန့်တားနိုင်သည့် ပူးတွဲစွမ်းဆောင်ရည်များ တိုးတက်လာစေရေးအလေးထားလျက် နှစ်စဉ်ပူးတွဲစစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်ခြင်းဖြစ်ကြောင်း ပြောဆိုလျက်ရှိသည်။ မြောက်ကိုရီးယားနိုင်ငံက ၎င်းစစ်ရေးလေ့ကျင့်မှုကို ကျူးကျော်တိုက်ခိုက်မှုအတွက် ကြိုတင်လေ့ကျင့်နေခြင်းဖြစ်ကြောင်း ရှုမြင်ထားရှိပြီး တုံ့ပြန်မှုတစ်ရပ်အနေဖြင့် ဒရုန်းတိုက်ခိုက်မှုလေ့ကျင့်မှုများလုပ်ဆောင်ခဲ့သည်။

အမှန်တွင်မြောက်ကိုရီးယားနိုင်ငံသည် အမေရိကန်နှင့်တောင်ကိုရီးယားတို့၏ နှစ်စဉ်ပြုလုပ်လျက်ရှိသော ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ကျူးကျော်တိုက်ခိုက်မှုအတွက် အစမ်းလေ့ကျင့်မှုများအဖြစ် ရှုမြင်သောကြောင့် ၂၀၂၂ ခုနှစ်ကတည်းက ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုများ ဆက်တိုက်ပြုလုပ်လျက်ရှိသည်။ ယခုနှစ်တွင်လည်း မြောက်ကိုရီးယားနိုင်ငံအနေဖြင့် မဟာမိတ်တို့၏စစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်နေမှုကို တုံ့ပြန်သောအားဖြင့် မြေပြင်နှင့်ပင်လယ်ပြင်ရှိ ရန်သူ့ပစ်မှတ်များကို တိုက်ခိုက်ချေမှုန်းနိုင်စွမ်းရှိသည့် အမျိုးမျိုးသောဒရုန်းများကို စမ်းသပ်ခဲ့ခြင်းဖြစ်ပေသည်။

**ကိုးကား**


(1) North Korea Shows New Drone Attacking a Target as South Korea, US Hold Large Military Exercises by The Diplomat.

(2) South Korea and US Will Start Summer Military Drills Next Week by The Diplomat.


**ဝင်းဇင်(သုတေသန)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းဧက ၂၆၀၀ ထိစိုက်ပျိုးပြီးစီးပြီဖြစ်



ကလေးဝ ဩဂုတ် ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ဧက ၂၆၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၂၁၇ ဧကနှင့် ဖူးစားပြောင်း ၂၄၂၂ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၂၂၅ ဧကနှင့် ဖူးစားပြောင်း ၂၃၇၅ ဧက စုစုပေါင်းဧက ၂၆၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

" ကလေးဝမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ၂၆၃၈ ဧကစိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၆၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကလေးဝမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်း တစ်ဧကလျှင် တင်း ၅၀ ကျော် ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းခန့် ကုန်ကျစရိတ်ရှိကြောင်း၊ ဖူးစားပြောင်းတစ်ဧကလျှင် ပြောင်း ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းခန့် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။ (၂၀၆)

# ငပုတောမြို့နယ်တွင် ယခုနှစ်မိုးနှံစိုက်ပျိုးရာသီ၌ ပိန်းပင် ၂၉၄ ဧက စိုက်ပျိုးပြီးစီး

ငပုတော ဩဂုတ် ၃၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာ၌ ပိန်းပင် ၂၉၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပိန်းပင် ၂၉၄ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ပိန်းပင် ၂၉၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ငပုတောမြို့နယ်အတွင်းမှာ ဒီနှစ် မိုးသီးနှံတွေ စိုက်ပျိုးရာသီ ပိန်းပင် ၂၉၄ ဧက စိုက်ပျိုးခဲ့ပါတယ်။ လျာထားဧကအတိုင်း ရာနှုန်းပြည့် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ပိန်းပင်တွေ အရည်အသွေး ကောင်းမွန်စေဖို့၊ အထွက်နှုန်း ကောင်းမွန်စေဖို့၊ ပိုးမွှားရောဂါကင်းရှင်းစေဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ တောင်သူတွေ ပူးပေါင်းလုပ်ဆောင်သွားမှာဖြစ်ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပိန်းပင်အပါအဝင် မိုးသီးနှံများ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေးအတွက် မြေယာပြုပြင်ခြင်းလုပ်ငန်းများ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ အပင်အားဆေးများ အသုံးပြုမှုမှန်ကန်စေရေး စသည့် လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်လင်း



# တောင်ငူမြို့နယ် ပဲချက်ကုန်းကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

တောင်ငူ ဩဂုတ် ၃၀

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပဲချက်ကုန်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ငူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါထွေးနှင့် ဝန်ထမ်းများက ပဲချက်ကုန်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖွဲ့ဝင်ကျေးရွာများရှိ ကျေးလက်နေပြည်သူများ Mobile Financial Payment စနစ်ဖြင့် ချေးငွေများ ထုတ်ချေးပေးခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တောင်ငူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူးက ပဲချက်ကုန်းကျေးရွာရှိ ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ် ၃၈ ဒသမ ၆၅ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များက ပဲချက်ကုန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၁ ဦးထံသို့ Mobile Financial Payment စနစ်ဖြင့် ရန်ပုံငွေကျပ် ၃၈ ဒသမ ၆၅သန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုညို

# ဟသ္သာတမြို့နယ် သမ္ဘရာတိုင်းကျေးရွာ၌ ကွန်ကရစ်ဘောင် ချောင်းကျောက်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

ဟသ္သာတ ဩဂုတ် ၃၀

ဧရာဝတီတိုင်းဒေသကြီး ဟသ္သာတခရိုင် ဟသ္သာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် သမ္ဘရာတိုင်းကျေးရွာအုပ်စု သမ္ဘရာတိုင်းကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်ဘောင်ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟသ္သာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ သမ္ဘရာတိုင်းကျေးရွာ၌ ကွန်ကရစ်ဘောင်ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဟသ္သာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သမ္ဘရာတိုင်းကျေးရွာ၌ အရှည်ပေ ၁၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ဘောင်ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိတွင် စီမံကိန်းအတိုးရ ငွေကျပ် ၁၅၅ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ငါးသိန်း စုစုပေါင်း သိန်း ၁၆၀ အသုံးပြုကာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ယခုနှစ် ဧပြီ ၂၆ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဇင်မာ

# မိုးနဲမြို့နယ် ဆောင်ကျဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်လုပ်ငန်းအဖွဲ့ ဖွဲ့စည်း

မိုးနဲ ဩဂုတ် ၃၀

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ကျဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မိုးနဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအာကာဖြိုးက ဆောင်ကျဲကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုးနှုန်းကာလ သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာလုပ်ငန်းအဖွဲ့ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသော ဆောင်ကျဲကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဆောင်ကျဲကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း Type-3 အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် စီမံကိန်းနှင့် အကျုံးဝင်သည့် လုပ်ငန်းများတွင် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ချိုသန်းညွန့်

# အိန္ဒိယ-ပါကစ္စတန်နယ်စပ်တွင် မုန်တိုင်းကြောင့် ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်း



**နယူးဒေလီ ဩဂုတ် ၃၀**

အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံနယ်စပ်တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ကမ်းခြေဒေသများ၌ ရေကြီးရေလျှံမှုဖြစ်ပွားနေသဖြင့် ဒေသခံများ ဘေးလွတ်ရာ ရွှေ့ပြောင်းနေရကြောင်း အိန္ဒိယအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အာရေဗျပင်လယ်နှင့် ထိစပ်နေသော ကမ်းခြေတစ်လျှောက် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရပြီး နေရပ်ကိုစွန့်ခွာ၍ ဘေးလွတ်ရာရွှေ့ပြောင်းနေရသည့် ဒေသခံဦးရေ ၁၈၀၀၀ ထက်မနည်းရှိနေပြီဖြစ်ကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ဆိုးရွားစွာရင်ဆိုင်နေရသည့် ဒေသမှာ အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ်ဖြစ်ကြောင်း သိရသည်။

နယ်စပ်ဒေသများတွင် မုန်တိုင်းနှင့်ဆက်စပ်ပြီး ဖြစ်ပေါ်နေသော ရေကြီးရေလျှံမှုကြောင့် နေရပ်ကိုစွန့်ခွာနေရသည့် ဒေသခံများကို ကယ်ဆယ်ရေးဝန်ထမ်းများအပြင် အိန္ဒိယနိုင်ငံ တပ်မတော်သားများကလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရာတွင် ကူညီပေးလျက်ရှိကြောင်း သိရသည်။

ရေကြီးရေလျှံမှုကြောင့် အခြေခံအဆောက်အအုံအမြောက်အမြား ပျက်စီးခဲ့ရကြောင်း၊ လမ်းမကြီးတချို့လည်း ပျက်စီးမှုရှိခဲ့သည့်အတွက် လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေပြီး လျှပ်စစ်မီးပြတ်တောက်မှုများလည်းဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : Sai Sat**

# ဂရိနိုင်ငံ ဗိုလော့စ်မြို့၏ ခရီးသွားဆိပ်ကမ်းတွင် ငါးအကောင်ရေပေါင်းသောင်းချီ သေဆုံးမှုဖြစ်ပေါ်

**အေသင် ဩဂုတ် ၃၀**

ဂရိနိုင်ငံ၌ ၂၀၂၂ ခုနှစ်က ဖြစ်ပေါ်ခဲ့သည့် ရေကြီးမှုများကြောင့် ယခုအခါ ရေချိုနေရာများ ပျောက်ဆုံးမှုသည် နိုင်ငံအလယ်ပိုင်းရှိ ခရီးသွားမြို့ဖြစ်သော ဗိုလော့စ်မြို့၏ ခရီးသွားဆိပ်ကမ်းတွင် ငါးအကောင်ရေပေါင်းသောင်းချီသေဆုံးမှု ဖြစ်ပေါ်စေကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်ဟု ဩဂုတ် ၂၉ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဆိပ်ကမ်းမြို့တွင် မျောနေသော ငါးအသေကောင်များသည် ဆိပ်ကမ်းတစ်လျှောက်၌ ငွေရောင်စောင်တစ်ထည် လွှမ်းခြုံထားသကဲ့သို့ ဖြစ်နေပြီး ငါးအသေကောင်များမှထွက်သော အနံ့အသက်ဆိုးများကြောင့် အနီးနားရှိ စားသောက်ဆိုင်များနှင့် ဟိုတယ်များအပါအဝင် လူနေအိမ်များတွင် လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်နေကြောင်း ဒေသခံများက ပြောကြားထားသည်။

"ရေချိုမှာ ရှင်သန်ကျက်စားတဲ့ ငါးတွေဟာ ရေချိုနေရာတွေပျောက်ဆုံးကုန်တာကြောင့် ပင်လယ်ရေ ငန်ကို ရွှေ့ပြောင်းကျက်စားရာက နေ အခုလို ငါးအကောင်ရေပေါင်းသောင်းချီသေဆုံးမှုဖြစ်လာရတာပါ။ ရေချိုငါးတွေဟာ ရေငန်ထဲမှာ မရှင်သန်နိုင်ပါဘူး။ ရေချိုမြစ်ချောင်းတွေထဲမှာ ကျက်စားတဲ့ငါးတွေ အခုလိုမသေရအောင် ရေချိုမြစ်တွေရဲ့မြစ်ဝတွေမှာ အကာအကွယ်ပိုက်ကွန်တွေ ထားပေးဖို့ လိုပါတယ်" ဟု ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။



ငါးများသေဆုံးကာ ယခုကဲ့သို့ ဆိပ်ကမ်းတွင် စုပြုံနေမှုသည် ဩဂုတ် ၂၈ရက်ကတည်းက ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါငါးအသေများကို ဆယ်ယူမှုများပြုလုပ်ခဲ့ရာ ၂၄ နာရီအတွင်း တန်ချိန်ပေါင်း ၄၀ ကျော်သယ်ယူပြီးခဲ့သည့်တိုင် ငါးအသေများ မကုန်သေးကြောင်း အာဏာပိုင်များ၏ ပြောကြားချက်အရ သိရသည်။

**Ref : Sputnik News**

**Trs : KZ**

# စွမ်းအင်ကဏ္ဍမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးကို အရှိန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်စွမ်းအင်ဆိုင်ရာဥပဒေပြုအဖွဲ့အစည်း ထုတ်ပြန်

**ပေကျင်း ဩဂုတ် ၃၀**

တရုတ်နိုင်ငံသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ စွမ်းအင်ကဏ္ဍမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးဥပဒေများကို ပြန်လည်ပြင်ဆင်ကာ စွမ်းအင်ကဏ္ဍမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးကို အရှိန်မြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စွမ်းအင်ဆိုင်ရာ ဥပဒေပြုအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တရုတ်နိုင်ငံအနေဖြင့် သန့်ရှင်းသော စွမ်းအင်ကဏ္ဍကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေနှင့်မူဝါဒများကို ပြန်လည်ပြင်ဆင်ရေးဆွဲသွားမည်ဖြစ်သကဲ့သို့ ပြုပြင်ပြောင်းလဲမှုများလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း စွမ်းအင်ဆိုင်ရာ ဥပဒေပြုအဖွဲ့အစည်းဖြစ်သည့် National Energy Administration ၏ ဥက္ကဋ္ဌဖြစ်သူ ကျန်းဂျီအန်ဟွာက ပြောကြားခဲ့သည်။

ဈေးကွက်အတွင်း သန့်ရှင်းသည့်စွမ်းအင်များကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးနိုင်ရေးအတွက် အရှိန်မြှင့်တင် ဆောင်ရွက်သွားနိုင်ရေး၊ ဈေးကွက်အတွင်း ရုပ်ကြွင်းလောင်စာနေရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍဖြင့် အစားထိုးဖြန့်ချိနိုင်ရေးအတွက် လိုအပ်သော ပြုပြင်ပြောင်းလဲမှုအားလုံးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျန်းဂျီအန်ဟွာက ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်အတွင်းကလည်း သန့်ရှင်းသော စွမ်းအင်ကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် အမေရိကန်ဒေါ်လာ ၆၇၆ ဘီလီယံထိ သုံးစွဲထားပြီး ၂၀၂၄ ခုနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုကို ပို၍တိုးမြှင့်သွားမည်ဖြစ်ကြောင်း ကျန်းဂျီအန်ဟွာက ပြောကြားခဲ့သည်။

**Ref : Xinhua News**

**Trs : Sai Sat**

# ဘိုလီးဗီးယားနိုင်ငံ၌ တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံတောင်သူများ နေရပ်စွန့်ခွာနေရ

**လာပါ့ဇ် ဩဂုတ် ၃၀**

ဘိုလီးဗီးယားနိုင်ငံ ဆန်တာခရုဇ်နယ်မြေတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး တောမီးသည် စိုက်ခင်းများသို့ ကူးစက်လောင်ကျွမ်းကာ ကောက်ပဲသီးနှံစိုက်ခင်းများ ပျက်စီးနေသကဲ့သို့ ဒေသခံတောင်သူများလည်း နေရပ်ကို စွန့်ခွာနေရကြောင်း ဘိုလီးဗီးယား အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးသည် လူနေအိမ်ခြေများဆီသို့လည်း ကူးစက်လာသည့်အတွက် ဒေသခံများမှာ အသက်အန္တရာယ်မှ လွတ်မြောက်နိုင်ရေးအတွက် ဘေးလွတ်ရာရွှေ့ပြောင်းနေကြရကြောင်း၊ တချို့မှာ မော်တော်ယာဉ်များဖြင့် ဘေးလွတ်ရာရွှေ့ပြောင်းနေကြရပြီး တချို့မှာ အိမ်မွေးတိရစ္ဆာန်များဖြင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ကြရကြောင်း သိရသည်။

"တောမီးလောင်ကျွမ်းမှုဟာ ထိန်းချုပ်ရခက်တဲ့အဆင့်ကိုရောက်ရှိနေတဲ့အတွက် ဒေသခံတောင်တော်တော်များများ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတယ်။ အများစုက တောင်သူတွေ ဖြစ်တဲ့အတွက်ကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူတွေဟာ တောင်သူတွေများနေတာဖြစ်ပါတယ်"ဟု ဆန်တာခရုဇ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဘိုလီးဗီးယားနိုင်ငံတွင် ယခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှု အကြိမ်ကြိမ် ဖြစ်ပွားလျက်ရှိပြီး တောမီး လောင်ကျွမ်းမှုကြောင့်လည်း သစ်တောမြေနှင့် စိုက်ပျိုးမြေဧက သုံးသန်းထိ ပျက်စီးသွားခဲ့ပြီဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုမှာ အဆိုးရွားဆုံးသော တောမီးလောင်ကျွမ်းမှုအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်များက တောမီးကို အမြန်ဆုံးငြိမ်းသတ်နိုင်ရေး ကြိုးစားလျက်ရှိကြောင်း သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

# ဂျပန်နိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်း ရှန်ရှန် ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် အထူး တိုင်ဖွန်းမုန်တိုင်းသတိပေးချက် ထုတ်ပြန်

**တိုကျို ဩဂုတ် ၃၀**

ဂျပန်နိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်း ရှန်ရှန် ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် နိုင်ငံ၏နေရာအနှံ့အပြား၌ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေကြီးမှုနှင့် မြေပြိုမှုများအတွက် တာဝန်ရှိသူများက အထူးတိုင်ဖွန်းမုန်တိုင်းသတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

တိုင်ဖွန်းမုန်တိုင်း ရှန်ရှန်သည် ဂျပန်နိုင်ငံ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီး ဂျပန်အစိုးရက ၎င်းမုန်တိုင်းသည် ယခုနှစ်မုန်တိုင်းရာသီတွင် အပြင်းထန်ဆုံးမုန်တိုင်းများထဲမှ တစ်ခုဖြစ်ကြောင်းကြေညာကာ အထူးတိုင်ဖွန်းမုန်တိုင်းသတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း၊ မုန်တိုင်းကြောင့် ကျောင်းများ၊ ဈေးများကို ပိတ်ထားရသည့်အပြင် ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် လမ်းပန်းဆက်သွယ်ရေးများတွင် အခက်အခဲများဖြစ်ပေါ်နေကြောင်း၊ ယခုအချိန်ထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးရေချိန် လက်မ ၃၀ ထိရောက်ရှိခဲ့သော်လည်း မိုးရွာသွန်းမှုသည် မရပ်သေးကြောင်း နိုင်ငံပိုင် မိုးလေဝသဌာနက ထုတ်ပြန်ထားသည်။

"မုန်တိုင်းက ပြင်းထန်ပြီး ရွေ့လျားမှုနှေးကွေးတာ အလွန်အန္တရာယ်ရှိပါတယ်။ မုန်တိုင်းရဲ့နောက်ဆက်တွဲ မိုးသည်းထန်စွာရွာသွန်းမှုက ပြည်သူတွေရဲ့ အသက်အန္တရာယ်ကို ခြိမ်းခြောက်တဲ့ ရေလွှမ်းမိုးမှု၊ မြေပြိုမှု၊ ရွှံ့မြေပြိုမှုတွေကိုဖြစ်စေပြီး လမ်းပန်းဆက်သွယ်ရေး နှောင့်နှေးမှုတွေလဲ ဖြစ်ပေါ်နေပါတယ်"ဟု တာဝန်ရှိသူများက ပြောကြားသည်။

ကျူရှူကျွန်းတွင် နေထိုင်သူများ၏ လေးပုံတစ်ပုံကျော်သည် မုန်တိုင်းတိုက်ခတ်ပြီးနောက် လျှပ်စစ်မီးပြတ်တောက်မှုနှင့် ရင်ဆိုင်နေရကြောင်း ကျူရှူ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံးမှ သိရသည်။

မုန်တိုင်းကြောင့် ကျူရှူကျွန်းတွင်နေထိုင်သူ အနည်းဆုံး လူဦးရေ ၈၀ ဒဏ်ရာရခဲ့ပြီး ကမ်းရိုးတန်းမြို့ မီရာဇာကီတွင်လည်း အဆောက်အအုံ ၂၀၀ ခန့် ပျက်စီးပြိုကျခဲ့ပြီး ဒဏ်ရာရရှိသူ ၂၅ ဦးရှိကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

**Ref : Sputnik News**

**Trs : KZ**

# တနင်္ဂနွေည ကစားမဲ့ပွဲမှာ တိုက်စစ်ပိုင်းထက်မြက်နေတဲ့ လီဗာပူး၊ ဂျီနိုအာ၊ ဆဲလ်တာဗီဂိုအသင်းတို့ကို ရွေးချယ်ရမှာပါ

M L




တနင်္ဂနွေည အမှတ်ပေးပွဲတွေကလဲ အသင်းကြီးတွေ တွေ့ဆုံမှုရှိနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပွဲစဉ်တွေကို အားပေးရအုံးမှာဖြစ်ပါတယ်။ လက်ရှိအမှတ်ပေးပွဲတွေဟာ ရာသီအစဆိုပေမဲ့ ဘွန်ဒက်လီဂါကလွဲရင် ကျန်ပြိုင်ပွဲတွေက ပွဲစဉ်(၃) ထိရောက်လာတာကြောင့် အသင်းတွေရဲ့ ကစားပုံနဲ့ အခင်းအကျင်းကို တွက်ဆလို့ရလာတာဖြစ်လို့ ပုံမှန်ခြေစွမ်းမရသေးတဲ့ အသင်းတွေနဲ့ဆို အိမ်ကွင်းအားသာချက်ရှိတဲ့ အသင်းကိုပဲ ဦးစားပေးချဉ်းကပ်ရတာဖြစ်ပါတယ်။ လာမဲ့ပွဲမှာလဲ ဒဏ်ရာရပွဲပယ်ကစားသမားနည်းပြီး အိမ်ကွင်းအားသာချက်နဲ့ တိုက်စစ်ပိုင်းထက်မြက်နေတဲ့ အသင်းတွေကိုသာ ရွေးချယ်သွားရမှာဖြစ်ပါတယ်။

**လီဗာပူးအသင်းကိုအားပေးရမှာပါ**

ပရီးမီးယားလိဂ်ပွဲစဉ်(၃) မှာ အကြိုက်တွေ့မိတာကတော့ မန်ယူအသင်းနဲ့ လီဗာပူးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ မန်ယူနဲ့ လီဗာပူးအသင်းတို့ဟာ ပရီးမီးယားလိဂ်မှာ အစဉ်အလာရ ပြိုင်ဘက်ကောင်းတွေဖြစ်တာကြောင့် ထိပ်တိုက်တွေ့ဆုံမှုမှာ အမြဲတမ်းအကြိတ်အနယ်ရှိခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိမန်ယူအသင်းဟာ ပရီးမီးယားလိဂ်နှစ်ပွဲကစားအပြီး တစ်ပွဲနိုင်၊ တစ်ပွဲရှုံးရလဒ်နဲ့ အဆင့်(၁၁) မှာရောက်ရှိခဲ့ပြီး ပွဲစဉ်(၂)မှာ ဘရိုက်တန်နဲ့ တွေ့ခဲ့ပေမဲ့ နာကျင်အချိန်ပိုမှာ ခံစစ်ကစားပုံကျဆင်းသွားတာကြောင့် နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးပွဲကြုံခဲ့တာဖြစ်ပါတယ်။ နည်းပြတန်ဟတ်အနေနဲ့ ပြီးခဲ့တဲ့ရာသီက အသင်းရဲ့ အားနည်းချက်တွေကို ပြင်ဆင်ဖို့ ခံစစ်ပိုင်းမှာ ယိုရို၊ မာဇရာဝီ နဲ့ ဒီလိုက်တို့ကို ခေါ်ယူခဲ့ပေမဲ့ လက်ရှိချိန်ထိ ခံစစ်ကစားပုံတည်ငြိမ်မှု မရှိသေးသလို ခံစစ်ပိုင်းက ယိုရို၊ လင်ဒီလော့၊ လုခ်ရှော၊ မာလာစီယာတို့လဲ ဒဏ်ရာကြောင့် အနားယူနေရတာကို သတိပြုရမှာပါ။ နည်းပြတန်ဟတ်ဟာ ရာသီကြိုခြေစမ်းပွဲမှာ ကစားသမားအားလုံး အလှည့်ကျအသုံးပြုပြီး ပြင်ဆင်မှုတွေလုပ်ခဲ့ပေမဲ့ကစားကွက်နဲ့ နည်းစနစ်ပိုင်း တိုးတက်မှုမရှိဘဲ ခြေစမ်းပွဲငါးပွဲမှာ နှစ်ပွဲသာအနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် နည်းပြအာနီစလော့ရဲ့ လီဗာပူးနဲ့ ကစားခဲ့တဲ့ ခြေစမ်းပွဲမှာလဲ သုံးဂိုးပြတ်ထိရှုံးထားတာကြောင့်လဲ မန်ယူအနေနဲ့ အိမ်ကွင်းမှာ ရှုန်းကန်ရဖို့များပါတယ်။

လီဗာပူးအသင်းဟာ နည်းပြအာနီစလော့လက်ထက်မှာ ခံစစ်ကစားပုံတိုးတက်လာခဲ့သလို တိုက်စစ်ပိုင်းကလဲ အချိတ်အဆက်မိခဲ့တာကြောင့် ဂိုးရဖို့လွယ်ကူနေတာကို တွေ့ရမှာပါ။ သူတို့အသင်းအနေနဲ့ လက်ရှိအပြောင်းအရွှေ့မှာလဲ အဓိက ကစားသမားတွေကို ဆက်ထိန်းခဲ့ပြီး လူငယ်ကစားသမားတွေကိုသာ ရောင်းချခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် ဂျူဗင်တပ်တိုက်စစ်မှူး ချီဆာ၊ ဗလင်စီယာ ဂိုးသမား မာမာဒက်ဗီလီတို့ကို ခေါ်ယူအားဖြည့်ခဲ့တာကြောင့် တိုက်စစ်ပိုင်းစုဖွဲ့မှုကောင်းနေတာကို တွေ့ရမှာပါ။ လီဗာပူးဟာ အာနီစလော့လက်ထက် ရာသီကြိုခြေစမ်းပွဲတွေမှာလဲ ရှုံးပွဲမရှိခဲ့သလို ပရီးမီးယားလိဂ် နှစ်ပွဲမှာလဲ အစ်ဗ့စ်ကို နှစ်ဂိုးပြတ်၊ ဘရန့်ဖို့ဒ်ကို နှစ်ဂိုးပြတ်နဲ့ ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ အာနီစလော့ကတော့ ၄-၂-၃-၁ ကစားကွက်နဲ့ အထိုင်ချကစားနေပြီး ဂျိုတာ၊ ဆာလာဟ်၊ ဒီယက်ဇ်၊ ဆိုဘော့ဇလိုင်တို့ကို တိုက်စစ်မှာ တွဲဖက်ပေးထားတာကြောင့် ပြိုင်ဘက်ကို ဂိုးရဖို့လွယ်ကူခဲ့ပြီး ဆာလာဟ်က အနေနဲ့ နှစ်ပွဲကစား နှစ်ဂိုးသွင်း၊ တစ်ကြိမ်ဂိုးဖန်တီးမှုပြုလုပ်ပေးနိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုတွေမှာ နည်းပြဖာဂူဆန် နောက်ပိုင်း ၂၀၁၆ ခုနှစ်ကစလို့ မန်ယူအသင်းက လီဗာပူးအသင်းနဲ့တွေ့ဆုံတိုင်း အသာရခဲ့ခြင်းမရှိဘဲ ရှုန်းကန်နေရတာကြောင့် အခုပွဲမှာလဲ အသင်းလိုက်ကစားအားကောင်းနေတဲ့ အဝေးကွင်းက လီဗာပူးကိုပဲ အားပေးရမှာပါ။

**မန်ယူအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မန်ယူ | ၃ | - | ၂ | ဘက်တစ် |
| မန်ယူ | ၀ | - | ၃ | လီဗာပူး |
| မန်စီးတီး | ၁ | - | ၁ | မန်ယူ |
| မန်ယူ | ၁ | - | ၀ | ဖူလ်ဟမ် |
| ဘရိုက်တန် | ၂ | - | ၁ | မန်ယူ |

**လီဗာပူးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မန်ယူ | ၀ | - | ၃ | လီဗာပူး |
| လီဗာပူး | ၄ | - | ၁ | ဆီဗီလာ |
| လီဗာပူး | ၀ | - | ၀ | လက်ပါးမက် |
| အစ်ဗ့စ် | ၀ | - | ၂ | လီဗာပူး |
| လီဗာပူး | ၂ | - | ၀ | ဘရန့်ဖို့ဒ် |

**ဂျီနိုအာအသင်းနဲ့လက်တွဲရမှာပါ**

အီတလီစီးရီးအေပွဲစဉ်(၃) မှာ အကြိုက်တွေ့တာကတော့ ဂျီနိုအာနဲ့ ဗီရိုနာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဂျီနိုအာအသင်းဟာ ပြီးခဲ့တဲ့နှစ်တန်းတက်အသင်းတွေထဲမှာ ခြေစွမ်းပိုင်းထက်မြက်ခဲ့သလို ကစားသမားကောင်းတွေလဲ ပေါ်ထွက်ခဲ့တာကို တွေ့ရမှာပါ။ ဂျီနိုအာအသင်းဟာ နည်းပြဂယ်လာဒီနိုကြောင့် ကစားပုံတိုးတက်လာခဲ့သလို စီးရီးအေအဖွင့်ပွဲမှာ အင်တာမီလန်ကို နှစ်ဂိုးစီသရေ၊ ပွဲစဉ်(၂) မှာ မွန်ဇာလိုအိမ်ကွင်းကစားပုံမာကျောတဲ့ အသင်းကိုတစ်ဂိုး ဂိုးမရှိနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းနည်းပြကတော့ ၃-၅-၂ ကစားကွက်နဲ့သာ ပွဲထွက်လေ့ရှိပြီး ဒီကစားကွက်ဟာ အင်တာမီလန်လို အဘက်ဘက်က သာလွန်တဲ့ အသင်းကိုတောင် အပြန်အလှန်ဖိအားပေး ကစားနိုင်ခဲ့တာကြောင့် အခုပွဲစဉ်မှာလဲ ဗီရိုနာလိုအသင်းကို ဖိအားပေးနိုင်မှာသေချာပါတယ်။

ဗီရိုနာအသင်းဟာ စီးရီးအေအဖွင့်ပွဲစဉ်မှာ နာပိုလီကို သုံးပြတ်အနိုင်ရခဲ့တာကြောင့် ကစားပုံတိုးတက်လာတယ်လို့ ထင်ရပေမဲ့ ပြီးခဲ့တဲ့ပွဲမှာ ဂျူဗင်တပ်ကို အိမ်ကွင်းမှာ သုံးဂိုးပြတ်ရှုံးခဲ့တာကို တွေ့ရမှာပါ။ နည်းပြ ဇန်နက်တီကတော့ ၃-၄-၂-၁ ကစားကွက်နဲ့ ပွဲထွက်နေပြီး ပြိုင်ဘက်ကို ဖိအားပေးဖို့ ကြိုးစားခဲ့ပေမဲ့ အသင်းတိုက်စစ်မှာ ထိပ်တန်းအဆင့် ကစားသမားမရှိတာကြောင့် ပုံမှန်ဂိုးရဖို့ ခက်ခဲနေသလို တိုက်စစ်ကစားပုံကောင်းတဲ့ အသင်းတွေနဲ့ဆိုရင်လဲ ပေးဂိုးများနေတာကို တွေ့ရ မှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံ ငါးပွဲမှာလဲ ခံစစ်ပိုင်းက ပေးဂိုး ကိုးဂိုးထိရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိ ဂျီနိုအာအသင်းကတော့ နောက်ဆုံးအိမ်ကွင်းခြောက်ပွဲဆက် ရှုံးပွဲမရှိသေးဘဲ ဗီရိုနာအသင်းနဲ့တွေ့ဆုံခဲ့တဲ့ အိမ်ကွင်းပွဲစဉ်တွေမှာလဲ ရှုံးပွဲမရှိခဲ့ပါဘူး။ ဒါ့ကြောင့် အိမ်ကွင်းအားသာချက်နဲ့ကစားလာမဲ့ လတ်တလောအသင်းလိုက်ကစားပုံကောင်းနေတဲ့ ဂျီနိုအာအသင်းနဲ့ပဲ လက်တွဲရမှာပါ။

**ဂျီနိုအာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျီနိုအာ | ၃ | - | ၂ | မန်တိုဗာ |
| ဘရက်ရှား | ၂ | - | ၀ | ဂျီနိုအာ |
| ဂျီနိုအာ | ၁ | - | ၀ | ရက်ဂျီးနား |
| ဂျီနိုအာ | ၂ | - | ၂ | အင်တာမီလန် |
| မွန်ဇာ | ၀ | - | ၁ | ဂျီနိုအာ |

**ဗီရိုနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဗီရိုနာ | ၂ | - | ၂ | ဖရာပီဆာလို |
| ဗီရိုနာ | ၁ | - | ၀ | ထရီပိုလစ် |
| ဗီရိုနာ | ၁ | - | ၂ | စီဆီနာ |
| ဗီရိုနာ | ၃ | - | ၀ | နာပိုလီ |
| ဗီရိုနာ | ၀ | - | ၃ | ဂျူဗင်တပ် |

**ဆဲလ်တာဗီဂိုအသင်းကို ရွေးရမှာပါ**

လာလီဂါပွဲစဉ်(၄) မှာအကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ အိုဆာဆူနာအသင်းနဲ့ ဆဲလ်တာဗီဂိုအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အိုဆာဆူနာအသင်းဟာ အပြောင်းအရွှေ့ကာလမှာ ဘိုင်ယန်မြူးနစ်က တိုက်စစ်မှူး ဇာရာဂိုဇာကို ခေါ်ယူခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ရာသီကြိုပွဲစဉ်တွေမှာ ရလဒ်ပိုင်းမကောင်းခဲ့ပေမဲ့ အမှတ်ပေးပြိုင်ပွဲမှာတော့ အဖွင့်ပွဲမှာ အလာဗက်ကို ရှုံးခဲ့ပြီးနောက်ပိုင်း လီဂါနက်စ်ကို သရေ၊ မာယော့ကာကို တစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့လို့ အမှတ်ပေးဇယားအဆင့်(၇) မှာ ရောက်ရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ၂၀၁၈-၂၀၁၉ ဘောလုံးရာသီနောက်ပိုင်း လာလီဂါကို တန်းတက်ပြီးနောက်ပိုင်း ခြေရည်တူအသင်းတွေနဲ့ဆို ရမှတ်ရှာဖွေနိုင်ခဲ့လို့ အခုချိန်ထိ တန်းဆင်းခဲ့ရခြင်းမရှိသေးတာကို တွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းဟာ အိမ်ကွင်းပွဲတွေမှာတော့ ခံစစ်ပိုင်းပေးဂိုးများခဲ့တာကြောင့် ပြီးခဲ့တဲ့ရာသီမှာလဲ အိမ်ကွင်းဆိုးရွားတဲ့ အသင်းတွေမှာပါဝင်ခဲ့တာကို သတိပြုရမှာပါ။ ပြီးခဲ့တဲ့ အမှတ်ပေးပွဲသုံးပွဲမှာ အလာဗက်၊ လီဂါနက်စ်တို့လို ခြေရည်တူ အသင်းတွေကို ဂိုးပေးခဲ့ရတာကိုကြည့်ရင် အိုဆာဆူနာအသင်း ခံစစ်ပိုင်းတိုးတက်လာခြင်းမရှိတာကြောင့် အခုပွဲမှာ ဆဲလ်တာဗီဂိုလို တိုက်စစ်ကောင်းနေတဲ့ အသင်းကို ထိန်းချုပ်ဖို့ခက်မှာပါ။

ဆဲလ်တာဗီဂိုအသင်းဟာ နည်းပြဘင်နီတက်ဇ်ကို ထုတ်ပယ်ပြီးနောက်ပိုင်း နည်းပြသစ်လက်ထက်မှာ နူနက်ဇ်၊ အီဂယ်စီယာ၊ မိုရီဘာ၊ အလွန်ဆိုတို့လို ကစားသမားတွေကို ခေါ်ယူအားဖြည့်ခဲ့တာကို တွေ့ရမှာပါ။ ပြီးခဲ့တဲ့ဘောလုံးရာသီ နည်းပြဘင်နီတက်ဇ် လက်ထက်မှာ ကစားပုံကျဆင်းသွားတာကြောင့် တန်းမဆင်းရဖို့ ရုန်းကန်ခဲ့ရလို့ ဘင်နီတက်ဇ်ကို ထုတ်ပယ်ခဲ့ပြီး လူငယ်အသင်းနည်းပြ ဂီရယ်ဒက်ဇ်နဲ့ အစားထိုးခဲ့တာဖြစ်ပါတယ်။ နည်းပြသစ်အနေနဲ့ အသင်းက အဓိက ကစားသမားတွေကို ထိန်းသိမ်းခဲ့ပြီး ရာသီကြိုခြေစမ်းပွဲတွေမှာ ကစားပုံပြောင်းလဲနိုင်ခဲ့တာကြောင့် ခြေစမ်းပွဲခြောက်ပွဲမှာ တစ်ပွဲသာရှုံးခဲ့ပြီး တိုက်စစ်ပိုင်းက ပွဲတိုင်းဂိုးရခဲ့တာကို တွေ့ရမှာပါ။ အမှတ်ပေးပွဲမှာလဲ အဖွင့်ပွဲမှာ အလာဗက်ကို နှစ်ဂိုးတစ်ဂိုး ၊ ပွဲစဉ်(၂) မှာ ဗလင်စီယာကို သုံးဂိုးတစ်ဂိုး နဲ့အနိုင်ရခဲ့ပြီး ပွဲစဉ်(၃) မှာတော့ ဗီလာရီးရဲလ်ကို အဝေးကွင်းမှာ လေးဂိုးသုံးဂိုးနဲ့ ရှုံးခဲ့တာဖြစ်ပါတယ်။ အဲ့ဒီပွဲတွေမှာ သူတို့အသင်းတိုက်စစ်က သွင်းဂိုးရှစ်ဂိုးထိသွင်းယူနိုင်ခဲ့တာကို ကြည့်ရင် ဆဲလ်တာဗီဂို တိုက်စစ်ပိုင်းကောင်းလာတာကို တွေ့ရမှာပါ။ ဗီလာရီးရဲလ်နဲ့ပွဲက ကစားပုံကိုကြည့်ရင် အသင်းအနေနဲ့ ပြိုင်ဘက်ကိုပွဲချိန်ပြည့်ဖိအားပေးပြီး အပြန်အလှန်ဂိုးတွေသွင်းယူခဲ့ပေမဲ့ ခံစစ်ကအနည်းငယ်လိုအပ်ချက်ရှိနေလို့ ရှုံးခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် နည်းပြသစ်အနေနဲ့ အခုပွဲမှာ ခံစစ်ပိုင်း အနည်းငယ်ပြင်ဆင်နိုင်ခဲ့မယ်ဆိုရင်တော့ အိုဆာဆူနာလို အိမ်ကွင်းကစားပုံတည်ငြိမ်မှုမရှိတဲ့အသင်းကို ဖိအားပေးနိုင်မှာဖြစ်လို့ ဆဲလ်တာဗီဂို ကိုပဲရွေးရမှာပါ။

**အိုဆာဆူနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆိုစီဒက် | ၁ | - | ၂ | အိုဆာဆူနာ |
| ဘီလ်ဘာအို | ၂ | - | ၁ | အိုဆာဆူနာ |
| အိုဆာဆူနာ | ၁ | - | ၂ | အလာဗက် |
| အိုဆာဆူနာ | ၁ | - | ၁ | လီဂါနက်စ် |
| အိုဆာဆူနာ | ၁ | - | ၀ | မာယော့ကာ |

**ဆဲလ်တာဗီဂိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လူတန် | ၁ | - | ၃ | ဆဲလ်တာဗီဂို |
| ဝက်စ်ဟမ်း | ၂ | - | ၂ | ဆဲလ်တာဗီဂို |
| ဆဲလ်တာဗီဂို | ၂ | - | ၁ | အလာဗက် |
| ဆဲလ်တာဗီဂို | ၃ | - | ၁ | ဗလင်စီယာ |
| ဗီလာရီးရဲလ် | ၄ | - | ၃ | ဆဲလ်တာဗီဂို |

**ဝမ်းနည်းကြေကွဲခြင်း**
**ဗိုလ်ကြီးစိန်ဝင်း(ငြိမ်း) ဗနတ**
**အသက်(၉၅)နှစ်**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ စစ်ကိုင်း(၃)လမ်းနေ (ဦးစိန်ဖေ+ဒေါ်ခင်ခင်)တို့၏သား၊ ဗိုလ်ချုပ်ဇော်ဝင်း(ငြိမ်း)၏ချစ်လှစွာသောဖခင် ဗိုလ်ကြီးစိန်ဝင်း(ငြိမ်း)အသက်(၉၅)နှစ်သည် ၂၈-၈-၂၀၂၄ ရက်(ဗုဒ္ဓဟူးနေ့) ည ၁၁ နာရီ ၄၀ မိနစ်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ

**သစ်ပင်စိုက်မှ**
**အရိပ်ရ၏ ရိပ်ခိုနားနေ**
**အပန်းဖြေ၏**

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**ဗလငါးတန်ဖွံ့ဖြိုးဖို့**
**စာအုပ်စာပေ ဖတ်ကြစို့**

# ရေဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြု လိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊

(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့)မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊

(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊

(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ၊

(စ) သက်ဆိုင်ရာ အစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်းမဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

(ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊

(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇- ၃၄၀၄၇၇၇ တို့သို့ဆက်သွယ်၍ အကူညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာထားသည်။

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဘဲဥအလုံးရေ ၇၀၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဩဂုတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဘဲဥအလုံးရေ ၇၀၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် မွေးမြူရေးထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှလှရီက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဘဲဥအလုံးရေ ၄၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ ဘဲဥအလုံးရေ ၇၀၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်က ထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချတာပါ။ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ဘဲဥအလုံးရေ ၇၀၀၀၀၀ ထိတင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဩဂုတ်လထဲမှာလဲ ဘဲဥတွေက အရောင်းအဝယ် ကောင်းနေပါတယ်။ လက်ရှိ ဘဲဥအရောင်းအဝယ်ကောင်းခြင်းမှာ ဥစားဘဲမွေးမြူတဲ့သူတွေ လျော့နည်းလာတာကြောင့်ဖြစ်ပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် မွေးမြူရေးထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှလှရီက ပြောပြသည်။



မော်လမြိုင်ကျွန်းမြို့နယ်တွင် ဥစားဘဲမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများသည် မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးလျှင် ဘဲအကောင်ရေ ၁၀၀၀ မှ ၂၅၀၀ ထိမွေးမြူကြကြောင်း၊ အဆိုပါဒေသထွက် ဘဲဥများကိုစနစ်တကျသန့်စင်ပြီး ကတ်များဖြင့်ထည့်ကာ ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချကြောင်းနှင့် ဥစားဘဲကို မွေးမြူပါက အကောင်ရေ ၁၀၀၀ မွေးမြူလျှင် ဘဲအကောင်ရေ ၁၀၀၀ ၏ တန်ဖိုးအပါအဝင် အထွေထွေကုန်ကျစရိတ်ငွေကျပ် ၁၈ သိန်းမှ ၂၅ သိန်းထိကုန်ကျကြောင်း သိရသည်။

ကျော်ကျော်လင်း

# အုတ်ဖိုမြို့နယ် ဆတ်ပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်ဖို ဩဂုတ် ၃၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တယ်ပင်ရိုးကျေးရွာအုပ်စု ဆတ်ပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာဇာစိုးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားပြီး ဆတ်ပုတ်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၆ သန်း လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဆတ်ပုတ်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၁ ဦးကို ငွေကျပ် ၅၀ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၅ သန်းနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် သုည ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသား ၁၀၈ ဦးကို ရန်ပုံငွေကျပ် ၅၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သုတ







## အများသိစေရန်ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက် (၂၆၁)၊ ဦးပိုင်အမှတ် (၇-င) နှင့် ဦးပိုင်အမှတ် (၈-ဃ)၊ မြေရိယာ(၁)ဧကခန့်သည် ဦးစိုး (AE-၁၃၄၇၉၀) ပိုင်ဆိုင်သောမြေကွက်ဖြစ်ပါသည်။ ဦးစိုးသည် (၅-၁-၁၉၈၈) က ကွယ်လွန်ခဲ့ပြီးဖြစ်ပါသည်။ ကွယ်လွန်ပြီးနောက်တွင် ဒေါ်ရင်ရင်မေ (၉/မနတ(နိုင်)၀၅၄၁၉၉) သမီးတစ်ဦး ကျန်ရှိခဲ့ပါသည်။ ကျန်ရှိအမွေပစ္စည်းပိုင်ဆိုင်သူ ဒေါ်ရင်ရင်မေ အနေဖြင့်လည်း အထက်ပါမြေကွက်အား မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပေးကမ်း၊ လှူဒါန်း၊ ရောင်းချထားခြင်းမရှိပါကြောင်းနှင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ရင်ရင်မေ

(၉/မနတ(နိုင်)၀၅၄၁၉၉)

09-250108805 , 09-776526100

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အထက(၄)၊ Grade-11(A) တွင် ပညာသင်ကြားနေသော မအင်ကြင်းဖြူ ၏ဖခင်အမည်မှန်မှာ ဦးမင်းမင်းသန်း (ခ) ဦးမင်းမင်းသန့် သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမင်းမင်းသန်း (ခ) ဦးမင်းမင်းသန့် (၉/မနတ(နိုင်)၀၀၅၁၀၈)

## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အထက(မြစ်ငယ်)၊ Grade-9 တွင် ပညာသင်ကြားနေသော မောင်မင်းထိုက် ၏မိဘအမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးမင်းလွင်- ဒေါ်နန်းခမ်းဆွေ ဖြစ်ပါကြောင်း။

ဦးမင်းလွင် (၉/မခန(နိုင်)၁၅၉၇၉၈)

ဒေါ်နန်းခမ်းဆွေ(၁၃/လရန(နိုင်)၁၃၈၆၇၁)

## ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်၊ ဝါးရုံကျေးရွာနေ ဦးအောင်မြင့်မိုး (ဘ) ဦးကျော်ငြိမ်း (၅/ယမပ(နိုင်)၀၅၈၅၅၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (M-058558)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉- ၄၂၀၇၀၄၅၇၂

## ပျောက်ဆုံးကြောင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တတ-၅၄/၁၈၊ (ခ)ရပ်ကွက်နေ ဒေါ်မျိုးမင်းမင်းမြတ် (ဘ) ဦးကံကြွယ် (၈/တတက(နိုင်)၁၆၁၉၈၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (M-047465)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၀၂၄၀၄၁၉

## ပျောက်ဆုံးကြောင်း

ကျောက်ပန်းတောင်းမြို့နယ်၊ နှစ်ကျပ်ခွဲကျေးရွာနေ ဦးကျော်ဆန်းဦး (ဘ) ဦးပေါ်ဦး (၉/ကပတ(နိုင်)၁၉၇၄၇၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၈၆၆၂၈၆၂၈

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက် ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။




အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

❖ တိုင်းပြည်တစ်ခု ဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်ပေါ်များခြင်းပင်ဖြစ်...

❖ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များနှင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ကြိုးပမ်းလျက်ရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ပြုလုပ်သော (၂၃)ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံသုတေသနညီလာခံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန်လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# AYA Pay Futsal Championship 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား



AYA Pay Futsal Championship 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစားစဉ်။

ရန်ကုန် ဩဂုတ် ၃၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် AYA Pay Futsal Championship 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှ စတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။


AYA Pay Futsal Championship 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့နံနက် ၉ နာရီတွင် Winner Soccer အသင်းနှင့် KKY FC အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ Winner Soccer အသင်းက သုံးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၀ နာရီခွဲတွင် 7 Brother FC အသင်းနှင့် Yankin Brotherhood အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ 7 Brother FC အသင်းက ငါးဂိုး သုံးဂိုးဖြင့်လည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် MIU FC အသင်းနှင့် Shwe Pyi Thar United အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ MIU FC အသင်းက ၂၁ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့သည်။

စာမျက်နှာ ၁၉ ကော်လံ ၁ ❖

## အားကောင်းသော လေဖိအားနည်းရပ်ဝန်း နောက် ၄၈ နာရီအတွင်း မုန်တိုင်းငယ်အဖြစ် ပိုမိုအားကောင်းလာနိုင်

နေပြည်တော် ဩဂုတ် ၃၀

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းလွန်နှင့် ဩရိဿတောင်ပိုင်းကမ်းလွန်)တို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၄၈ နာရီအတွင်း အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းခြေနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿတောင်ပိုင်းကမ်းခြေအနီးတို့တွင် မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)



မြန်မာတိုင်းရင်းသားတို့၏ ရိုးရာဝတ်စုံများကို မူပိုင်ခွင့်သတ်မှတ်ရန်နှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာဥပဒေများ သတ်မှတ်နိုင်ရေး ဆောင်ရွက်မည် စာမျက်နှာ- ၁၁

မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ငွေကျပ်သိန်း ၅၅၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ စာမျက်နှာ- ၂၂

## ထူးခြားသည့် နေ့အပူချိန်များ (၃၀-၈-၂၀၂၄)

| | | | |
|---|---|---|---|
| မချမ်းဘော | ၃၆ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် | တံတားဦး | ၃၅ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၃၆ ဒသမ ၁ ဒီဂရီဆဲလ်စီးယပ် | မကွေး | ၃၅ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ် |
| ခန္တီး | ၃၆ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် | မုံရွာ | ၃၅ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| ကလေးဝ | ၃၅ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ် | စစ်ကိုင်း | ၃၅ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| ရေဦး | ၃၅ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် | ဆင်ဖြူကျွန်း | ၃၅ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၅ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် | မန္တလေး | ၃၄ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ် |

OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la





Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar